# ပညတ်တော်ဆယ်ပါး

အသင်းတော်တွင်းကန့်သတ်

## မာတိကာ

၁။ အဏ္ဏရာယ်ရှိသောအချစ် ------------------- ၁၄
(ပထမပညတ်ချက်)
၂။ ဘုရားအငယ်များ----------------------- ၂၉
(ဒုတိယပညတ်ချက်)
၃။ လေးမြတ်ဖွယ်နာမတော် ------------------ ၄၀
(တတိယပညတ်ချက်)
၄။ ငြိမ်ဝပ်ခြင်းချမ်းသာကိုတွေ့ရှိခြင်း ------------- ၄၉
(စတုတ္ထပညတ်ချက်)
၅။ မိဘများနှင့်သားသမီးများ ----------------- ၆၆
(ပဥ္စမပညတ်ချက်)
၆။ ထိန်းချုပ်ခြင်း ------------------------ ၈၁
(ဆဋ္ဌမပညတ်ချက်)
၇။ ခွဲခွာလို့မရသောလူ --------------------- ၉၄
(သတ္တမပညတ်ချက်)
၈။ အကျိုးမရှိသည့်တစ်စုံတစ်ခုသောအရာ ---------- ၁၁၁
(အဋ္ဌမပညတ်ချက်)
၉။ အသက်ထက်မြတ်သောတရား ---------------- ၁၂၄
(နဝမပညတ်ချက်)
၁၀။ လွဲမှားသောတွယ်တာမှု ------------------- ၁၃၆
(ဒသမပညတ်ချက်)

---***---

# ဖိတ်ခေါ်ခြင်းနှင့်ကတိတော်

ဤကမ္ဘာ၏မျက်နှာကိုဘယ်လိုပုံဖော်ချင်ပါသလဲ။ အခြေအနေက ပြုံးနေသော၊ (သို့မဟုတ်) ပူပန်နေသော၊ (သို့မဟုတ်) ကြောက်ရွံ့နေသော၊(သို့မဟုတ်)မတော်ဒေါသထွက်နေသောမျက်နှာတစ်ခုကဲ့သို့ပင်မြင်နေရမည်လား။ အတိအကျကိုမည်သူမျှမပြောနိုင်ကြ။

နံရံချင်းကပ်နေသောသစ်သားတန်းလျားအိမ်တွင်နေထိုင်သည့်မိတ်ဆွေများထံသို့ အလည်အပတ်ရောက်ခဲ့စဉ်ကဖြစ်သည်။ မျက်မှောက်ကမ္ဘာ့အခြေအနေများအကြောင်းပြောနေကြစဉ်မှာပင် တစ်ဖက်ခန်းမှတံခါးမကြီးမှာ ဝုန်းကနဲမြည်ကာ မိန်းမကိုအော်ဟစ်ဆဲဆိုနေသောယောကျ်ားတစ်ယောက်၏အသံကိုလည်းကြားလိုက်ရသည်။ မူးရမ်းသည့်အသံမှာ ပို၍ပို၍ကျယ်လောင်လာသည်။ တောင်းဆိုမှုကိုချက်ချင်းမဖြည့်စွမ်းနိုင်သောကြောင့် ယောကျ်ား၏အားဖြင့် မိန်းမကိုရိုက်ပုတ်သည်။ "ငါ့ကိုလေးစားအောင်ပညာပေးရမယ်" ဟုလည်းဆိုသေး၏။ ထိုအခိုက်မှာ "မေမေ့ကိုမရိုက်ပါနဲ့၊ မလုပ်ပါနဲ့အဖေရယ်" ဟုအော်ဟစ်တောင်းပန်နေသောကောင်လေးငယ်တစ်ယောက်၏အသံကိုလည်းကြားလိုက်ရပါသည်။

ယခုသင်နေထိုင်သောပတ်ဝန်းကျင်က အေးဆေးငြိမ်သက်၍သာယာကောင်းသာယာနေပေလိမ့်မည်။ သို့အတွက်ကြောင့် ကမ္ဘာကြီး၏မျက်နှာကို ပြည့်ပြည့်ဝဝပြုံးနေသည်ဟု ပုံဖော်နိုင်မည်လား။ သင်ယခုဤစာဖတ်နေသောအချိန်မှာပင် ကမ္ဘာပေါ်ရှိမိန်းမဘယ်နှစ်ယောက်များအရိုက်ပုတ်ခံနေရသည်ဟု သင်ထင်ပါသလဲ။ အမေရိကန်မှာပင် (၁၅)

စက္ကန့်တိုင်းမှာ တစ်ကြိမ်ဖြစ်ပျက်နေပါလျှင် ကမ္ဘာတစ်ဝန်း၌ အဘယ်မျှလောက်ဖြစ်ပျက်နေမည်ကိုတွေးကြည့်နိုင်ပါသည်။

စားရေးအတွက် ရုန်းကန်နေရသောလူဦးရေကို ခန့်မှန်းနိုင်ပါသလား။ ကမ္ဘာပေါ်ရှိလူမမည်ကလေးငယ်များသေဆုံးရခြင်း၏ နံပါတ်တစ်အကြောင်းရင်းကို သင်သိပါသလား။ အစာငတ်မွတ်ခြင်းကြောင့်ဖြစ်သည်။ WHO (ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း၏မှတ်တမ်းအရ နှစ်စဉ်ကလေးငယ်ငါးသန်းသည် အာဟာရချို့တဲ့မှုကြောင့်သေဆုံးကြရသည်ဟုဆိုပါသည်။ တစ်ရက်လျှင် ၁၃,၇၀၀ နှုန်းကျပါသည်။ လစဉ်သေဆုံးမှုနှုန်းသည် ၂၀၀၄ ခုနှစ်၌ ရိုက်ခတ်သောဆူနာမီကြောင့် သေပျောက်ရခြင်းနှုန်းထက်ပင်မြင့်မားနေပါသေးသည်။

ကမ္ဘာပေါ်ရှိမြို့ပြလမ်းဘေးများတွင် ညစဉ်အေးစက်သောကျောက်ပြားအခင်းထက် မကောင်းနိုင်သောအိပ်ရာပေါ်တွင် အိပ်စက်သောကြရသော ကလေးငယ်များ၏ဦးရေမှာ သန်း(၁၀၀)ရှိသည်ဟု UNICEF ကယုံကြည်ထားသည်။ ဖြင့်ကူးစက်မှုကြောင့် ထိုဦးရေမှာ တိုး၍တိုး၍သာရှိနေပေသည်။ ထိုသို့လမ်းဘေးပေါ်အိပ်ရာခင်းနေရခြင်း၏အကြောင်းရင်းများမှာ မတရားပြုကျင့်ခံရခြင်း၊ မူးယစ်ဆေးဝါးစွဲခြင်းနှင့် အရွယ်မရောက်သေးသောကလေးငယ်များ၏ ဆိုးသွမ်းမှုများကြောင့်ဖြစ်ရခြင်းကအများဆုံးဖြစ်သည်။

အရက်ကြောင့်၊ (သို့မဟုတ်) ဝတ္ထုရားပျက်ကွက်မှုကြောင့်တို့ကိုမဆိုထားနှင့်၊ လူမျိုးစုချင်းတိုက်ခိုက်မှုနှင့်စစ်ပွဲတို့ကြောင့်ပင် အိုးမဲ့အိမ်မဲ့ဖြစ်နေကြသောဦးရေမှာလည်း မနည်းလှပါ။ UNHCR (ကမ္ဘာ့ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး) စာရင်းတွင် သန်း(၂၀)လောက်က အကာအကွယ်အလွန်ကင်းမဲ့စွာ အသက်ရှင်နေရကြောင်းဖော်ပြထားသည်။

ကမ္ဘာစစ်ကာလတွင် နပိုလျံက "သေနတ်ကြီးကြီးကိုင်တဲ့သူ ဘက်မှာ ဘုရားသခင်ရှိတယ်" ဟုဆိုခဲ့သော်လည်း ယခုမျက်မှောက် ကာလမှာတော့ ထိုသို့သူပြောပေလိမ့်မည်မဟုတ်။ ယနေ့အကြမ်းဖက်မှု များတွင် ထိုလက်နက်ကြီးများအပေါ်မမူတည်ဘဲ လျှို့ဝှက်လှည့်ဖြားမှု နှင့်သစ္စာဖောက်မှုတို့မှာသာ တည်သောကြောင့်ဖြစ်သည်။ အထူးသဖြင့် မူးယစ်ဆေးဝါးကိစ္စများဖြင့်ထိုးဖောက်နိုင်ကြသည်။

လွန်ခဲ့သောနှစ်ပေါင်းများစွာက AIDS ကိုမသိရှိသေးမီတွင် ပင်နယ်ဆလင်ဆေးသည် ကူးစက်ရောဂါများကိုနှိမ်နင်းနိုင်ခဲ့သော်လည်း ယခုတွင်မူ ကုရာမရသော AIDS ရောဂါဆိုးကြီးကြောင့် အနည်းဆုံး ၄၅ သန်းလောက်သော ယနေ့လူသားများကိုဒုက္ခပေးနေပါသည်။ အာဖရိကမှကြီးမားသောလူထုကို သုတ်သင်ပစ်ပြီးနောက် ယနေ့နေရာ အနှံ့တွင် လျင်မြန်စွာပြန့်ပွားနေသည်မှာ ကြောက်မက်ဖွယ်ကောင်းလှသည်။

တစ်ဖန်ပြန်တွေးကြည့်ပါဦး။ ကမ္ဘာကြီး၏မျက်နှာကို သင်ဘယ်လိုပုံဖော်မှာလဲ။ တစ်ကိုယ်စီနှင့်ဆိုင်သောအရေးအရာလို မခံစားရဘဲ အမည်မသိနိုင်အောင်များတဲ့အများစုဖြစ်နေတာပဲဟု ယနေ့မြင်တွေ့နေရသောဒုက္ခခံစားရခြင်းများကို ကိုယ်နှင့်မဆိုင်သလို ကျွန်ုပ်တို့တသီးတခြားနေတတ်ကြပါသည်။ တစ်နေ့က အရှေ့ အလယ်ပိုင်းမှာ ဗုံးကျခဲ့သည်။ ထိုနေရာတွင် ကျွန်ုပ်မရှိခဲ့သောကြောင့် ထိုဗုံး၏သားကောင်အများထဲမှတစ်ယောက်ဖြစ်သော မွတ်စတာဖာ ဆိုသူနှင့်လည်း ကျွန်ုပ်မတွေ့ခဲ့ပါ။ ကြောက်လန့်တတ်၍ နုနယ်သော ညီမငယ်လေးကိုရှာတွေ့သည့်တိုင်အောင် ဗုံး၏ပြာခိုးပြာမှုန့်များဖြင့် ပိဖုံးနေသောသူ၏အိမ်ကိုအရဲစွန့်ပြီးဆွဲခွါနေချိန်တွင် ကျွန်ုပ်သူ့အား ကူညီဖို့မကြိုးစားခဲ့ပါ။ ရုပ်ပျက်ဆင်းပျက်ဖြစ်သွားသေညီမငယ်၏

နံဘေးတွင် အပြင်းအထန်ခိုကြွေးမြည်တမ်းလျက် မြေကြီးကိုလက်သီးနှင့်ထုနေသည့် ထိုမွတ်စတာဖာဆိုသူအတွက် ကျွန်ုပ်မျက်ရည်မကျခဲ့ပါ။

ကြေကွဲဖွယ်ရာများအကြောင်းပြောဖို့လွယ်ပါသည်။ တကယ်ဖြစ်ပျက်နေတာပါ။ သို့သော် သေဆုံးသွားခဲ့သူမှာ ကျွန်ုပ်၏ညီမမှ မဟုတ်ဘဲကိုး။ ၁၅ စက္ကန့်တိုင်းတွင် အမျိုးသမီးတစ်ယောက်နှုန်း အရိုက်ခံနေရသည်မဟုတ်ပါလား။ မှန်ပါသည်။ သို့သော် နစ်နာဆုံးရှုံးမှုကို ကျွန်ုပ်မခံစားရဘဲ ဖြစ်စဉ်စာရင်းဇယားတစ်ခုအဖြစ်သာ ကျွန်ုပ်ခံယူခဲ့သည်။

သို့သော် ဤမျှခံယူ၍မရတော့သည့် မဝေးတော့တဲ့အချိန်က ရောက်အံ့ဆဲရှိပြီ။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့၏ကမ္ဘာမြေကို တိုက်ခတ်သောမုန်တိုင်းကြီးမှာ အရှိန်အဟုန်မြင့်မားလျက်ရှိရာ တစ်ဦးချင်းကမ္ဘာလေးဆီသို့ပင် ချင်းနင်းလာခဲ့ပြီဖြစ်သည်။ လွန်လေသောမျိုးဆက်တစ်ဆက်တွင် မူးယစ်ဆေးစွဲခြင်းသတင်းကိုကြားခဲ့ရသော်လည်း ထိုသူတစ်ဦးချင်းကိုမသိမကျွမ်းခဲ့။ ယခုများတွင်မူ နက်ဖြန်နေ့မူးယစ်ဆေးဝါး၏သားကောင်များထဲတွင် ကျွန်ုပ်၏သားပါနေမည်လား၊ ကိုယ်ဝန်ဖျက်ချမှုထဲတွင် ကျွန်ုပ်၏သမီးများပါနေမည်လားဟူ၍ စိတ်ထင့်နေရကြပြီ။ အမြွာမျှော်စင်ကြီးအတိုက်ခိုက်ခံရခြင်းမှ နိုးဆော်မှုမှာ ရာဇဝင်၌သူမတူသော သက်သေတစ်ခုဖြစ်ပေသည်။

## ဖြေရှင်းချက်တစ်ခုအတွက်အားထုတ်မှုများ

၁၉ ရာစုနှစ်သည် ရာဇဝင်၌ စံမတူသောအကောင်းမြင်ဝါဒထွန်းကားသည့်အချိန်ဖြစ်သည်။ ကျိုးကြောင်းဆင်ခြင်မှုဝါဒသည် ရေပန်းအစားဆုံးဖြစ်ကာ ကမ္ဘာကြီးသည် ကောင်းမွန်သထက်ကောင်းမွန်

လာမည်ဟု လူအများကခံယူစိတ်ချနေကြသည်။ နေ့စဉ်စက်မှုလက်မှု အတတ်ပညာက မရေတွက်နိုင်သောအံ့ဖွယ်အမှုများကို ဖြစ်ထွန်းစေခဲ့ သည်။ စက်ကိရိယာများဖြင့် ချည်ငင်ခြင်း၊ ရက်လုပ်ခြင်း၊ ချုပ်လုပ် ခြင်းအမှုများကိုပြုနိုင်ကြသည်။ ဆန်းသစ်သောတီထွင်မှုများက လယ်ယာ လုပ်ငန်းနှင့်စက်ရုံလုပ်ငန်းများ၏အသွင်ကို တိုးတက်ပြောင်းလဲစေခဲ့ သည်။ စက်အင်ဂျင်များ၏အစွမ်းပကားတို့ဖြင့် ဝေးလံသောရေမြေ တစ်နေရာမှတစ်နေရာဆီသို့ လွယ်ကူလျင်မြန်စွာရောက်ရှိနိုင်ကြသည်။ အဘေရာဟင်လင်ကွန်းသေဆုံးသောနေ့တွင် အဝေးသို့သတင်းပို့ ကြေးနန်းလိုင်းများကိုတပ်ဆင်နိုင်ခဲ့သည်။

ထိုသို့သောအံ့ဖွယ်တိုးတက်မှုတို့ကြောင့် လူမှုအသိုက်အဝန်း၏ ပြဿနာများ မကြာမီကွယ်ပျောက်သွားတော့မည်ဟု လူတို့ကိုလွယ်ကူ စွာအထင်ရောက်စေခဲ့သည်။ ဆင်းရဲခြင်းများပပျောက်တော့မည်။ ထို့အတူ မတရားမှု၊ ဖျားနာမှုနှင့် စိတ်ရောဂါများလည်း အဆုံးသတ်တော့မည် ဖြစ်သည်။ စစ်ပွဲများဆိတ်သုဉ်း၍ တစ်ကမ္ဘာလုံးငြိမ်းချမ်းကာ မသိ ကျိုးကျွန်ပြုခြင်းနှင့် နိုင်ထက်စီးနင်းအုပ်စိုးခြင်းများ၏နိဂုံးကို မကြာမီ မြင်တွေ့ရတော့မည်ဟုဆိုသတည်း။

သို့သော်လည်း ဘယ်သောအခါမှမဖြစ်နိုင်တော့ပါ။ ထိုရွှေခေတ်မှာ ပထမကမ္ဘာစစ်နှင့်အတူကျန်ရစ်ခဲ့ပြီ။ ယနေ့တွင် ယခင် များထက်သာ၍ပင်မှောက်မှားပေတော့သည်။ သိပ္ပံပညာလည်းအလွန် တိုးတက်ပါပေသည်။ သို့သော်လည်း ထရန်စစ္စတာ (ခေါ်) လျှပ်စစ် ဓာတ်သွယ်ပို့အားတိုးပွားစေသည့်ကိရိယာကို တိုးတက်ကောင်းမွန် စေသည့် လက်ကခလုတ်ကလေးတစ်လုံးကိုနှိပ်လိုက်ရုံဖြင့် တိုးတက် မြင့်မားလာသောလူမှုအဆောက်အအုံတစ်ခုလုံးကို ဖျက်ဆီးနိုင်စွမ်းသည့်

အဇာမြူပုံးကိုလည်းထိုးပေးနေပါသည်။ ကမ္ဘာတစ်ဝန်းရှိလူသား အားလုံးကလည်း "ဒီလောက်တောင်စကြဝဠာအကြောင်းကိုနားလည် နိုင်အောင် အံ့ဖွယ်သတင်းအချက်အလက်တွေခိုင်နေတဲ့အချိန်မှာ ဘာဖြစ်လို့များ ဆာလောင်မှုတွေ၊ ဖိနှိပ်မှုတွေနဲ့ နိုင်ထက်စီးနင်း အုပ်ချုပ်မှုတွေကဆက်လက်ပြီးမင်းမူနိုင်တာလဲ" ဟု မေးခွန်းထုတ်လာ ကြသည်။

ပြဿနာအမှန်ကတော့ သိပ္ပံပညာကိုတော်လျော်စွာအသုံးမချဘဲ ကိုယ်လိုရာကိုသာဆွဲပြီးအတင်းနှင်နေသောကြောင့်ပင်ဖြစ်သည်။ နှစ်စဉ် နှင့်အမျှ သဘာဝဘေးဒဏ်များဆက်တိုက်ဖြစ်နေရခြင်းမှာ လောကဓာတ် သိပ္ပံပညာကြောင့်မဟုတ်၊ စက်မှုလက်မှုပညာကြောင့်လည်းမဟုတ်ပါ။

အာကာသသို့ လျှပ်စစ်သံလိုက်အလင်းတန်းတစ်ခု၏စွမ်းအင် ကိုပစ်လွှတ်ကာ အင်္ဂါဂြိုဟ်၏မျက်နှာပြင်မှဓာတ်ပုံကို ကျွန်ုပ်တို့ထံ မည်ကဲ့သို့ပြန်လည်သတင်းပို့ဟသလဲဟု သိပ္ပံပညာအားမေးမည်ဆိုပါက သက်ရှိတို့၏ဗီဇနှင့်သက်ဆိုင်သောပစ္စည်း (genome) ၏ဖွဲ့စည်းပုံ (သို့မဟုတ်) endorphins (ခေါ် ) ဦးနှောက်နှင့်ကြောရိုးတစ်လျှောက်မှ ဖြစ်ပွားသော သဘာဝအလျောက်နာကျင်မှုတွေကိုပျောက်ကင်းစေသည့် သဘောကိုသာလေ့လာစုံစမ်းကြည့်ပါဟု သူကမဆိုင်းမတွတုံ့ပြန်ပေ လိမ့်မည်။ သို့ပသော် ခေတ်ကာလ၏ဆိုးရွားသည့်ပြဿနာများကို မည်ကဲ့သို့ဖြေရှင်းရမည်နည်းဟုမေးလျှင်ကား "ဆောရီးပဲ၊ ဒါကျွန်ုပ်နဲ့ မဆိုင်ဘူး" ဟုသာ သူကအဖြေပေးလိမ့်မည်။

အကြောင်းမှာ ခေတ်ကာလ၏အဆိုးဆုံးပြဿနာသည် လောကဓာတ်သိပ္ပံကြောင့်ဖြစ်ရခြင်းမဟုတ်ဘဲ လူ့အကျင့်စရိုက်နှင့် ဆိုင်သောလုပ်ဆောင်ချက်များကြောင့်သာ ဖြစ်ပေါ်လာရခြင်းပင်တည်း။

အနည်းငယ်စဉ်းစားကြည့်ပါ။ ယနေ့လူ့အဆောက်အအုံကိုလွှမ်းမိုး နေသောပြဿနာကြီးများထဲမှ မည်သည့်အရာက လူ့အကျင့်စာရိတ္တနှင့် မစပ်ဆိုင်တာရှိပါသလဲ။ အားလုံးက လူ့ကျင့်ဝတ်နှင့်စပ်ဆိုင်နေပါသည်။

ဥပမာ ငတ်မွတ်ခြင်းဘေးကိုကြည့်ပါ။ ၎င်းတို့မွတ်သိပ် နေရခြင်းမှာ ကမ္ဘာပေါ်တွင် အစာရေစာပြတ်လပ်သွားလို့မဟုတ်၊ ဆိုးဝါးသည့်မမျှတသောပိုင်ဆိုင်ခွင့်ကြောင့်သာဖြစ်ရသည်မဟုတ်ပါလား။ အရာရာကိုကြည့်လျှင် မမျှတသည့်ဥစ္စာပိုင်ဆိုင်မှု၊ ပညာရေး၊ ထုတ်လုပ်မှုနှင့် သယ်ယူပို့ဆောင်မှုများတို့ကြောင့်ဖြစ်သည်မှာ ထင်ရှား ပါသည်။ ရလေလိုလေရှိနေသူများက လုံးဝမရှိ ချို့တဲ့နေသူများကို ဖိနှိပ်နေ၊ လျစ်လျူရှုနေကြသည့်သဘောကို ဘယ်လိုပြောမလဲ။ လူ့ အကျင့်စရိုက်တစ်ခုတည်းနှင့်သာဆိုင်ပေသည်။

လူ့အသိုက်အဝန်းကိုခြိမ်းခြောက်နေကြသော် အကြမ်းဖက်မှု များ၊ နိုင်ငံရေးဖိနှိပ်မှုနှင့် အာဏာအလွဲသုံးစားမှုများတို့မှာလည်း စာရိတ္တ အခြေအနေကို အမှန်တကယ်ဖော်ပြနေပေသည်။ ထို့ပြင်အိမ်ထောင်ရေး ဖောက်ပြားမှု၊ သန္ဓေဖျက်ချခြင်း၊ ဆေးစွဲခြင်းနှင့် ကူးစက်ပြန့်ပွားမှု အမြင့်မားဆုံးအဖြစ် စံချိန်တင်ထားသည့် AIDS ကိုဖြစ်စေသော နေထိုင်မှုအကျင့်စရိုက်တို့မှာလည်း ထို့အတူပင်ဖြစ်သည်။ အကယ်၍များ သိပ္ပံအတတ်ကြောင့် (သို့မဟုတ်) စက်မှုလက်မှုအတတ်ကြောင့်သာ ဖြစ်ပါမူ ၎င်းပြဿနာများကိုဖြေရှင်းနိုင်ခဲ့သည်မှာကြာလောက်ပြီ။ ထိုအတွက် လူသားတို့ကျွမ်းကျင်နေပြီးသားဖြစ်သည်။

ဤအဆိုကိုလက်ခံရန် အချို့များရှက်နေလိမ့်မည်။ မိမိကိုယ် ကိုယ်ယုံကြည်အားကိုးသောဆင်ခြင်တုံသဘော၌သာတည်ကြလိမ့်မည်။ ၎င်းတို့၏ဆောင်ပုဒ်မှာလည်း "ငါ၌တည်သောအသိပညာ၊ စာရိတ္တ

ခွန်အား၊ စိတ်ဓာတ် စသည့်ငါ၏ဦးနှောက်စွမ်းအားတို့ဖြင့် ကမ္ဘာကို ကယ်တင်အံ့” ဟုဆိုသတည်း။

ထိုသို့သော်ပုဂ္ဂိုလ်များက အချို့သောပြဿနာများသည် ဉာဏ်စွမ်းအားဖြင့်မဖြေရှင်းနိုင်ကြောင်းကို ဝန်ခံရန်ငြင်းဆန်တတ်ကြသည်။ ထို့အတွက် ကျွန်ုပ်တို့အား အမှန်တကယ်အကူအညီမပေးနိုင်ဘဲ အဖြေမှန်ပေးရမည်ကို သိပ္ပံပညာကသွေးပျက်နေချိန်မှာ အဖြေတစ်ခုအတွက် ၎င်း၏တံခါးဝတွင်ရပ်ကာ အဘယ်မျှကာလပတ်လုံး အဆင်ခြင်မဲ့စွာဆက်၍ခေါက်နေဦးမည်နည်း။ အမှန်တရားကိုလက်မခံမီအထိ ၎င်း၏ မခိုင်လုံသောအထောက်အထားများက ကျွန်ုပ်တို့အား အဘယ်မျှလောက်မှောက်မှားစေဦးမည်နည်း။

**အဖြေဘယ်မှာလဲ။**

သိပ္ပံအတတ်က ဘယ်တော့မှနံပါတ်တစ်နေရာမှာဦးမဆောင်နိုင်မှန်း ထင်ထင်ရှားရှားသိမြင်လာတဲ့နောက်မှာ ရှိပါစေတော့ဆိုပြီး အသာလေးပဲနေလိုက်ရတော့မလား။ ဒါမှမဟုတ် ကြာလှစွာဂရုမစိုက်မိဖြစ်နေပြီး စင်စစ်တော့လက်တစ်ကမ်းမှာသာရှိနှင့်သောအဖြေတစ်ခုခုကို များတွေ့နိုင်မည်လား။

အခွင့်အခါသင့်လျှင် ဝါရှင်တန်ဒီစီရှိ Supreme Court ဟုခေါ်သည့် အမေရိကန်ပြည်ထောင်စု၏ တရားရုံးချုပ်အဆောက်အဦသို့ အလည်အပတ်သွားကြည့်ပါ။ တရားစီရင်မှုကာလလွတ်ကင်းရှင်းလင်းသောအချိန်များတွင် အငြင်းပွားမှုဖြစ်ရာ၊ စီရင်ဆုံးဖြတ်မှုပြုရာ တရားသူကြီး(၉)ဦးအမှုထမ်းရသည့်လူထုခန်းမသို့ လမ်းပြကခေါ်ဆောင်သွားလိမ့်မည်။ ထိုအခါမျိုးတွင် တရားသူကြီးထိုင်ခုံ၏အထက်နားနှင့်

မျက်နှာကြက်၏အနားသပ်ကြားရှိ ထွင်းထားသောလက်ရာစာလုံးများနှင့်ရုပ်ပုံများကြည့်ရှုရန်မမေ့ပါနှင့်။ ရုပ်ပုံအများထဲမှ ရာဇက္ကန္ဓြေနှင့်ပြည့်စုံလျက် ကြည်ညိုလေးစားထိုက်သောပုဂ္ဂိုလ်တစ်ဦး၏ပုံကိုတွေ့ရမည်။ ထိုသူမှာ မောရှေဖြစ်၍ သူ၏လက်ယာဘက်တွင် ကိုင်ဆောင်ထားသောကျောက်ပြားများမှာ ရှေးလွန်လေပြီးသောအချိန်မှ ပြဋ္ဌာန်းသောဓမ္မသတ်တည်းဟူသော ပညတ်တော်(၁၀)ပါးပင်ဖြစ်ပါသည်။

ဤခမ်းနားသည့်အဆောက်အဦကို တည်ဆောက်ခဲ့သည့် အလျင်မျိုးဆက်က ပုဂ္ဂိုလ်များ၏အချိန်တွင် ဒုက္ခတွင်းထဲကျစေသည့် မတရားအတ္တပွားများနေသော ကျွန်ုပ်တို့၏အခြေအနေကဲ့သို့ခံစားခဲ့ရပုံ မပေါ်ပါ။ လူ့လောကအဖွဲ့အစည်းတွင် ထိုရှေးဟောင်းတရား၏ အရေးပါလှပုံနှင့် ဩဇာလွှမ်းမိုးခဲ့ခြင်းကို အမှတ်အသားပြုပုံဖော်ထားခြင်းသာဖြစ်ပေလိမ့်မည်။ သူတို့တီထွင်ထားခဲ့သည့်အရာမဟုတ်သည့် ထိုတရားတော်(ပညတ်)သည် ၎င်းတို့၏ခေတ်ကာလအတွက်မဟုတ်ဟုလည်း ထင်ကောင်းထင်ခဲ့ကြပေလိမ့်မည်။ မတော်ကျွန်ုပ်တို့ခေတ်ကာလလူသားများလည်း ဤစိတ်ထားအတိုင်းပဲရှိနေလိမ့်မည်။ တချို့ကလည်း ထိုရုပ်ပုံမျိုးကို လူထုအဆောက်အဦများထဲမှ ဖယ်ရှားထုတ်ပစ်ချင်ကြသည်။ ထိုသို့လျှင် လောကဓာတ်သိပ္ပံ၏မျက်လှည့်ကျည်ဆန်ကြောင့် ကျွန်ုပ်တို့သည် မျှော်လင့်ခြင်းကိုဆန့်ကျင်လျက်စောင့်စားမျှော်လင့်နေရင်းမှာပင် မဖြေရှင်းနိုင်သောအကျပ်အတည်းထဲ ပိတ်မိနေရုံသာရှိတော့မည်။ လက်ရှိကပ်ကာလအခြေအနေသို့ ဆိုက်ရောက်လာရခြင်းကား ထိုရှုးသွပ်သောအတ္တစွဲကြီးကြောင့်ပင် ဖြစ်သည်မှာ သေချာလှပါသည်။

**ဖိတ်ခေါ်ပါရစေ။**

စာရိတ္တမဏ္ဍိုင်တည်းဟူသော ပညတ်တော်(၁၀)ပါး၏ အနက်အဓိပ္ပါယ်ကို ဤ(၂၁)ရာစုအဖို့ ကျွန်ုပ်နှင့်အတူ လေ့လာဆင်ခြင်စေလိုပါသည်။ သာမန်အပြင်ပန်းထက် ထိုရှေးဟောင်းဥပဒေသကို ထက်မြက်သောတန်ခိုးအဖြစ် လက်ကိုင်ထားခဲ့ကြသောပုဂ္ဂိုလ်တို့၏ ပညာဉာဏ်အရာကိုလည်း နားလည်ဖို့လိုအပ်လာပေသည်။

သင်ကိုယ်တိုင်ပါဝင်ပြီး လေ့လာကျင့်သုံးနေစဉ်တစ်လျှောက်မှာပင် သင့်အတွက်တာဖို့ စဉ်းစားဆုံးဖြတ်ခံယူနိုင်ရန် ၎င်းက စွမ်းဆောင်လိမ့်မည်ကို ကျွန်ုပ်ပြောရဲသည်။ အဆုံး၌လည်း သင်၏ အသက်တာအတွက် ခြားနားသောအရာမဟုတ်ဘဲ အမှန်ဖြစ်သင့်ဖြစ်ထိုက်သည့် ပုံမှန်အခြေကိုဦးတည်နေသောကြောင့် ထွက်ပေါ်လာသော သင့်အတွေးအမြင်များကို သင်ကိုယ်တိုင်မှတ်သားရုံမက သတင်းပေးဝေငှလိုစိတ်ပင်ဖြစ်ပေါ်လာလိမ့်မည်။

အလွန်အရေးကြီးသော ဤအကြောင်းအရာကို မျက်စိမှိတ်ပြီး လက်ခံရန်မဆိုပါ။ တစ်ဖက်၌ ဤကျစ်လျစ်ခိုင်မာသောဥပဒေသများကို လေ့လာရာတွင် သင့်အသက်တာအတွက် မှန်၊ မမှန်ကိုစစ်ကြောပြီး ခိုင်လုံသည့်အထောက်အထားကို တွေ့ရှိနိုင်သောအခွင့်အရေးအပြည့်အဝ ရှိပေသည်။

ပညတ်တော်(၁၀)ပါးသည် လူတို့ပြုလုပ်စီမံထားပြီး မှန်ဘောင်ထဲတွင်ပြသထားသော ရှေးဟောင်းလက်ရာတစ်ခုမျှသာမဟုတ်သောကြောင့် အကျိုးရလဒ်အတွက်အာမခံသည်။ အခါခါ၌ဖြစ်လေသော အရာရာအတွက် (တစ်ရက်စီတိုင်းမှာဖြစ်နေတဲ့ပြဿနာအဝဝနဲ့အခြေအနေအရပ်ရပ်တို့ရဲ့တစ်ခုစီအတွက်တိကျမှန်ကန်တဲ့အချိန်မှာ) အဖြေမှန်

ကိုအမြဲဖော်ဆောင်ပေးနိုင်စွမ်းသော လက်တွေ့ကျသည့်ပညာဉာဏ် စီးဆင်းရာစမ်းရေတွင်းပင်ဖြစ်ပေသည်။ အရသာကိုစားကြည့်မှသာ သိရသလို နေ့စဉ်အသက်တာစည်းမျဉ်းဥပဒေများဖြစ်သော ထိုတရား တော်ကို လက်တွေ့ကျင့်သုံးမှသာလျှင် တကယ်အကျိုးထူးမည်ဖြစ် ပါသည်။

ဤအခြေခံကိုယ်ကျင့်တရားများကို သင့်အသက်တာ၏ အစိတ်အပိုင်းတစ်ခုအဖြစ် ခံယူလိုက်သည်နှင့်တစ်ပြိုင်နက် လိုအပ် သည်များပြည့်ဝကျေနပ်စေမည့် လက်ငင်းအကျိုးကြောင့် ဤပညတ် တရားသည် အမှန်တကယ် ဆက်လက်တည်မြဲနေဦးမည်ကိုလည်း သင်သိမြင်လာလိမ့်မည်။

မိတ်ဆွေ၊ တွန့်ဆုတ်မနေပါနှင့်။ ဤဖိတ်ခေါ်ချက်ကို လက်ခံကာ ပညတ်တော်(၁၀)ပါးကို သင့်အသက်တာ၏လှုပ်ရှား ဆောင်ရွက်မှုများဖြစ်စေပါ။ ထို့အတွက် သင်တကယ်ဝမ်းမြောက်ရ လိမ့်မည်။

---***---

၁၄

# အန္တရာယ်ရှိသောအချစ်
## ပထမပညတ်ချက်

**"ငါမှတစ်ပါး အခြားသောဘုရားကိုမကိုးကွယ်နှင့်။" (ထွက်မြောက်ရာကျမ်း ၂၀း၃)။**

"မဟုတ်သေးဘူးဂျက်ကီ၊ ရှေ့ရေးအတွက်စဉ်းစားစမ်းပါ။ ဒါဟာ မင်းတစ်ဘဝတာအတွက်လောင်းကြေးပဲနော်။"

"မဟုတ်ဘူးဒယ်ဒီ၊ ဒယ်ဒီယူရမယ့်ဥစ္စာမှမဟုတ်တာ၊ ဒယ်ဒီက လူငယ်ဘဝကိုမေ့ထားခဲ့တာကိုး၊ ဒဲနီကိုသမီးချစ်တယ်ဆိုတာ ဒယ်ဒီနားမလည်ဘူးနဲ့တူတယ်။"

ဟာရီဝေလီယံ(မ်)သည် သူ၏သမီးကိုမယုံနိုင်စွာငေးကြည့်နေမိသည်။ သက်ပြင်းချရင်း ခေါင်းကိုခါလျက်နှင့် ကြားခဲ့ရသမျှကို ပြန်မပြောတတ်အောင်ဖြစ်နေတော့၏။

"ဂျက်ကီ၊ ငါ့စကားကိုနားထောင်ရမယ်နော်။"

"နားမထောင်နိုင်ဘူး၊ ဘယ်သူ့ကိုမှနားမထောင်နိုင်ဘူး၊ နောက်အင်္ဂါနေ့ကျရင် တရားရုံးမှာ ကျွန်မတို့လက်ထပ်ကြမယ်၊ ဒါပဲ။"

တဒင်္ဂတိတ်ဆိတ်သွားသည်။ နောက်ဆုံးတော့ ဟာရီက စကားကိုသတိထားပြီးပြောလာသည်။ "ကောင်းပြီလေ၊ သမီးရဲ့ဆုံးဖြတ်ချက်ကိုနားလည်ပါတယ်။ မင်းစိတ်ကိုဘယ်သူမှမပြောင်းလဲနိုင်ပါဘူး။ သမီးကိုမေးဖို့တစ်ခုပဲရှိတော့တယ်။" ထိုအခါ ဖခင်က မိမိ၏မှန်သောဆုံးဖြတ်ချက်ကိုနားလည်ပေးသည့်အတွက် ဂျက်ကလင်း(ဂျက်ကီ)ကဝမ်းသာနေ၏။

"ကြာသပတေးနေ့တုန်းက သူဝတ်စေချင်တဲ့အင်္ကျီကို သမီးမဝတ်ဘဲ အဖြူရောင်ဘလောက်(စ်)ကိုဝတ်လာတော့ ဒဲနီရယ်(ဒဲနီ)က ဘယ်လိုတုံ့ပြန်ခဲ့သလဲ၊ မှတ်မိသေးလား။"

"အိုး– သူဝတ်စေချင်တဲ့အင်္ကျီကပေသွားလို့ပါ။"

"ဟုတ်တယ်လေ၊ ဒါပေမယ့် ဒယ်ဒီမေးတာက အဖြူရောင်ဝတ်လာတော့ သမီးရဲ့ရည်းစားက ဘယ်လိုဖြစ်သွားလဲဆိုတာပါ။" "သူလုံးဝမပျော်ဘူးမဟုတ်လား။" "လက်သီးကိုဆုပ်ပြီး သမီးကိုအော်ခဲ့တယ်။ ပြီးတော့အဲဒီညပဲ ဒီအိမ်မှာသူ့ကိုညစာဖိတ်ကျွေးတော့ ဘာဖြစ်ခဲ့သေးလဲ၊ သိတယ်မဟုတ်လား။"

"အိုး–ဒယ်ဒီရယ်၊ ပြီးခဲ့ပါပြီ။ ဘာလို့ဒါတွေထပ်ပြောနေရတာလဲ။"

"ဒဲနီဟာ စိတ်တိုက်းကျမဖြစ်တဲ့အခါ မိသားစုအားလုံးရဲ့ရှေ့မှာတောင် ဒီလိုမျိုးရဲရဲတင်းတင်းကြီးဖြစ်နေလို့ပြောနေတာပါသမီးရယ်။ ခုနေတောင်ဒီလိုဆက်ဆံနေရင် နောက်နောင်ကျဘယ်လောက်ထိဖြစ်လာမလဲဆိုတာ စဉ်းစားမိရဲ့လား ဂျက်ကလင်း။"

"တော်ပါတော့၊ တော်ပါတော့။" လက်နှစ်ဖက်ဖြင့် နားကိုပိတ်ရင်း သူမအော်ပစ်လိုက်သည်။ "ကျွန်မ ဒဲနီကိုချစ်တယ်။ နားမလည်ဘူးလား။ သူဟာ ကျွန်မရဲ့ဘဝပဲ။ တခြားဘာမှမရှိဘူး။ ဒယ်ဒီဘာပြောပြော၊ ဘယ်လိုထင်ထင်ကိစ္စမရှိဘူး။ ကျွန်မသူ့ကိုချစ်တယ်။ သူဟာ ကျွန်မရဲ့ကိုးကွယ်ရာပဲ၊ ဒါအကုန်ပဲ။"

"ဘာ၊ ကိုးကွယ်ရာဟုတ်လား။ ဒဲနီကဘာမို့လို့လဲ။ မင်းရဲ့ဘုရားလား။"

"ဟုတ်တယ်၊ ဒယ်ဒီပြောချင်တာပြော၊ ဒဲနီစာ ကျွန်မရဲ့ဘုရားပဲ။"

ဂျက်ကလင်း၏ဖခင်သည် ကျွန်ုပ်အား ဤစကားများပြောပြစဉ်အခက သူ၏နှလုံးသားကို ဓားနှင့်ထိုးနှက်သလိုခံစားခဲ့ရ၏။ သူအကြီးအကျယ်တုန်လှုပ်ချောက်ချားခဲ့သည်ကို သင်ယုံပါသလား။ အဘယ်ကြောင့် ထိုစကားများက သူ့ကိုအလွန်ကြောက်ရွံ့လျက်စိတ်သောကဖြစ်စေခဲ့သည်ဟု သင်ထင်ပါသလဲ။

ထိုအချစ်မျိုးသည် နာကျင်စေ၍ ဆိုးရွားသောပျက်စီးဆုံးရှုံးမှုကိုဖြစ်စေနိုင်သောစွမ်းအားရှိကြောင်း ဟာရီဝေလီယံ(မ်)က သဘောပေါက်ထားသောကြောင့်ဖြစ်သည်။ အချစ်သည် ကျွန်ုပ်တို့အထဲသို့ အတင်းတိုးဝင်ပြီးမှ ထွက်ခွာသွားသောအခါတွင် ကိုယ့်မှာပျော့ဟာကွက်အနေဖြင့် အကာအကွယ်မဲ့စွာ(ဗလာကျင်း)ထားခဲ့တတ်သေး၏။

ခေတ်မီဆေးရုံကြီးတစ်ခု၏အထူးကြပ်မတ်ဆောင်အပြင်နားတွင် နာကျင်စွာစောင့်နေကြသည့်မိဘများကို ကိုယ်ချင်းစာနာကြည့်ပါ။ အဘယ့်ကြောင့်နည်း။ ချစ်ခြင်းကြောင့်ဖြစ်သည်။ လပိုင်းအနည်းငယ်အကြာတွင် ကြောက်မက်ဖွယ်ကိုယ့်ဆုံးဖြတ်ချက်၏အသီးအပွင့်ကိုရိတ်ရသည့်ဂျက်ကလင်း၏မိဘများမှာ ဘယ်လောက်ခံစားရမည်နည်း။ ဂျက်ကလင်းအတွက် မေတ္တာအဏုမြူခိုးများလွင့်ပြယ်ချေပြီ။ တစ်ရေးနိုးသော်မှ သူမ၏အစွမ်းဆောင်နိုင်ဆုံးကိုပင် မကျေနပ်နိုင်သူတစ်ယောက်ကို အသည်းအသန်ရှာနေရပြီ။ ထေ့ငေါ့စကားများ၊ လှောင်ပြောင်မှုများ၊ တစ်ခါတစ်ရံလက်သီးများဖြင့် တုံ့ပြန်နေသူက သူမ၏စိတ်အစဉ်တို့ကို ချေဖျက်လျက်ရှိသည်။ သမီး၏ထိုသို့သောအဖြစ်ကြောင့် ဟယ်ရီဝေလီယံ(မ်)မှာ တုန်လှုပ်ခဲ့ရသည်။ သူမအားနာကျင်မှုများစွာကိုဖြစ်စေသော သူတစ်ယောက်၏လက်ဝယ် အပ်နှံ့ခဲ့ရသူအဖို့ သမီး၏နေရာထဲသို့ခေတ္တဝင်ကြည့်ဖို့ရန်ပင် ထိတ်လန့်အားကြီးပါသည်။

ထို့အတွက်ကြောင့်ပင် ဘုရားသခင်က ကျွန်ုပ်တို့အား ပထမပညတ်ကိုပေးထားခဲ့ခြင်းမဟုတ်ပါလား။ အလေးအနက်ပြုသော ထိုသတိပေးစကားမှာ [အမှန်တကယ်ဘုရားမဟုတ်သောဘုရားများသို့ သင်၏သစ္စာနှင့်ကိုးကွယ်ရာကိုမပုံအပ်ပါလေနှင့်။ အဆုံး၌ သင့်အား စိတ်ပျက်နာကျင်မှုသက်သက်သာဖြစ်စေမည့်အရာတစ်စုံတစ်ခု (သို့မဟုတ်) ပုဂ္ဂိုလ်တစ်စုံတစ်ယောက်သို့ သင့်အသက်တာ၏အမြတ်ဆုံး (အဓိက) တွင်မထားပါလေနှင့်] ဟုဆိုသတည်း။

## ပျက်ကွက်သောဘုရားများ

ရှေးက္ကသရေလတို့သည် "အခြားသောဘုရားများ" ကို စိတ်အားထက်သန်စွာ ကိုးကွယ်ဆည်းကပ်ကြသော တိုင်းနိုင်ငံများ၏ ဝန်းရံမှုထဲတွင် တည်နေခဲ့ကြသည်။ ဒါဂုန်ဘုရားသည် ၎င်းတို့၏ အနောက်ဘက်ခြမ်းမှအိမ်နီးချင်းဖိလိတ္တိလူမျိုးတို့၏အဓိကဘုရားဖြစ်သည်။ ထိုဘုရားကို ဖိလိတ္တိတို့က ကြီးပွားခြင်းဟုအနက်မည်သော ကောက်ပဲသီးနှံအောင်ခြင်းနှင့်ငါးဖမ်းခြင်းတို့အတွက် မျှော်ကိုးကြသည်။ မြောက်ဘက်အရပ်တွင် လဘုရားမအာရှာတရတ်ကိုကိုးကွယ်သော ဖိုနီးရှန်းလူမျိုးရှိ၏။ ထိုဘုရားမသည် မျိုးပွားခြင်း၏အဓိပတိဖြစ်သောကြောင့် အထူးခေတ်စားကာ သောက်စားမှုယစ်ပျော်ပါးခြင်းတို့ဖြင့် ကိုးကွယ်ကြသည်။ အရှေ့ဘက်မှ မောဘတို့က ကေမော့ဘုရားနှင့် အာမိုနိုက်တို့က မောလုတ်ဘုရားတို့ကိုကိုးကွယ်ကြသည်။ ထိုဘုရား၏ စိတ်အလိုကျရန် ကလေးငယ်များယဇ်ပူဇော်ခြင်းဖြင့် ကိုးကွယ်ပသကြရသည်။ လူတို့က ထိုနတ်ဘုရားတို့၏တန်ခိုးကိုရရှိရန် စက်ဆုပ်ဖွယ်လုပ်ရပ်များဖြင့် တစ်ဖက်စွန်းကျမျှော်လင့်ကြသည်။

ရေပန်းစားခဲ့သောထုံးတမ်းတို့မှာ ခေတ်နှင့်အတူပြောင်းလဲလာခဲ့ပြီဖြစ်သည်။ လူတို့သည် ထိုသို့သစ်သား၊ ကျောက်သား၊ သတ္တုသားတို့ဖြင့်ထုလုပ်ထားသောဘုရားတို့ကို မကိုးကွယ်ကြတော့ပါ။ သို့သော် သန်းပေါင်းများစွာသောအသက်တာတို့ကို ငွေကြေး၊ လိင်ကိစ္စနှင့်ဩဇာအာဏာတို့မှာ အားကြီးစွာဆွဲဆောင်နေဆဲဖြစ်သည်။ တစ်ဖန် မဂ္ဂဇင်း၊ ဂျာနယ်တို့၏ခေါင်းစီးပိုင်းတွင်ဖော်ပြမြဲဖြစ်သော ကျော်ကြားသူများနှင့်တွေ့ဆုံမေးမြန်းခန်းနှင့် စိတ်ဝင်စားဖွယ်အိမ်ထောင်ရေးဇာတ်လမ်းတွဲတို့မှ ၎င်းတို့၏ဦးတည်ချက်ဆောင်ပုဒ်ကို လေ့လာကြည့်ပါ။ ထိုကျော်ကြားမှုဘုရားများကို ယနေ့လူတွေက အရူးအမူးစွဲလမ်းနေကြသည်။ အကျိုးရလဒ်ကား ရှေးအခါကကဲ့သို့ပင် သူတို့အားထားကိုးကွယ်ကြသည့်ကျော်ကြားသူများလည်း ၎င်းတို့၏ပရိသတ်ကို ကျောခိုင်းစွန့်ခွါသွားကြစမြဲဖြစ်သည်။

ဖိုမဆိုင်ရာကြည်နူးမှုတွင် ရှုးရှူးမိုက်မိုက်ကိုးကွယ်မှုကြောင့်လည်း AIDS ရောဂါဆိုးကြီးနေရာအနှံ့ကူးစက်ပြန့်ပွားနေပေပြီ။ အဘယ်ကြောင့် မည်သူတစ်ဦးတစ်ယောက်မျှ ၎င်းအတွက်အရှင်းလင်းဆုံးသောအဖြေနှင့်ပတ်သက်၍ မပြောရသနည်း။ ထုတ်ဖော်ရန်မခဲယဉ်းသင့်။ ဆက်လက်ပြန့်ပွားရန်လည်းမလိုလားအပ်ဟု မေးခွန်းထုတ်ဆင်ခြင်ကြသော်လည်း ရိုးစင်း၍ အလွယ်ကူဆုံးနှင့်အရှင်းလင်းဆုံးဖြေရှင်းချက်ကတော့ ဖောက်ပြန်လှည့်စားတတ်သော "ထိုဘုရားများ" မှလှည့်ပြန်ကာ ထိမ်မြားခြင်း၏မြင့်မြတ်သန့်ရှင်းခြင်းနှင့်အိမ်ထောင်၏တန်ဖိုးများကို လေးစားခံယူဖို့သာဖြစ်ပေသည်။

ကမ္ဘာတစ်ဝန်းမှ နိုင်ငံရေးခေါင်းဆောင်အများကလည်း ၎င်းတို့၏ဘုရား "ငွေကြေး" ကိုသာ ကယ်တင်ရှင်အဖြစ် အားထား

ကိုးကွယ်ကြသည်။ "နောင်နှစ်ဒါထက်ပိုတဲ့သန်းပေါင်းများစွာကို အကုန်ကျခံမယ်။ ဒါထက်ကြီးဒါထက်ကောင်းတဲ့ဓါတ်ခွဲခန်းတွေ ဆောက်မယ်။ ဒါဆိုကာကွယ်ဆေးတွေရလာတဲ့အတွက် သင်တို့ရဲ့ စရိုက် (Life Style) ကြောင့်ဖြစ်လာမယ့်ဆိုးကျိုးတွေကို မကြောက်ရတော့ဘူးပေါ့" ဟုဆိုတတ်ကြသည်။

အကြမ်းဖက်ဝါဒသည်လည်း ဉပဒေမဲ့အင်အားသုံးလျက်နှင့် တန်ခိုးမရှိသောပျော့ညံ့သူ၏ဓားတစ်လက်သာဖြစ်လာသည်။ တစ်ယူသန်ခြင်း၊ မျှ၍မတွေးတတ်သောလျစ်လျူရှုခြင်းသဘောကိုသာ ပေးစွမ်းနိုင်ပြီးနောက် ၎င်းတို့၏တပ်သားများသည် စိတ်မချမ်းမြေ့ဖွယ်ဒုက္ခသည် စခန်းများ၌ မုန်းတီးမှုများဖြင့်တန်ဆာဆင်ထားသောစကားလုံး အဖြေအတွက် "အာဏာ" တည်းဟူသော ၎င်းတို့၏ဘုရားထံသို့သာ ဦးခိုက်ကြသည်။ "ပိုကောင်းတဲ့ဒုံးကျည်၊ ပိုကြီးတဲ့ဗုံးတွေကို ငါတို့ လုပ်ကြမယ်၊ ကျူးကျော်ဖိနှိပ်လာသူတွေကို ဒီလက်နက်တွေနဲ့ တိုက်ထုတ်ပစ်ကြမယ်" ဟုဆိုကြသေးသည်။

ထိုကဲ့သို့အဆင်ခြင်ကင်းမဲ့သောအားသုံးမှုတိုင်းသည် မတရားညှဉ်းပန်းနှိပ်စက်ခြင်းသဘောကိုအားပေးသည်။ ထို့အတွက် ဒေါသပို၍ပွားစေပြီး ၎င်းတို့၏အမုန်းအင်အားနှင့် အကြမ်းဖက်မှုကပင် အမှန်တကယ် သင့်လျော်သောအကြောင်းဖြစ်သည်ဟူသော မိမိတို့၏ ခံယူချက်ကို အခိုင်အမာပြုလာကြတော့သည်။

[အမှန်တကယ်ဘုရားမဟုတ်သောဘုရားများသို့ သင်၏သစ္စာနှင့်ကိုးကွယ်ရာကို မပုံအပ်ပါလေနှင့်။ အဆုံး၌ သင့်အားစိတ်ပျက်နာကျင်မှုသက်သက်သာဖြစ်စေမည့်အရာတစ်စုံတစ်ခု(သို့မဟုတ်)ပုဂ္ဂိုလ်

တစ်စုံတစ်ယောက်သို့ သင့်အသက်တာ၏အမြတ်ဆုံး(အဓိက)တွင် မထားပါစေနှင့်။]

## ငြိမ်းချမ်းရေးသမားတို့ (the flowers)၏ပျက်ကွက်ခြင်း

ယေရှု၏ရှေ့တည့်တည့်တွင် မတ်မတ်ရပ်ကာ စာတန်က ပထမပညတ်ဖြင့်တိုက်ခိုက်ခဲ့သည့်အကြောင်း ဓမ္မသစ်တွင်ဖော်ပြထားပြီးဖြစ်သည်။ "လောကနိုင်ငံရှိသမျှနှင့် ထိုနိုင်ငံတို့၏ဘုန်းစည်းစိမ်ကို ပြည့်ဝန်" ပြီးနောက် "ကိုယ်တော်သည် ငါ့အား ဦးညွှတ်ရှိခိုးမည်ဆိုပါက ဤအရာအလုံးစုံကိုငါပေးမည်" ဟုဆို၏။ (မဿဲ ၄း၈၊၉)။ ထိုနေရာတွင် "ငွေကြေး၊ လိင်မှုအပျော်အပါးနှင့် တန်ခိုးအာဏာအားလုံးတို့ကို သင်ရယူနိုင်၏" ဟုဆိုလိုသည်။

ယေရှု၏အဖြေ၌ မှားယွင်းသောဘုရားများ (စိတ်တိမ်းညွှတ်ရာများ) အပေါ်အာရုံထားခြင်းကိုငြင်းပယ်ခဲ့သည်။ ပထမပညတ်နှင့်ပတ်သက်၍ တရားဟောရာကျမ်း ၁၀း၂၀ ကိုကိုးကားလျက် လုပ်ဆောင်ရမည့်အပြုဘက်က ထုတ်ဖော်ချေပခဲ့၏။ "ကျမ်းစာလာသည်ကား" ဟုအစချီကာ "သင်၏ဘုရားသခင်ထာဝရဘုရားကိုသာလျှင် ဝတ်ပြုရှိခိုးရမည်" ဟုမိန့်တော်မူ၏။ (မဿဲ ၄း၁၀)။ မှားယွင်းသောဘုရားများကိုငြင်းပယ်ရုံ၊ ထိုဝတ်ပြုခြင်းများကိုရှုတ်ချရုံဖြင့် မလုံလောက်သေးပါ။ ကောင်းကင်ဘုံမှမှန်သောဘုရားကိုကိုးကွယ်ခြင်းဖြင့် အစားထိုးရပါဦးမည်။

လွန်ခဲ့သောမျိုးဆက်တစ်ခုက "flower children"ဟုခေါ်သောဆံပင်ရှည်ရှည်နှင့်စုတ်ပြဲသောအဝတ်ကိုဝတ်ဆင်ကြသည့်လူငယ်တစ်စုရှိခဲ့သည်။ အများက ၎င်းတို့ကို ဟစ်ပီ (hippies) ဟုခေါ်ကြသည်။

ယနေ့အဖို့ မည်သူကမျှသူတို့ကိုအားကျလိမ့်မည်မဟုတ်သော်လည်း ၎င်းတို့၌မှတ်သားဖွယ်ရာ ခံယူချက်တစ်ခုတော့ရှိသည်။ သူတို့က မှားယွင်းသောရုပ်ဝတ္ထုဝါဒကိုငြင်းပယ်၏။ ထို့ကြောင့်ပင် ၎င်းတို့၏ လုပ်ဆောင်မှုများမအောင်မြင်လေသလားမသိ။ အမှန်အားဖြင့် ၎င်းတို့မှာ ငြင်းပယ်ခြင်းတစ်ခုကိုသာပြုပြီး ပစ်ပယ်ထားသည့်အမှား၏နေရာလပ်တွင် အမှန်ကိုအစားထိုးဖြည့်စွက်ခြင်းမရှိသောကြောင့်ပင်ဖြစ်သည်။ အဆုံးမှာတော့ တစ်ကိုယ်ကောင်းဆန်ခြင်း၏နောက်အသွင်တစ်မျိုးသာ ဖြစ်ပေတော့သည်။

ထိုနှစ်များမှာပင် သန်းပေါင်းများစွာသောလူထုသည် တစ်ကိုယ်ကောင်းမဆန်သော မျှဝေခြင်းသဘောတရားကိုဆောင်၍ ခရစ်တော်၏သွန်သင်ချက်များနှင့်အတော်လေးဆင်တူသည့် ကွန်မြူနစ်ဝါဒကိုစံထားကျင့်သုံးလာခဲ့ကြသည်။ ၎င်းတို့လည်း မိမိတို့၏စိတ်ကူးရှိသည့်အတိုင်း စံပြလူ့အဖွဲ့အစည်းကို အဘယ်ကြောင့်မထူထောင်နိုင်ခဲ့ကြသနည်း။ အထက်ကနည်းအတိုင်းပင် မဖြစ်နိုင်သောစိတ်ကူးအိပ်မက်ကဲ့သို့ လူသားတို့၏ဖြစ်ရပ်အမှန်၌သာပြတ်ကျန်ခဲ့သည်။ ပြောင်းလဲဖို့လိုအပ်သည်။ ပြောင်းလဲရမည်ဟု လူထုကို သင်အမှန်တကယ်နားလည်သဘောပေါက်စေနိုင်ကာမှ သူတို့ပြောင်းလဲကြမည့် အရေးတွင် အမှန်တရားကိုသိရှိနှင့်မလုံလောက် အသိတရားအားဖြင့်သာ ယုံနေသည်ဆို၍ကာ မဖြစ်နိုင်ပါချေ။

စစ်မှန်သောကိုယ်ကျင့်သိက္ခာသည် သမ္မာကျမ်းက "ကျေးဇူးတော်" ဟုခေါ်ဆိုထားသည့် အတွင်း၌ပြောင်းလဲထွက်ပေါ်လာသောနှလုံးသားမှလာပါသည်။ တမန်တော်ရှင်ပေါလုက "ကောင်းမြတ်သောအရာ၊ နှစ်သက်ဖွယ်သောအရာ၊ စုံလင်သောအရာတည်းဟူသော ဘုရားသခင်အလိုတော်ရှိသောအရာသည် အဘယ်အရာဖြစ်သည်ကို

သင်နိုင်မည်အကြောင်း စိတ်နှလုံးအသစ်ပြင်ဆင်၍ ပုံသဏ္ဍာန်ပြောင်းလဲခြင်းသို့ရောက်ကြလော့” ဟု ရောမ ၁၂း၂ တွင် ဖော်ပြထားပါသည်။ “ဘုရားသခင်အလိုတော်ရှိသောအရာသည် အဘယ်အရာဖြစ်သည်ကို သင်နိုင်မည်အကြောင်း” ဆိုသောအပိုင်းတွင် အကျင့်သိက္ခာနှင့်ပတ်သက်၍ အဖြေမှန်ကိုဖော်ပြနိုင်ခြင်းထက် သာလွန်သောအနက်အဓိပ္ပါယ်ရှိပါသည်။ သတင်းအမှန်ကိုပေးနိုင်တာထက် ပါဝင်ပတ်သက်မှုရှိသည်။ ခြားနားမှုမရှိသောအရာတစ်ခုကို အဘယ်သို့လျှင်သက်သေပြုနိုင်ပါမည်နည်း။ ကျွန်ုပ်တို့သည် အတွင်းစိတ်၏အသစ်ပြုပြင်ခြင်းအားဖြင့် ပြောင်းလဲမှသာလျှင် ဘုရားသခင်အလိုတော်ရှိသောအရာကို အမှန်သက်သေပြနိုင်မည်ဖြစ်သည်။

မှန်သောအသက်ရှင်ခြင်းတည်းဟူသော ဤအခြေခံကျသည့်ပြောင်းလဲခြင်းသည် သဘာဝဖြစ်စဉ်တစ်ခုမဟုတ်ပါ။ ရုပ်ပိုင်းဆိုင်ရာအခြေပြု(အပြုအမူ)နှင့် စိတ်ပိုင်း(အကျင့်သိက္ခာ)နှင့်ပတ်သက်သောဆင်ခြင်မှုနှစ်ခုစလုံးတို့သည် ကိုယ်စီဦးနေရာကျသော်လည်း ပြောင်းလဲခြင်းသို့မရောက်လှမ်းနိုင်သေးကြောင်း ဆာလံဆရာက သဘောပေါက်ထားသည်။ “အိုဘုရားသခင်၊ အကျွန်ုပ်အထဲ၌ စင်ကြယ်သောနှလုံးကိုဖန်ဆင်းတော်မူပါ။ မြဲမြံတည်ကြည်သောသဘောကို အသစ်ပြုပြင်တော်မူပါ” (ဆာလံ ၅၁း၁၀) ဟုဖော်ပြပါသည်။ မှန်သောကိုယ်ကျင့်သိက္ခာကို မွေးဖွားသောနှလုံးအသစ်ပြုပြင်ခြင်းသည် ဖန်ဆင်းခြင်း၏လုပ်ဆောင်မှုတစ်ရပ်ဖြစ်ပြီး ထိုအရာမှာ ဘုရားသခင်ထံမှရသောလက်ဆောင်တစ်ခုသာဖြစ်ပေသည်။

ဤအကြောင်းကြောင့် ပထမပညတ်ချက်သည် မမှန်သောဘုရားများကိုဖယ်ရှားပစ်ပါဆိုရာလောက်တွင်မပြီးဘဲ “ငါမှတစ်ပါး”

ဆိုသည့်အပိုင်းက ပြုလုပ်ရမည့်အပိုင်းကိုထောက်ပြပေသည်။ အမှန်တကယ်ဘုရားမဟုတ်သော "အခြားသောဘုရားများ" ၏နေရာတွင် အလပ်မထားပါနှင့်။ "မကိုးကွယ်နှင့်" ဟုပါရှိသောတားမြစ်ချက်တွင် "ငါ" တည်းဟူသော မှန်သောဘုရားကိုကိုးကွယ်ရန်ဖော်ပြသောမိန့်ဆိုချက်တစ်ရပ်ပင်ဖြစ်ပါသည်။

## ကိုးကွယ်ခြင်းနှင့်ချစ်ခြင်းမေတ္တာ

ဘယ်ပညတ်ဟာအကြီးမြတ်ဆုံးလဲဟု မေးခွန်းထုတ်ခဲ့ဖူးသည်။ တရားဟောရာကျမ်း ၆း၅ ကိုကိုးကားလျက် ယေရှုက "သင်၏ဘုရားသခင်ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ဉာဏ်ရှိသမျှနှင့်ချစ်လော့" ဟုပြန်၍မိန့်တော်မူ၏။ တစ်ဖန် "ပထမပညတ်ဖြစ်၏၊ ကြီးမြတ်သောပညတ်လည်းဖြစ်၏" ဟုထပ်၍မိန့်ဆိုခဲ့၏။ (မဿဲ ၂၂း၃၇–၃၈)။

ယေရှုကို စာတန်ကလှည့်ဖြားဖို့ကြိုးစားခဲ့စဉ်ကလည်း ဘုရားသခင်ကိုသာကိုးကွယ်ရမည်ဟူသော ပညတ်ချက်နံပါတ်တစ်ခုကိုမိန့်ဆိုခဲ့သည်။ ယခုမိန့်တော်မူချက်မှာကား သူ့အား "ချစ်" ရမည်ဟုဆိုပါသည်။

"ကျွန်မဒဲနီကိုချစ်တယ်၊ သူဟာကျွန်မရဲ့ကိုးကွယ်ရာ" ဟုဆိုခဲ့သောဂျက်ကလင်းသည် သမ္မာကျမ်း၏အဆိုမှ မြတ်နိုးကိုးကွယ်ခြင်းကိုမစဉ်းစားခဲ့မိသော်လည်း ဝတ်ပြုကိုးကွယ်ခြင်းသည် မေတ္တာကဖော်ပြသောလုပ်ဆောင်ချက်တစ်ခုဖြစ်သည်ဆိုသောအမှန်တရားနှင့်တော့ သူမ၏နားလည်မှုအတော်နီးစပ်ပေသည်။

ကိုးကွယ်ရှိခိုးခြင်းဆိုသည်မှာ ချစ်ခြင်းကဲ့သို့ပင် နှလုံးသား၏သဘောထားတစ်ရပ်ဖြစ်သည်။ ဘုရားသခင်ကို ပထမနေရာတွင်

ထားရှိစေသောဆန္ဒနှင့်ဆုံးဖြတ်ချက်တစ်ရပ်၊ နှလုံးသားပလ္လင်ထက်တွင် နေရာပေးလျက် ဘဝအသက်တာကိုပိုင်သအုပ်စိုးသူအဖြစ်ထားရှိခြင်းပင် ဖြစ်သည်။ ဘုရားသခင်အားအုပ်စိုးရန် ပေးအပ်ခြင်းဆိုသည်မှာ ကြောက်စရာအသွင်နှင့် မည်ကဲ့သို့ပြုလိမ့်မည်ကို ကြိုတင်တွေးထင်ကာ ကိုယ်ကိုအပ်နှံလိုက်ခြင်းမျိုးမဟုတ်ပါ။ ဘုရားသခင်ကို ကျွန်ုပ်တို့ နားလည်နိုင်သည့်အတိုင်းအတာအထိ၌သာ သူ့အားယုံကြည်နိုင်သည် ဆိုသည့်အယူအဆမျိုးလည်းမဟုတ်ပါ။ ထိုသို့သာဆိုလျှင် ကျိုးကြောင်း ဆင်ခြင်နိုင်စွမ်း၌သာ ယုံကြည်ခြင်းကိုတည်ဆောက်နိုင်သောဘုရားမရှိ ဝါဒကိုဦးတည်ပြီး ပိုဆိုးသည်က ကျွန်ုပ်တို့၏ဉာဏ်စွမ်းတည်ရာ၌ ဘုရားကိုကန့်သတ်နေခြင်းမျိုးဖြစ်ပေတော့မည်။ သည်မှတော့ကျွန်ုပ်တို့ ကိုးကွယ်နေသောသူသည် ဘုရားမဟုတ်တော့ဘဲ တိုင်းတာမှန်းဆ နိုင်သောအကန့်အသတ်တစ်ခုသာဖြစ်ပေမည်။

ဤနေရာတွင် ခရစ်ယာန်၏ယုံကြည်ခြင်း၌ ဘုရား၏ဖြစ်တည် ခြင်းကိုအထောက်အထားပြုသည့်သက်သေများကို သိမှတ်စရာမလိုဟု မပြောပါ။ ထိုသက်သေများကိုရှာဖွေခြင်းသည်လည်း မမှားပါ။ သို့သော် ၎င်းအချက်အလက်တို့သည် ယုံကြည်ခြင်း၏ဇာစ်မြစ်မဟုတ်ကြောင်း နားလည်ထားရပေမည်။

ဘုရားသခင်ကို လူသားတို့၏အတွေးအခေါ်အားဖြင့်မဟုတ်ဘဲ ဘုရားသခင်က မိမိကိုယ်ကိုဖော်ပြတော်မူသော ဗျာဒိတ်တော်အားဖြင့်သာ သိနားလည်လာရခြင်းဖြစ်သည်။ အထောက်အမမပါသော ကျွန်ုပ်တို့၏ အားထုတ်မှုများအားဖြင့် နားမလည်နိုင်ပေ။ ဘုရားသခင်ဖော်ပြတော်မူ သောအဖြစ်တော်ကို ယေရှုခရစ်တော်အားဖြင့် အများဆုံးထင်ရှားပေ သည်။ "ဘုရားသခင်ကို အဘယ်သူမျှမမြင်စဖူးသော်လည်း ခမည်းတော်

၏ရင်ခွင်၌ရှိသော တစ်ပါးတည်းသောသားတော်သည် ဘုရားသခင်ကို ထင်ရှားစေတော်မူပြီ” (ယောဟန် ၁း၁၈)။ အမှုတော်ဆောင်ရာနှစ်ဦး ပိုင်းများ၌ပင် ဘုရားသခင်၏အဖြစ်တော်ကိုထင်ရှားစေခဲ့သည်။ ကလေးငယ်များကို လက်ဖြင့်ချီမကာ ကောင်းချီးပေးသောအခါများ၊ တပည့်တော်တို့အား အိုင်နားတွင်သွန်သင်ခဲ့ရာများ၊ လေမုန်တိုင်းကို ငြိမ်းစေသောအခါနှင့် ဗိမာန်တော်ကိုသုတ်သင်ရှင်းလင်းခဲ့သည့်အခါများ ထိုအကြောင်းအရာအားလုံးတို့တွင် ကိုယ်တော်က ငါဖြစ်လေရာနှင့် ပြုလေရာသည် ဘုရားသခင်ဖြစ်တော်မူ၏ ဟုဆိုသတည်း။

သခင်ယေရှုကပ်တိုင်ပေါ်တွင်အသေခံမီလေးမှာပင် ဖိလိပ္ပုက “သခင်၊ ခမည်းတော်ကို အကျွန်ုပ်တို့အားပြတော်မူပါ” ဟုတောင်းဆို ခဲ့သည်။ (ယော ၁၄း၈)။ သခင်ယေရှုကို အမှန်တကယ်နာကျင်စေ ခဲ့ကြောင်းပြန်ဖြေကြားသည့်စကားအားဖြင့် နားလည်နိုင်ပါသည်။ “ဖိလိပ္ပု၊ ဤမျှကာလပတ်လုံး ငါသည် သင်တို့နှင့်အတူရှိပြီးမှ သင်သည် ငါ့ကိုမသိသေးသလော။ ငါ့ကိုမြင်သောသူသည် ခမည်းတော်ကိုမြင် ၏။ သို့ဖြစ်လျှင် ခမည်းတော်ကို ကျွန်ုပ်တို့အားပြတော်မူပါဟု သင်သည် အဘယ်သို့ဆိုရသနည်း” (ယော ၁၄း၉)။ ခရစ်ဝင်ကျမ်းများ၌ ဖိလိပ္ပုကို သံသယစိတ်များပြီးနာခံရန် တုံ့ဆိုင်းတတ်သောတပည့်တော်အဖြစ် ဖော်ပြထားသည်။ ဘုရားသခင်၏ဖော်ပြခြင်းသည် ဘယ်တော့မှ အတင်းမဝင်ရောက်ဘဲ မိမိတို့၏နားများ၊ မျက်စိများ၊ အထူးသဖြင့် စိတ်နှလုံးကိုဖွင့်ထားသောသူများအထဲသို့ ငြိမ်သက်စွာဝင်ရောက်ပေ သည်။ ကြီးကျယ်ခမ်းနားသောလုပ်ဆောင်မှုမဟုတ်ဘဲ ယုံကြည်ခြင်းကို ပိတ်ဆို့စေမည့်အရာများကိုဖယ်ရှားစေသည့် ဆန္ဒတစ်ခုသာလိုအပ်ပေ သည်။

ဘုရားသခင်ကို ပထမနေရာတွင်ထားရှိခြင်းဆိုသည်မှာ ကိုယ်တော်ကိုဆိုင်ပြိုင်ပြီး သူ၏အုပ်စိုးပိုင်သတော်မူခြင်းကို မှေးမှိန်စေသောစိတ်ပါဝင်စားမှုနှင့်အတွေးအခေါ်တို့ကို ကျွန်ုပ်တို့၏စိတ်ထဲမှ ဖယ်ရှားလိုက်ခြင်းဖြစ်သည်။ ဤသဘောထားသည်သာလျှင် စစ်မှန်သောဂုဏ်သိက္ခာနှင့်ဝိညာဉ်ရေးအသက်တာ၏အခြေခံစည်းမျဉ်းဥပဒေဖြစ်သည်။ နေ့စဉ်နှင့်အမျှ ကျွန်ုပ်တို့ရင်ဆိုင်နေရသည့် မဆုံးနိုင်သောရွေးချယ်ဆုံးဖြတ်စရာများတို့တွင် မှန်ကန်စေနိုင်စွမ်းမည့်စည်းမျဉ်းသဘော၏အချုပ်ပင်ဖြစ်ပေသည်။ ထိုအတွက် ဤဗွီဒီယို၊ ဤကစားဂိမ်း၊ ဤမိတ်ဖွဲ့ခြင်း၊ ဤအလုပ်နှင့် ဤပိုင်ဆိုင်မှု စသည့်အမှုအရာတိုင်းတို့တွင် ဘုရားသခင်နှင့်ကျွန်ုပ်၏ပတ်သက်မှုကို ထိခိုက်စေနိုင်ခြင်းရှိ၊ မရှိ ရှင်းလင်းစွာဆင်ခြင်နိုင်ပေလိမ့်မည်။ ဤစကား၌ အမှန်တယ်အသက်ရှင်ပါလျှင် ကျွန်ုပ်တို့၏အသက်တာထဲသို့ တည်ငြိမ်သောဂုဏ်သိက္ခာပြည့်ဝကာ စိတ်သောကအစား ငြိမ်သက်ခြင်း၊ စိတ်ဖိစီးမှုနှင့် စိတ်ပျက်ခြင်းတို့ကို အဝေးသို့နှစ်ပစ်သည့် မျှော်လင့်ခြင်းတို့ဖြင့် တောင်ပေါ်၌ သခင်ယေရှုဟောကြားခဲ့သော ဒေသနာတော်မှ နားထောင်ခြင်းတရား၏နက်နဲသိမ်မွေ့သောဝိညာဉ်ရေးရာကို နားလည်နိုင်စွမ်းသော လက်ငင်းအကျိုးကိုရရှိပေမည်တည်း။

## ပထမနေရာတွင်တည်ရှိသောဤပညတ်ချက်

ဘုရားသခင်ရှိသည်ဟု တကယ်ယုံကြည်သက်ဝင်နေကြသောလူအများစုကပင်လျှင် ဘုရားသခင်ကို မိမိတို့ဘဝအသက်တာ၏နံပါတ်တစ်နေရာတွင်ထားရှိရန် သဘောမပေါက်ကြပါ။ ဘုရားအစစ်အမှန်၏စိုးစံထိုက်ရာနှင့် စိုးစံနိုင်ရာသည် ထိုနံပါတ်တစ်နေရာသာ

ဖြစ်ပေသည်။ သို့အတွက်ကြောင့် ဤပြည်တ်ချက်က ပထမပြည်တ်ချက်ဖြစ်ရပေ၏။ ဤပထမပြည်တ်ချက်ကို နှလုံးသွင်းပိုက်ကာ ဘုရားသခင်အား မိမိအသက်တာ၏အုပ်စိုးပိုင်သရာအရှင်သခင်အဖြစ် မထားရှိနိုင်ခဲ့လျှင် ကျန်ပြည်တ်ချက်များတို့သည် ထောင်ပေါင်းများစွာသောအခြားအတွေးအခေါ်ကောင်းများထက် တန်ခိုးမရှိသောရိုးရိုးသာမန်စာရိတ္တတည်ဆောက်ရန်ထားရှိသည့် ပြည်တ်ချက်များသာဖြစ်ပေတော့မည်။

ဘုရားသခင်၏အကြောင်းနှင့် ကျွန်ုပ်အတွက်တည်သောသူ၏အလိုတော်ကိုပြည့်ဝစုံလင်စွာနားလည်ထားပြီးပြီလား။ ကျွန်ုပ်မှာ ဘုရားသခင်လက်ခံနိုင်လောက်တဲ့အခြေအနေရှိရဲ့လား၊ အခြားပြည်တ်ချက်တို့ကိုလိုက်လျှောက်ပြီးပြီလား စသည့်မေးခွန်းများက လိုရင်းမဟုတ်ပါ။ ကျန်ပြည်တ်ချက်ကိုးချက်တို့ကိုလိုက်လျှောက်ပြီးမှ နံပါတ်တစ်ပြည်တ်ကိုစောင့်ထိန်းမည်ဟူ၍ကားမဖြစ်နိုင်ပါ။ ဤနံပါတ်တစ်ပြည်တ်ချက်အားဖြင့်သာလျှင် ကျန်ပြည်တ်ချက်များပြည့်စုံနိုင်ပေမည်။

ကျွန်ုပ်အတွက် ရိုးရိုးလေးနှင့်အရေးကြီးသောမေးခွန်းမှာ ဘုရားသခင်အားထားရှိအပ်သောသူ၏နေရာအမှန်သို့ ကျွန်ုပ်ကထားရှိလိုပါရဲ့လား။ သူ့အား ကျွန်ုပ်ကနံပါတ်တစ်ဖြစ်စေလိုပါသလား။ ပထမပြည်တ်ချက်နှင့်ပတ်သက်သမျှသည် ဤအရာပင်ဖြစ်သည်။

ရှေးအခါမှစ၍ ရာစုနှစ်များကိုဖြတ်သန်းလျက် ယနေ့တိုင်အောင် ကျွန်ုပ်တို့အားဖိတ်ခေါ်သံကိုဆင်ခြင်ပါလေ။ "သင်၏ဘုရားသခင်ထာဝရဘုရားကိုကြောက်ရွံ့၍ လမ်းတော်သို့လိုက်သွားခြင်း၊ သင်၏ဘုရားသခင်ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ချစ်၍ အမှုတော်ကိုဆောင်ရွက်ခြင်း၊ သင်၏အကျိုးကိုထောက်၍ ယနေ့

ငါဆင့်ဆိုသောထာဝရဘုရား၏ပညတ်တော်ကိုစောင့်ရှောက်ခြင်းအမှုမှ
တစ်ပါး သင်၏ဘုရားသခင်ထာဝရဘုရားသည် အဘယ်အမှုကိုတောင်း
တော်မူသနည်း" (တရားဟောရာကျမ်း ၁၀း၁၂၊၁၃)။

---***---

# ဘုရားအငယ်များ
## ဒုတိယပညတ်ချက်

**"အထက်မိုးကောင်းကင်၌လည်းကောင်း၊ အောက်အရပ် မြေကြီးပေါ်၌လည်းကောင်း၊ မြေကြီးအောက်ရေထဲ၌လည်းကောင်း ရှိသောအရာနှင့်ပုံသဏ္ဌာန်တူအောင် ရုပ်တုဆင်းတုကို ကိုယ့်အဖို့ မလုပ်နှင့်။ ဦးမချဝတ်မပြုနှင့်။ အကြောင်းမူကား သင်၏ဘုရားသခင် ငါထာဝရဘုရားသည် သင်၌အပြစ်ရှိသည်ဟု ယုံလွယ်သောဘုရား၊ ငါ့ကိုမုန်းသော သူ၏အမျိုးအစဉ်အဆက် တတိယအဆက်၊ စတုတ္ထ အဆက်တိုင်အောင် အဘတို့၏အပြစ်ကို သားတို့၌ဆပ်ပေးစီရင်သော ဘုရား၊ ငါ့ကိုချစ်၍ ငါ့ပညတ်တို့ကိုကျင့်သောသူတို့၏ အမျိုး အစဉ်အဆက်အထောင် အသောင်းတိုင်အောင် ကရုဏာကိုပြင်သော ဘုရားဖြစ်၏။" (ထွက်မြောက်ရာကျမ်း ၂၀း၄–၆)။**

မနက်မိုးသောက်ချိန်ဖြစ်၏။ အိမ်မှတောလမ်းလေးတစ်လျှောက် ကားမောင်းထွက်လာခဲ့ကြသည်။ ထိန်ထိန်ညီးသောမြို့၏ဘုန်းသည် ကျွန်ုပ်တို့၏အနောက်ဘက်မှာ ပျောက်ကျန်ရစ်ပြီး အရှေ့ဘက်သို့ တိုးထွက်နေသောကားမီးကိုသာ အားပြုခရီးဆက်လာခဲ့ကြသည်။ လမ်း တစ်လျှောက်မှာ ကားအင်ဂျင်၏ဝီသံနှင့် လမ်းနှင့်ပွတ်တိုက်သော တာယာ၏မြည်သံမှတစ်ပါး တိတ်ဆိတ်လျက်ရှိသည်။

မိုးကုပ်စက်ဝိုင်း၏အောက်ခြေမှပေါ်ထွက်သောရောင်နီက နေ့ရောက်တော့မည်ဟု သတိပေးလာပြီ။ မလှမ်းမကမ်းရှိတောင်ကုန်း တစ်ဖက်မှ လက်သည်းခွံသဏ္ဌာန်ပြူထွက်လာသော အနီရောင်အပိုင်း အစတစ်ခုက တိတ်တိတ်ကလေးချောင်းကြည့်သည့်အလား။ ပြီးနောက်

တည်တည်တန့်တန့်နှင့်ကိုယ်ဟန်ပြသောနေဝန်းနီကြီးက မလှုပ်သလို မယှက်သလိုဖြင့် တစ်မိနစ်အတွင်း အတော်အတန်လေးမြင့်တက်လာတော့ နေ့ရောက်ပြီဟုအတိအလင်းကြေညာလိုက်ပြီပေါ့။

တိတ်ဆိတ်မှုကိုဖြိုခွင်းလိုက်သူမှာ ကျွန်ုပ်တို့၏သားဦးကလေးပင်ဖြစ်သည်။ ၄ နှစ်အရွယ်သာရှိသေးသော ဒေးဗစ်ကလေး၏ ထူးဆန်းသောမှတ်ချက်က ကျွန်ုပ်တို့ကိုအံ့အားသင့်စေခဲ့ပါသည်။

"ဖေဖေ" သူကဆို၏။ "နက်ဖြန်နေ့ဒီထက်သာစောစော ထွက်လာခဲ့ရင် အဲဒီတောင်ကုန်းပေါ်ကနေထွက်လာတဲ့နေလုံးကို သားတို့ဖမ်းလို့မိမှာပဲနော်" ဟု သူ့အထင်ကို ပီပီသသဖွင့်ဟလိုက်၏။

"ကလေးတစ်ယောက်ရဲ့အတွေးပါလား" ဟုကျွန်ုပ်ဆင်ခြင်မိသည်။ ထိုကလေးက နေကြီးကိုဖမ်းကိုင်နိုင်လောက်အောင်စွမ်းသည်ဟု မိမိကိုယ်ကိုအထင်ကြီးနေခြင်းမဟုတ်ဘဲ ရိုးရိုးလူဖမ်းကိုင်နိုင်တဲ့အထိ နေကသိပ်မကြီးဘူးဟု သူကဘောပေါက်နေခြင်းသာဖြစ်သည်။ သူ၏ ဦးနှောက်ငယ်ထဲသို့ ကျယ်ပြောသောစကြဝဠာကြီးကိုမထည်းသွင်းနိုင်သောကြောင့် စကြဝဠာ၏တန်ဆာများကို အသေးမြင်လိုက်ခြင်းပင်ဖြစ်ပါသည်။

မြေလုပ်သားတစ်ဦးက ရွှံ့မြေတချို့ကိုတူးယူ၏။ ပြီးနောက် ပုံဖော်သွန်းလိုက်၏။ မျက်လုံး၊ နှာခေါင်း စသည်ဖြင့် အစုံအလင်ပါ၏။ တစ်ဖန်နေလှန်းလိုက်၏။ ခြောက်သွားသောအခါ ကြိုက်ရာအရောင်ကိုခြယ်၏။ ဤနည်းဖြင့် ဘုရား၏ရုပ်ပုံကိုထုလုပ်၍ရပါမည်လား။ မဖြစ်နိုင်ပါ။ သူ့ပုံသူထုနေခြင်းသာဖြစ်သည်။

၄ နှစ်သားလေးက သူ၏လက်ကလေးဖြင့် နေကိုဖမ်းကိုင်နိုင်မည်ထင်ခဲ့သည်။ မြေလုပ်သားကလည်း ဘုရား၏ပုံကိုသူထုနိုင်သည်ဟုထင်ပြန်သည်။ ထိုနှစ်ဦးစလုံးက အတူတူမှားကြသည်။

"ရောလမုန်မင်းကြီး၌ လျောက်ပတ်သောရှုမြင်ချက်ကိုတွေ့ ရပါသည်။ ယေရုရှလင်မြို့၌ လှပသောဗိမာန်တော်တစ်ဆောင်ကို ဆောက်လုပ်ပြီးစီးသောအခါ ကြည်နူးအားရလျက် ပွဲလမ်းသဘင်ကို မပျက်မယွင်းခဲ့။ မင်းကြီးပူဇော်ခဲ့သောပတ္ထနာစကားမှာလည်း လျောက်ပတ်ပေသည်။ "သို့ရာတွင် ဘုရားသခင်သည် လူတို့နှင့်အတူ ကမ္ဘာမြေကြီးပေါ်တွင် အကယ်ပင်စံနေတော်မူနိုင်ပါသလော။ ကောင်းကင်ဘဝဂ်ပင်လျှင် ကိုယ်တော်စံနေတော်မူနိုင်အောင်မကျယ်ဝန်း ပါလျှင် အကျွန်ုပ်တည်ဆောက်သည့်ဗိမာန်တော်ကား စံနေတော်မူ နိုင်ရန် ကျယ်ဝန်းမည်မဟုတ်ပါ" (၆ရာ ၆း၁၈)။

**ဘုရားကိုကိုယ်စားပြုမည့်(ပုံဆောင်မည့်)ရုပ်တုကို ဒုတိယ** ပညတ်ချက်အနေဖြင့် တားမြစ်ရခြင်းမှာ အဘယ်မျှလောက်ကြီးမား အောင်ထုလုပ်နိုင်ကာမူ (သို့မဟုတ်) အဘယ်မျှလောက်ထည်ဝါအောင် စိန်၊ ရွှေ၊ ရတနာတို့ဖြင့်မွမ်းမံလျက်ပြီးစေကာမူ အကြောင်းမဟုတ်၊ ဘုရားကို သေးသိမ်စေသောအမူသာဖြစ်သောကြောင့်ပင်ဖြစ်သည်။ လူသားတို့၏အတွေးအခေါ်ဖြင့် ဘုရားကိုဘောင်ခတ်နေခြင်းပင်ဖြစ် သည်။ မစုံလင်နိုင်သော လူသားများ၏အားနည်းမှုဖြင့်ပုံဖော်သော ဘုရား၏ဂုဏ်ကိုညှိုးစေသည့် အပြစ်၏အခြေအမြစ်ကို ရှောင်ရှားနိုင်ရန် ဒုတိယပညတ်ချက်က မစနေပါသည်။

ခေတ်သစ်ဆင်ခြင်တုံသမားများလည်း ဤအမှားမျိုးကျူးလွန် နေကြပေသည်။ ကျယ်ပြောသောစကြဝဠာကြီးထဲသို့ သူတို့၏ဉာဏ်စွမ်း ကွန်ယက်ငယ်များကိုဖြန့်ကြသည်။ ၎င်းတို့၏အသိတရားနှင့်အစွမ်း ပကားတွင် ကန့်သတ်သောသတင်းအချက်အလက်များကိုသာရယူ

နိုင်ပေသည်။ ထိုသတင်းအချက်အလက်ကလေးများ၏ပိုင်ရှင်အဖြစ် မိမိကိုယ်ကိုသတ်မှတ်ကာ မိမိတို့မမြင်သည့်အခြားသောတည်ရှိခြင်း အဖြစ်များကို ငြင်းဆန်တတ်ကြသည်။ ပြောခဲ့သည့်အတိုင်း တူသော အမှားတစ်ခုကိုပြုနေကြသည်။ ဤအမှုတွင်အသိမဲ့သူများမှသာကျူးလွန် ကြသည့်အမှားမျိုးမဟုတ်ပါ။

**"ခမည်းတော်သည်ကိုယ်တော်တိုင်သင်တို့ကိုချစ်တော်မူ၏"**

ရှေးအခါက ရုပ်တုကိုးကွယ်မှုတွင် ဘုရားအများဝါဒကို ယုံကြည်ကြသည်။ အရာရာ၌စောင်မနိုင်ရန် ဘုရားတစ်ပါးတည်းက မလုံလောက်နိုင်ဟုအထင်ရှိသောကြောင့် ဘုရားအများကိုတည်ထား ကိုးကွယ်လာကြသည်။

ရှေးဦးခရစ်ယာန်များအနေဖြင့် ဘုရားတစ်ဆူတည်းရှိသည်ကို ယုံကြည်ခဲ့ကြသော်လည်း သူတို့အထဲမှအတော်များများက ထိုဘုရားမှာ မည်သူဖြစ်သည်ကို သိပ်သဘောမပေါက်ခဲ့ကြပါ။ ယခင်အခါကကိုးကွယ် ခဲ့ကြသောဘုရားများကဲ့သို့ မေ့လျော့တတ်သောဘုရား၊ ဂရုမစိုက်လို သောဘုရားဟုစိတ်ထင်ရှိခဲ့ကြသည်။ ဘုရား၏ဥပေက္ခာပြုမှုကို အောင်နိုင်ပြီး မိမိတို့၏လိုအပ်ချက်များအပေါ်စိတ်ဝင်စားလာအောင် အဆက်မပြတ်တောင်းလျှောက်ဖို့လိုအပ်သည်ဟု ရုပ်တုကိုးကွယ်သည် ဘာသာမှပြောင်းလဲလာသူများကထင်ကြသည်။ ပို၍ပင်ဆိုးနေပြီလား။

သမ္မာကျမ်းစာက ဘုရားသခင်ကို လူသားတို့၏အစွမ်းဆောင် နိုင်ဆုံးမေတ္တာမျိုးနှင့်နှိုင်းယှဉ်လျက် "မိန်းမသည် မိမိဖွားသောသားကို မသနားသည်တိုင်အောင် မိမိနို့စို့သူငယ်ကို မေ့လျော့နိုင်သလော အကယ်၍မေ့လျော့သော်လည်း သင့်ကိုငါမမေ့လျော့။ ငါသည်

ကိုယ်လက်ဝါး၌ သင့်ကိုစာထိုးပြီ” ဟု ဟေရှာယ ၄၉း၁၅၊၁၆ တွင် ဖော်ပြပေသည်။ သခင်ယေရှုကလည်း “သင်တို့အဖို့အလိုငှါ ငါသည် ခမည်းတော်ကိုတောင်းမည်ဟုမဆို။ ခမည်းတော်သည် ကိုယ်တော်တိုင် သင်တို့ကိုချစ်တော်မူ၏” ဟုမိန့်တော်မူ၏။ (ယော ၁၆း၂၆၊၂၇)။ တမန်တော်ကြီးကလည်း “ထိုကြောင့် ငါတို့သည် သနားခြင်းကရုဏာ ကိုလည်းကောင်း၊ တော်လျော်သောမစခြင်းကျေးဇူးတော်ကိုလည်းကောင်း ခံရမည်အကြောင်း ရဲရင့်သောစိတ်နှင့် ကျေးဇူးပလ္လင်တော်သို့တိုးဝင် ချဉ်းကပ်ကြကုန်အံ့” ဟုနှိုးဆော်ထားပေသည်။ (ဟေဗြဲ ၄း၁၆)။

သေလွန်ပြီးသောသန့်ရှင်းသူများမှတစ်ဆင့် ပတ္တနာလျှောက်တင် ခြင်းသည်လည်း ရုပ်တုကိုးကွယ်သူတို့၏ဘုရားကိုကန့်သတ်သည့် အတွေးအခေါ်မှလာသောကြောင့် ဒုတိယပညတ်ချက်ကိုချိုးဖောက်ခြင်း ဖြစ်ပေသည်။

## “အဘယ်ကြောင့် ယုံမှားသနည်း”

ဂွါနာဂျာသင်္ဘောဆိပ်တွင် မိတ်ဆွေတစ်ယောက်နှင့်အတူ ရပ်နေစဉ် ဆိပ်ကမ်းတွင်ဆိုက်ကပ်နေသော ပုစွန်ဖမ်းသင်္ဘောများကို တွေ့ခဲ့သည်။ မနက်ပိုင်း၌ ၎င်းတို့၏ငါးဖမ်းပိုက်ကြီးများကို နေတွင် လှန်းလျက် ညနေပိုင်းများ၌ တစ်ဖန်ငါးပုစွန်ထွက်ဖမ်းလေ့ရှိသည်။ နေ့စဉ်တန်ချိန်ပေါင်းများစွာသော ပုစွန်များရရှိကြောင်းသိခဲ့ရ၍ အံ့ဩမိ သည်။ ဤနှုန်းအတိုင်းသာဆက်၍ဖမ်းမိလျှင် သိပ်ကြာကြာမခံဘဲ သမုဒ္ဒရာထဲမှပုစွန်များကုန်ခန်းသွားလိမ့်မည်ဟုလည်းထင်ခဲ့ပါသည်။

နောက်နေ့မနက်အချိန် ကမ်းရိုးတန်းတစ်လျှောက်ကိုဖြတ်လျက် ဂွါနာဂျာမှ ပြူရိုတိုကဘဲဇတ်သို့ လေယာဉ်ဖြင့်ခရီးဆက်ခဲ့ရာ လေယာဉ်၏

လက်ဝဲဘက်တွင် စိမ်းစိုသောတောတောင်နှင့် လက်ယာဘက်တွင် ကြီးမားကျယ်ပြန့်သောပင်လယ်ပြာကြီးကိုရှုမောခဲ့ရပါသည်။ မိုးကုပ်စက်ဝိုင်းဆီသို့ မိုင်ပေါင်းမည်မျှကွာဝေးလိမ့်မည်ကို ကိုယ်ဘာသာစဉ်းစားငေးမောနေရင်း ပင်လယ်ထဲတွင်ပိုက်ကွန်များဖြင့် ငါးပုစွန်များဖမ်းနေသည့် မနေ့ကဆိပ်ကမ်းမှာမြင်တွေ့ခဲ့သောသင်္ဘောမျိုးကို အဝေးမှအလွန်သေးငယ်စွာတွေ့မြင်ရပြန်သည်။ ၎င်းတို့၏အရွယ်မှာ ပင်လယ်ကြီးနှင့်မလိုက်ဖက်အောင် သေးငယ်လွန်းပေသည်။ ဒီလောက်သေးငယ်တဲ့လူမျိုးက *မြင်မဆုံးတဲ့ဘုရားရဲ့အဏ္ဏဝါဘဏ္ဍာကိုကုန်ခန်းစေနိုင်မှာလဲ* ဟုတွေးနေမိပါသည်။ ခြားနားသောအသိဖြင့်ရှုမြင်လိုက်သောအခါ အရာဝတ္ထု၏ပြောင်းလဲမှုကိုခံစားခလာရသည်ပင်။

ကျွန်ုပ်တို့၏အခက်အခဲပြဿနာများ မိုးလောက်မြေလောက်ကြီးမားပါသည်ဟုထင်ရသောအခါများတွင် ဘုရားကဘယ်လိုများမြင်ပါလိမ့် ဟုစဉ်းစားကြည့်မိသည်။ သင်ကောဘယ်လိုထင်ပါသလဲ။

မုန်တိုင်းထန်သောဂါလိလဲတစ်ညတွင် ပေတရုကြီးအသွန်သင်ခံခဲ့ရသောသင်ခန်းစာရှိသည်။ ဧရာမလှိုင်းလုံးကြီးနှင့်လေကြမ်းကြီးက အထိတ်တလန့်ဖြစ်စေ၍ “ကယ်မတော်မူပါသခင်” ဟုဟစ်ကြော်လေ၏။ (မဿဲ ၁၄း၃၀)။

“ယေရှုသည် လက်တော်ကိုချက်ချင်းဆန့်၍ ပေတရုကိုကိုင်လျက်၊ ‘ယုံကြည်ခြင်းအားနည်းသောသူ၊ အဘယ်ကြောင့် ယုံမှားသောစိတ်ဝင်သနည်း’ ဟုမေးတော်မူ၏” (မဿဲ ၁၄း၃၁)။

ကြောက်ရွံ့ခြင်းနှင့်စိုးရိမ်ပူပန်ခြင်းသည် ယုံကြည်ခြင်းအားနည်းရာမှလာ၍ ကျွန်ုပ်တို့၏အသိစိတ်များတွင် ဘုရားကိုသေးငယ်စေသောကြောင့် ဒုတိယပညတ်ချက်ကို ပြစ်မှားကျူးလွန်ရာရောက်ပေသည်။

**ရုပ်တု၏တန်ခိုးကိုဘယ်တော့မှလျှော့မတွက်ပါနှင့်**

ဆာလံဆရာက ရုပ်တုများအကြောင်း ဤသို့ဆို၏။ "လုပ်သောသူတို့လည်းအတူတူ၊ ကိုးစားသောသူအပေါင်းတို့လည်း အတူတူပါတကား" (ဆာလံ ၁၁၅း၈)။ တမန်တော်ပေါလုကလည်း သူ့အချိန်၌တူညီသောအသွင်ကို ဤသို့ဆို၏။ "ထိုသူတို့သည် ဘုရားသခင်ကိုမသိမမှတ်လိုသည်ဖြစ်၍ မလျောက်ပတ်သောအမှုကိုပြုစေမည်အကြောင်း ဘုရားသခင်သည် သူတို့၏မောဟလက်သို့အပ်လိုက်တော်မူသည်နှင့်အညီ" "မလျောက်ပတ်သောအမှုများ" စာရင်းတွင် အလုံးစုံသောအဓမ္မကျင့်ခြင်း၊ မတရားသောမေထုန်ကိုပြုခြင်း၊ ဆိုးညစ်ခြင်း၊ လောဘလွန်ကျူးခြင်း၊ မနာလိုခြင်း၊ ငြူစူခြင်း၊ လူအသက်ကိုသတ်ခြင်း၊ ရန်တွေ့ခြင်း၊ လှည့်ဖြားခြင်း၊ သူတစ်ပါးကိုမြင်ပြင်းခြင်းတို့နှင့်ပြည့်စုံသောသူ၊ ချောစားသောသူ၊ ဆဲရေးသောသူ၊ ဘုရားသခင်ကိုမုန်းသောသူ၊ ကြမ်းတမ်းသောသူ၊ မာနထောင်လွှားသောသူ၊ ဝါကြွားသောသူ၊ မတတ်ကောင်းသောအတတ်ကိုစီရင်သောသူ၊ မိဘစကားကိုနားမထောင်သောသူ၊ သတိမရှိသောသူ၊ သစ္စာပျက်သောသူ၊ မိဘသားမယားစသည်တို့ကိုမချစ်သောသူ၊ ရန်ငြိုးထားသောသူ၊ သနားခြင်းကရုဏာစိတ်မရှိသောသူ စသည်ဖြင့် ရှင်းလင်းပြတ်သားစွာဖော်ပြထားပါသည်။ (ရောမ ၁း၂၃၊၂၈–၃၁)။

သိပ်လှပသောအသွင်တော့မဟုတ်ပါ။ သို့သော် လွန်ကဲပြောဆိုသည်ဟု သင်ထင်ကောင်းထင်မိမည်။ မကြာသေးမီက Oaxaca ရှိ Monte Albar သို့အလည်အပတ်ရောက်ခဲ့၏။ အမွေးအတောင်ပါသောမြွေရုပ်များ၊ ဝပ်၍ချောင်းနေသောသားရဲတိရစ္ဆာန်များ၏ပုံ၊ မြောက်မြားစွာသောလူပုံများတို့ဖြင့်ပုံဖော်ထားခဲ့သော ရှေးဟောင်း

Zapotec ဘုရားများနှင့်ပြည့်လျက်နေသည်။ ရုပ်တုတို့၏မျက်နှာထား များမှာလည်း ဒေါသထွက်ခြင်းနှင့်မုန်းတီးစိတ်အတိ၊ ပွဲနေ့များတွင် ယဇ်ကောင်အရှင်များကို ယဇ်ပုရောဟိတ်များက နှလုံးမှထိုးဖောက် သတ်ဖြတ်ရသောပလ္လင်တစ်ခုရှိသည်။ ထိုနောက်နတ်ဘုရားများကို ပူဇော်ပသသည့်အနေဖြင့် လူအစုလိုက်အပြုံလိုက်ကိုသတ်ရသည့် ဟင်းလင်းပြင်အဆောင်တစ်ခုဆီသို့လည်း လမ်းပြက လိုက်လံ၍ပြသပေး ပါသည်။ *"လုပ်သောသူတို့လည်းအတူတူ၊ ကိုးစားသောသူအပေါင်း တို့လည်းအတူတူပါတကား"* ဟု ဆာလံဆရာဆိုခဲ့ပြီမဟုတ်ပါလား။

တစ်ဖန်နေ့လယ်စာစားရန် မြို့ထဲသို့ပြန်ဝင်လာသောအခါ မြင့်မားသောတုန်ခါနှုန်းနှင့်အတူ ခေတ်ပေါ်သံစဉ်တို့ဖြင့် အုန်းအုန်း မြည်တေးဂီတကဆီးကြိုနေပါသည်။ ထိုခေတ်ပေါ် "ရုပ်တု" ၏ ဟစ်ကြွေးသံထဲတွင်–

"တစ်နေ့လုံး အိပ်မက်နေ၊ ဒီအဖြစ်
တစ်ညလုံး စဉ်းစားနေ၊ ဒီအဖြစ်
တစ်ချိန်လုံး တွေးလို့နေ၊ ဒီအဖြစ်
မင်းနဲ့ငါ အိပ်ခဲ့တာ၊ ဒီအဖြစ်
မင်းနဲ့ငါ–––မင်းနဲ့ငါ–––"

လမ်းတစ်လျှောက်ဖွင့်သမျှသီချင်းသံစဉ်သာကွဲပြားသော်လည်း တစ်ခုတည်းသောသတင်းစကားက ပွဲတင်ထပ်နေပါသည်။ ထိုခေတ်သစ် ရုပ်တုများသည် ယခင်ရုပ်တုများကဲ့သို့ လူထုအပေါ်အားကြီးစွာ လွှမ်းမိုးနေသည်ကို မည်သူသံသယရှိနိုင်မှာလဲ။ ထို့ကြောင့် "ပြုလုပ် သောသူသည် မိမိပြုလုပ်သောအရာနှင့်ပင်တူသည်" ဆိုသောစကားက မမှားနိုင်သေးပါ။ အဖက်ဖက်ကကြည့်လျှင် ခေတ်သစ်ရုပ်တုများသည် ရှင်ပေါလုအချိန်ကဖော်ပြခဲ့သော ရုပ်တုတို့ထက်ပင် လွန်ကဲနေပါသည်။

**အမျိုးအစဉ်အဆက်အထောင်အသောင်း**

ဒုတိယပညတ်ချက်တွင် ရုပ်တုဆင်းတုနှင့်ပတ်သက်၍ အလေးအနက်ပြုသောသတိပေးချက်ကြောင့် အချို့များအံ့သြကြသည်။ "ဦးမချဝတ်မပြုနှင့်၊ အကြောင်းမူကား၊ သင်၏ဘုရားသခင် ငါထာဝရဘုရားသည် သင်၌အပြစ်ရှိသည်ဟုယုံလွယ်သောဘုရား၊ ငါ့ကိုမုန်းသောသူတို့၏အမျိုးအစဉ်အဆက် တတိယအဆက်၊ စတုတ္ထအဆက်တိုင်အောင် အဘတို့၏အပြစ်ကို သားတို့၌ဆပ်ပေးစီရင်သောဘုရား" (ထွက် ၂၀း၅) ဟူ၏။ အထူးသဖြင့် "အပြစ်ရှိသည်ဟုယုံလွယ်သောဘုရား" ဆိုသည့်အပိုင်းက ၎င်းတို့ကိုလန့်ဖျပ်သွားစေသည်။ မိဘဘိုးဘေးတို့၏အပြစ်ကြောင့် တတိယမျိုးဆက်၊ စတုတ္ထမျိုးဆက်တိုင်အောင် ပေးဆပ်စေမည်ဟုလည်း ဆက်၍ဆိုထားပါသည်။

ထိုသို့အမြင်မှားရခြင်းမှာ ထိုကျမ်းချက်ကို အပေါ်ယံသဘောဖြင့်ဖတ်သောကြောင့်သာဖြစ်သည်။ စတုတ္ထမျိုးဆက်တိုင်အောင် အပြစ်ကျိုးခံရခြင်းမှာ အမျက်ထွက်သောဘုရား၏အငြိုးသက်ရောက်ခြင်းမဟုတ်ဘဲ "အဘတို့၏အပြစ်" က သက်ရောက်ခြင်းသာဖြစ်သည်။ အထက်ကရှင်ပေါလုဖော်ပြခဲ့သည့် ကျမ်းပိုဒ်အတိုင်းပင်ဖြစ်ပါသည်။ ဖန်းဆင်းခံရသည့်အရာကို ဖန်ဆင်းရှင်ထက် ချီးမြှောက်ကြသောရုပ်တုကိုးကွယ်ခြင်းသည် အရံအတားကိုဖယ်ရှားပစ်ပြီး စာရိတ္တပျက်ပြားမှုအတွက် တံခါးဖွင့်လိုက်ခြင်းဖြစ်သည်။ လူတို့သည် မိမိတို့လုပ်သောရုပ်တုနှင့်တူလာသည်အလျောက် ဒီကမ္ဘာမှာ အဓမ္မအမှုများပြည့်နှက်လာပြီး "ဆိုးယုတ်မိုက်မဲခြင်း၊ ညစ်ညမ်းခြင်း၊ လောဘတပ်မက်ခြင်း၊ အကျင့်ပျက်ခြင်း၊ မနာလိုခြင်း၊ လူ့အသက်ကိုသတ်ခြင်း၊ ရန်ဖြစ်ခြင်း၊ လှည့်ဖြားခြင်း၊ ရန်ငြိုးဖွဲ့ခြင်း" စသည့်အပြစ်များကိုကျူးလွန်လာကြ

တော့သည်။ (ရောမ ၁း၂၉)။ ဘုရားသခင်က အပြစ်ပေးဆုံးမမှုကြောင့် ဖြစ်ခြင်းမဟုတ် "တတိယအဆက်၊ စတုတ္ထအဆက်တိုင်အောင်" မီသော ၎င်းတို့အပြစ်၏အဖိုးအခဖြစ်ပြီး ဤကြမ္မာဆိုးမှလွတ်စိမ့်သောငှါ ဒုတိယပညတ်ချက်ကိုပေးထားခြင်းဖြစ်သည်။

တစ်ဖက်မှာတော့ ဘုရားကိုချစ်သောသူတို့၏အမျိုးအစဉ် အဆက် "အထောင်အသောင်း" တိုင်အောင် မေတ္တာကရုဏာကို ပြသောဘုရားဖြစ်သည်ကို ဆင်ခြင်သိမှတ်ပါ။ (ထွက် ၂၀း၆)။ "အထောင်အသောင်း" ဆိုရာတွင် မရေတွက်နိုင်သောထာဝရအသက်ကို ရည်ညွှန်း၍ မိန့်ဆိုခြင်းဖြစ်ပါသည်။ သခင်ယေရှုက "အိုအဘ၊ ကိုယ်တော်သည် ဤကမ္ဘာမတည်မရှိမီ အကျွန်ုပ်ကိုချစ်၍ အကျွန်ုပ်အား ပေးတော်မူသောဘုန်းတော်ကို အကျွန်ုပ်အားပေးတော်မူသောသူတို့သည် ရှုမြင်ရမည်အကြောင်း အကျွန်ုပ်ရှိရာအရပ်၌ အကျွန်ုပ်နှင့်အတူရှိနေ စေခြင်းငှါ အကျွန်ုပ်အလိုရှိပါ၏" ဟုမိန့်မြွက်တော်မူ၏။ (ယောဟန် ၁၇း၂၄)။

## လွတ်လပ်ခြင်း

ဒုတိယပညတ်ချက်သည် ပထမပညတ်ချက်၏ပြည့်စုံရာ ဖြစ်၏။ ဘုရားသခင်အား မိမိဖြစ်တည်ခြင်း၏အဓိကနေရာတွင် ထားရှိလိုသူများအနေဖြင့် ဖန်ဆင်းရှင်၏နေရာတွင် ဖန်ဆင်းခံရသော ဘယ်အရာကိုမျှထားရှိခွင့်ပြုလိမ့်မည်မဟုတ်။ မိမိတို့အသက်တာ၌ ဘုရားသခင်၏အရေးပါမှုကို လျော့ပါးစေမည့်အရာမှန်သမျှကို စွန့်ခွါ သောအားဖြင့် မှန်သောဝတ်ပြုကိုးကွယ်ခြင်းတွင် အရှုပ်အထွေးမရှိ၊ ကြည်လင်ပေလိမ့်မည်။

ပထမနှင့်ဒုတိယပညတ်ချက်ကို စောင့်ထိန်းသူတို့အဖို့အရာမှာ နားထောင်လိုက်လျှောက်ခြင်းသည် သူတို့၏ပင်ကိုယ်သဘာဝကဲ့သို့ သာမန်ကိစ္စသာဖြစ်လိမ့်မည်။ ဘုရားသခင်ကိုချစ်လျှင်၊ ကျွန်ုပ်တို့၏ နှလုံးသားပလ္လင်ထက်မှာစိုးစံလျှင် ကျွန်ုပ်တို့၏နှလုံးသား၌ မေတ္တာတရားယိုဖိတ်လျက် သူတစ်ပါးထံသို့လည်း စီးဆင်းစေမည်ဖြစ်သည်။

တမန်တော်ယာကုပ်က ပညတ်တော်ဆယ်ပါးကို "လွတ်မြောက်စေသောတရား၊ စုံလင်သောတရား" ဟုခေါ်ဆိုထားပါသည် (ယာကုပ် ၁း၂၅)။ ဤနေရာတွင် လွတ်လပ်ခြင်းနှင့်စုံလင်ခြင်းသဘောသည် ထင်ထင်ရှားရှားရှိ၏။ ဆာလံဆရာကလည်း "တရားတော်ကို နှစ်သက်သောသူတို့၌ ကြီးစွာသောငြိမ်ဝပ်ခြင်းရှိပါ၏။ သူတို့စိတ်ပျက်စရာအကြောင်းမရှိပါ" ဟုဆိုပါသည်။ (ဆာလံ ၁၁၉း၁၆၅)။

---***---

## လေးမြွတ်ဖွယ်နာမတော်
## တတိယပညတ်ချက်

**"သင်၏ဘုရားသခင်ထာဝရဘုရား၏နာမတော်ကို မှုသားနှင့်ဆိုင်၍မမြွက်မဆိုနှင့်။ အကြောင်းမူကား၊ နာမတော်ကို မှုသားနှင့်ဆိုင်၍မြွက်ဆိုသောသူကို အပြစ်မရှိဟု ထာဝရဘုရားမှတ်တော်မမူ။" (ထွက်မြောက်ရာကျမ်း ၂၀း၇)။**

ဂွါတီမာလာတွင်နေခဲ့စဉ်က သိကျွမ်းခဲ့ရသည့် စည်းလုံးလျက်တက်ကြွသော ထိုမိသားစုကိုတော့ ကျွန်ုပ်မမေ့နိုင်ပါ။ သူတို့အိမ်သို့အလည်ရောက်သောအခါ ဂွါတီမာလာသားတို့၏ထုံးတမ်းအတိုင်း ယဉ်ကျေးပျူငှါစွာမတ်တတ်ရပ်လျက် သူတို့ကိုယ်သူတို့မိတ်ဆက်ကြပါသည်။ မိခင်ဖြစ်သူ ကာမင်းရီးယစ်က အစပြုပါသည်။ ခင်ပွန်းဖြစ်သူက မိသားစုနှင့်အတူမနေတော့ပါ။ "ကျွန်မတို့သမ္မာကျမ်းစာကိုလေ့လာတဲ့အချိန်ကစပြီး၊ သူအကြီးကျယ်စိတ်ဆိုးပြီး အိမ်ကနေထွက်သွားခဲ့ပါတယ်" ဟုဝမ်းနည်းစွာပြောရှာပါသည်။ ထိုနောက်အလှည့်အတိုင်း အကြီးဆုံးသမီးက 'အစ္စဘဲလ်ရီးယစ်ဖြစ်ပါတယ်ရှင်' ဟူ၍လည်းကောင်း၊ (၁၇)နှစ်အရွယ်သူ၏မောင်ဖြစ်သူကလည်း 'ရေမွန်ဒိုက်ပါခင်ဗျား' ဟူ၍လည်းကောင်း၊ နောက်ဆုံးဖြစ်သူ 'မရီးယားရီးယစ်' ကလည်း ရက်ရက်ကြောက်ကြောက်ဖြင့် မိတ်ဆက်စကားဆိုခဲ့ပါသည်။ အားလုံးပြုံးပျော်စွာဖြင့် မိမိကိုယ်ကိုထုတ်ဖော်မိတ်ဆက်ကြသည်။

မျိုးရိုးအမည်ခံတွင် 'ရီးယစ်' နှင့် 'ဒိုက်' နှစ်မျိုးကွဲနေသည်မှာ ထူးဆန်း၍သိလိုသော်လည်း အားနာသောကြောင့် မမေးဘဲနေခဲ့သည်။

သို့သော် သူတို့ကထုတ်ဖော်ရှင်းပြပါသည်။ "ဖေဖေဟာ အရက်ကို ကြိုက်တတ်ပါတယ်။ မိသားစုထဲမှာ ကလေးတစ်ယောက်မွေးဖွား လာတိုင်း မွေးစာရင်းအတွက်ရုံးကိုသွားတဲ့အခါ သူ့ရဲ့မျိုးဆက်အဖြစ် သူ့ရဲ့နောက်ဆုံးနာမည်ကိုထည့်ပါတယ်။ တစ်ခါတလေ 'ဒီကလေးရဲ့ အဖေဘယ်သူလဲ' လို့စာရေးကမေးတဲ့အခါ 'ဘယ်သူသိလဲ၊ ကျုပ်တော့ မသိပါဘူးဗျာ' ဆိုပြီးရယ်စရာလိုလုပ်ပြီးပြောတတ်ပါတယ်။ အဲဒီ အခါကျတော့ အမေရဲ့မျိုးရိုးနာမည်ကိုထည့်လိုက်ရပါတယ်။ ဒါနဲ့ပဲ ကျွန်မတို့မှာ တချို့က 'ရီးယစ်' ဖြစ်ပြီး တချို့တော့ 'ဒိုက်' အမျိုး ဖြစ်ရပါတယ်' ဟုပြောပြတော့မှ ကျွန်ုပ်တို့နားလည်ခဲ့ရပါသည်။

မိသားစုအနေဖြင့် ထိုအခြေအနေကိုလက်ခံခဲ့ရသည်မှာ စိတ် ကျေနပ်လိမ့်မည်မဟုတ်။ ကျွန်ုပ်တိုပလည်း စကားထွေထွေထူးထူး မပြောဖြစ်ဘဲ အိမ်သို့ပြန်ခဲ့ကြသည်။ သို့သော် အတွေးမှာတော့ '*အဖေကအသိအမှတ်မပြုတဲ့သဘောနဲ့ သူ့ရဲ့မိသားစုနာမည်ကိုမပေးဘူးလို့ သိရရင် ကလေးကဘယ်လောက်ဝမ်းနည်းမှာလဲ*' ဟုစိတ်မကောင်း ဖြစ်မိသည်။

ဖခင်ကိုပုန်ကန်လျက် အိမ်ကိုစွန့်ခွါခဲ့သောသားတစ်ယောက် အကြောင်းကို သခင်ယေရှုပြောခဲ့ဖူးပါသည်။ နောက်ဆုံးအသက်ရှင်ဖို့ပင် အခက်အခဲနှင့်ရင်ဆိုင်ရသောအခါမှ နောက်တရလျက် ဖခင်၏အိမ်သို့ ဦးခိုက်လာခဲ့တော့သည်။ ကျမ်းစာထဲမှ အလှပဆုံးကြည်နူးဖွယ် ဤအပိုဒ်ကိုတွေ့ရပါသည်။ "အဝေးမှပင်ရှိနေစဉ် ဖခင်သည် သူ့ကို မြင်သော် သနားသဖြင့် ပြေး၍ဖက်ပြီးလျှင် နမ်းရှုပ်လေ၏" (လုကာ ၁၅း၂၀)။ အထံတော်သို့လာသမျှသောသူတို့အပေါ်ထားရှိသည့် ဘုရားသခင်၏သဘောထားကို ခရစ်တော်ဖော်ပြခဲ့ပါသည်။

သခင်ယေရှုကိုယ်တော်တိုင်ကလည်း "ငါ့ထံသို့လာသောသူကို ငါသည် အလျှင်းမပယ်" ဟုမိန့်တော်မူ၏။ (ယောဟန် ၆း၃၇)။ ကျွန်ုပ်တို့အားလုံးကိုခေါ်ပါသည်။ မတော်ကျွန်ုပ်တို့က မယုံတစ်ဝက် ယုံတစ်ဝက်ဖြင့် မျှော်လင့်ချက်မသေမချာများဖြစ်နေပါသလား။ အကြောင်းမဟုတ်ပါ။ အရင်းခံစကားက "လာပါ" အထံတော်သို့ လာသောသူအား "ချစ်ခြင်းနိုးတော်မူသောသားတော်အားဖြင့် လက်ခံမည်။ (ဧဖက် ၁း၆)။ "ဘယ်သူ့ကလေးလဲဆိုတာငါမသိ" ဆိုသောစကားကို ဘယ်သောအခါမှကြားရမည်မဟုတ်ပါ။ ခရစ်တော် အားဖြင့် ကျွန်ုပ်တို့အားလုံးအသိအမှတ်ပြုခံရသည်။ ကျွန်ုပ်တို့အားလုံး ဘုရားသခင်၏တရားဝင်သားများ၊ သမီးများဖြစ်ကြပါသည်။

"မစိုးရိမ်နှင့်" ဟုဆိုပါသည်။ "သင့်ကိုငါရွေးနုတ်ပြီ။ ငါ့နာမ ဖြင့်မှည့်ပြီ။ သင့်ကိုငါဆိုင်၏" (ဟေရှာယ ၄၃း၁)။ ဘယ်လောက် ကောင်းထားသလဲ။ ထိုထက်မက "သင်သည် ရေကိုလျှောက်သွား သောအခါ သင်နှင့်အတူငါရှိ၏။ မြစ်တို့ကိုလျှောက်သွားသောအခါ မနစ်မမွန်းရ။ မီးကိုချင်းနင်းသောအခါလည်းမလောင်ရ။ မီးလျှံလည်း မညှိရ" (အငယ် ၂)။ ထိုကောင်းချီးများမှာ "ငါနာမဖြင့်သမုတ်သောသူ" အတွက်ဖြစ်သည်။ (အငယ် ၇)။

ဘုရားသခင်၏သားသမီးများ၌ အခက်အခဲမကြုံစေရဟု ပြောမထားသည်ကို သတိမူပါ။ 'ရေအားဖြင့်' လည်းကောင်း၊ 'မီး' ကိုပင်ရင်ဆိုင်ရနိုင်သည်။ သို့သော် ကတိတော်က 'မနစ်မွန်းစေရ'၊ 'မလောင်စေရ'၊ ခါးသီးခက်ခဲသောအချိန်မှာ 'သင်နှင့်အတူငါရှိမည်'။ အဘယ်ကြောင့်ဆိုသော် "ငါ့နာမဖြင့်မှည့်ပြီ"၊ "သင့်ကိုငါပိုင်" သော ကြောင့်တည်း။

ဖခင်၏နာမည်ကိုခံယူရခြင်းသည် ထူးမြတ်သောအခွင့်အရေးဖြစ်၏။ ဤသဘောထားကို ရှင်ပေါလုက "ဤအကြောင်းကြောင့် ငါသည် ကောင်းကင်ဘုံနှင့်ကမ္ဘာမြေပေါ်ရှိအိမ်ထောင်စုမှန်သမျှတို့၏ အမည်နာမအရင်းအမြစ်ဖြစ်တော်မူသော အဖခမည်းတော်၏ရှေ့တော်တွင်ဒူးထောက်လျက် ဆုတောင်းပတ္ထနာပြု၏" ဟုဆိုပါသည်။ (ဧဖက် ၃း၁၅)။ တမန်တော်ယောဟန်ကလည်း "ငါတို့သည် ဘုရားသခင်၏သားသမီးများဟုအခေါ်ခံရကြသောအခွင့်ကိုရကြသဖြင့် ငါတို့အား ခမည်းတော်ဘုရားသည် မည်မျှချစ်တော်မူသည်ကိုဆင်ခြင်ကြလော့" ဟုဖော်ပြပါသည်။

## နာမတော်ကိုခံယူကြောင်းသက်သေ

ဤနာမတော်ကို ကျွန်ုပ်အဘယ်သို့ခံယူနိုင်မည်နည်း။ ဘုရားရှင်၏အိမ်တော်သားအဖြစ် မြေကြီးပေါ်မှာရော ကောင်းကင်ပေါ်မှာပါ ခံယူနိုင်ကြောင်းကို ကျွန်ုပ်၌ အဘယ်သို့စိတ်ချစေနိုင်မည်နည်းဟု သင့်ကိုယ်သင်မသေမချာဖြစ်ကောင်းဖြစ်နေလိမ့်မည်။ အသက်တာ၌ မေးနိုင်သမျှမေးခွန်းတို့တွင် အရေးကြီးဆုံးမေးခွန်းဖြစ်သည်။

တပည့်တော်တို့အားမိန့်တော်မူရာ၌ ယေရှုခရစ်တော်၏အဖြေကိုတွေ့ရပါသည်။ "သင်တို့သွား၍ လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေလျက် ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏နာမ၌ ဗတ္တိဇံကိုပေးကြလော့" (မဿဲ ၂၈း၁၉)။ ဗတ္တိဇံအားဖြင့် ထိုနာမတော်မြတ်ကိုခံယူခြင်းဖြစ်သည်။

"ဗတ္တိဇံ" ဆိုသောစကားလုံးမှာ ဂရိဘာသာစကားမှအရင်းခံပြီး အရာတစ်ခုခုကို ရေထဲသို့ထားလိုက်သည်ဆိုသည့် အဓိပ္ပါယ်မျိုးဖြစ်သည်။

နှစ်ခြင်းဆရာယောဟန်ကလည်း ယော်ဒန်မြစ်ထဲတွင် လူတို့အား ဗတ္တိဇံ(နှစ်ခြင်းမင်္ဂလာ)ပေးခဲ့ပါသည်။ (ယော ၃း၂၃)။ အသစ်အဆန်း တစ်ခုတော့မဟုတ်ပါ။ ဂျူးလူမျိုးများအနေဖြင့် မိမိတို့၏မစင်ကြယ် ခြင်းများကိုဆေးကြောရန် ရေထဲသို့နှစ်ချခြင်းလုပ်ထုံးကရှိနှင့်ပြီးဖြစ်သည်။

တမန်တော်ပေါလုကလည်း ဂျူးတို့၏ဆေးကြောခြင်းအခမ်း အနားနှင့်ဆက်စပ်၍ ခရစ်ယာန်နှစ်ခြင်းမင်္ဂလာကို "ဒုတိယမွေးခြင်းနှင့် ဆိုင်သောဆေးကြောခြင်း" ဟုပင်ခေါ်ဆိုထားပါသည်။ (တိတု ၃း၅)။ သို့သော် ရောမသို့ပေးပို့သောသူ၏စာတွင်မူ ၎င်းကိုထူးခြားသော အမြင်သစ်ဖြင့် ဥပမာဆောင်ကာ "ဗတ္တိဇံကိုခံသောအားဖြင့် ထိုသခင် နှင့်အတူ သင်္ဂြိုဟ်ခြင်းကိုခံကြ၏" ဟုထပ်ဆင့်၍ဖော်ပြထားသည်။ (ရောမ ၆း၄)။ တစ်ဖန် (ဂလာတိ ၂း၂၀) တွင် "ငါသည် ခရစ်တော် နှင့်အတူ လက်ဝါးကပ်တိုင်မှာအသေခံပြီ" ဟူ သူ၏ဆိုလိုရင်းကို ရှင်းလင်းဖော်ပြပါသည်။

ခရစ်တော်ထံသို့ ကျွန်ုပ်တို့အသက်တာ၏ကြီးမားသော ပြောင်းလဲမှုကို "သေခြင်း"၊ "လက်ဝါးကပ်တိုင်မှာအသေခံခြင်း" ဆိုသောစကားထက်ပို၍မပြောနိုင်တော့ပါ။ ကျွန်ုပ်တို့အပြစ်သားအတွက် စီရင်ချက်ကား သေဒဏ်ပင်ဖြစ်သည်။ (ရောမ ၁၂း၂) တွင် ဖော်ပြ သည်အတိုင်း ကျွန်ုပ်၏စိတ်နှလုံးကိုပြုပြင်ခြင်းအားဖြင့် ပုံသဏ္ဍာန် ပြောင်းလဲပါမူ၊ မူမမှန်သည့်အတွေးအခေါ်ဟောင်းများနှင့်အသွင်အပြင် များလုံးဝပပျောက်သွားမည်ဖြစ်သည်။ ထိုအစား အသစ်သောထိတွေ့မှု နှင့်အနှစ်သာရက နေရာယူလိမ့်မည်။ ကျွန်ုပ်တို့၏စိတ်ရင်းနှင့်ဦးတည် ချက်များတို့သည် အလျင်ကနှင့်လုံးဝခြားနားလျက်၊ ယခင်လူဟောင်း သေ၍ လူသစ်အဖြစ်မွေးဖွားလာ၏။ ရေနှစ်ခြင်းဗတ္တိဇံဆိုသည်မှာ လူဟောင်းကို ရေ၌မြှုပ်နှံခြင်းပင်ဖြစ်သည်။

တစ်ချိန်တည်းမှာပင် အသစ်သောမွေးဖွားခြင်းပွဲကို ကျင်းပနေခြင်းလည်းဖြစ်သည်။ မွေးဖွားလာခြင်းကို လူထုရှေ့မျက်မြင်ထင်ရှားသက်သေပြငြင်း၊ ကြေညာလိုက်ခြင်းဖြစ်သည်။

**မိဘနှင့်တူသောသားသမီးများ**

ကလေးငယ်တစ်ယောက်မွေးဖွားလာသည်နှင့် ဘယ်သူနဲ့တူသလဲဟုသိချင်ကြသည်။

"သူ့အမေရဲ့နှာခေါင်းမျိုးပဲဟေ့" ဟုတစ်ယောက်ကပြောသည်။

"ငါ့အဒေါ်ဂျာနီနဲ့တူတယ်" ဟုသူ့မိခင်ကဆိုသည်။

"ဘယ်ဟုတ်မလဲ၊ ငါနဲ့တူတာကွ" ဖခင်ဖြစ်သူကဝင့်ကြွားစွာပြောလိုက်သည်။

အသစ်သောမွေးဖွားခြင်းအားဖြင့် ဘုရားသခင်၏သားသမီးအစစ်အမှန်ဖြစ်ပါလျှင် ကျွန်ုပ်တို့၏ကောင်းကင်ဖခင်နှင့်ကျွန်ုပ်တို့အမှန်တူကြလိမ့်မည်။ တစ်ပါးသူက "သူကကြင်နာပြီးသည်းခံတတ်တယ်"၊ "သူမကနှိမ့်ချကူညီတတ်တယ်" စသည့်စကားတို့ဖြင့် "အို၊ ဘုရားသားသမီးလေးတွေပဲလား" ဟုဆိုရအောင်ပင်ဖြစ်သည်။

ယေရှုက "ကောင်းကင်ဘုံ၌ရှိတော်မူသောသင်တို့အဘ၏သားဖြစ်လိုသောငှါ သင်တို့၏ရန်သူကိုချစ်ကြလော့" ဟုမိန့်တော်မူ၏။ (မဿဲ ၅း၄၄)။ မကြင်နာထိုက်သူကို သနားကြင်နာခြင်းဖြင့် ဘုရားသခင်၏သားသမီးဖြစ်ကြောင်းဖော်ပြသည်။ အကြောင်းမှာ ဘုရားသခင်သည် ထိုကဲ့သို့ကြင်နာတတ်သောဘုရားဖြစ်သောကြောင့်တည်း။ "ကောင်းသောသူ၊ မကောင်းသောသူတို့အပေါ်၌ ကိုယ်တော်၏နေကို ထွက်စေတော်မူ၏။ ဖြောင့်မတ်သောသူ၊ မဖြောင့်မတ်သောသူတို့အပေါ်၌ မိုးကိုရွာစေတော်မူ၏။ (အခန်းငယ် ၄၅)။

ဤအကြောင်းအရာအားဖြင့် တတိယပညတ်ချက်ဖြစ်သည့် နာမတော်အား ရိုသေလေးမြတ်ရမည်အကြောင်းကို ပိုမိုနားလည် သဘောပေါက်စေပါသည်။

မိမိကိုယ်ကို ဘုရားသားသမီးများဟုအခေါ်ခံပြီး နဂိုအမူ အကျင့်အတိုင်း ဆက်လက်အသက်ရှင်နေလျှင် ဘုရားသခင်၏ နာမတော်ကို အလွဲသုံးစားပြုခြင်းသာဖြစ်သည်။ ထိုနာမတော်အားဖြင့် အမှန်တကယ်ပြောင်းလဲမှုမခံယူကြောင်းမှတ်ယူနိုင်ပါသည်။ မိသားစု နှင့်မပတ်သက်ဘဲ ထိုမိသားစု၏နာမည်ခံကို မွေးစားခံယူခြင်းမျိုးသာ ဖြစ်တော့သည်။

### **အမည်နာမတစ်ခု၏တန်ဖိုး**

သရုပ်ဆောင်မင်းသမီး Teri Hatcher သည် မိမိ၏ (၇) နှစ်အရွယ်သမီးလေးကို အိမ်တွင်သော့ခတ်ထားခဲ့ပြီး အပျော်အပါး လိုက်ထွက်သည်ဆိုသောသတင်းတစ်ပုဒ်ကို လန်ဒန်မြို့ Daily Sport ဂျာနယ်မှထုတ်ဝေခဲ့သောကြောင့် သူမမှသတင်းတိုက်သို့ အသရေ ဖျက်မှုဖြင့်တရားစွဲဆိုခဲ့ရာ အမည်နာမထိခိုက်မှုအတွက် သတင်းတိုက်မှ မင်းသမီးအား ငွေကြေးပမာဏများစွာဖြင့်အလျော်ပေးရန် တရားရုံးမှ အမိန့်ချခဲ့ပါသည်။

ဘုရားသခင်၏နာမကို အဘယ်လောက်အဖိုးထိုက်သည်ဟု သင်ဆိုမည်နည်း။ ကျွန်ုပ်တို့၏ခရစ်ယာန်အသက်တာအတိုင်း အသက် မရှင်သောအခါ ဘုရားသခင်ကိုထိခိုက်စေပါသည်။ "တစ်ပါးအမျိုးသား တို့သည် သင်တို့အကျင့်ကိုထောက်၍ ဘုရားသခင်၏နာမတော်ကို ကဲ့ရဲ့တတ်ကြ၏" (ရောမ ၂း၂၄)။

ထိုနည်းတူ ဘုရားသခင်၏နာမကို ပေါ့ပေါ့တန်တန်ပြောဆိုသည့်စကားထဲတွင်ထည့်သုံးခြင်း၊ ညစ်ညမ်းသည့်စကားတွင်ထည့်သုံးခြင်းနှင့် အားနည်းချက်ကိုထိုးနှက်ရန် လက်နက်အဖြစ်အသုံးပြုခြင်းစသည်တို့သည်လည်း နာမတော်၏သန့်ရှင်းမြင့်မြတ်ခြင်းကိုထိခိုက်စေပါသည်။ ထိုထက်မက မိမိ၏အမှားကိုကာကွယ်ရန် အသုံးပြုလိုက်ခြင်းက အလွန်ဆိုးပါသည်။

အစောပိုင်း၌ဖော်ပြခဲ့သည့်အတိုင်း ဤစာအုပ်နှင့်ပတ်သက်၍ မျက်စိမှိတ်ပြီးလက်ခံရမည်မဟုတ်ဘဲ ကျစ်လျစ်ခိုင်မာသောဖွဲ့စည်းတည်ရှိမှုအတွက် ခိုင်လုံသည့်အထောက်အထားများစွာကို သင်ရရှိမည်ဖြစ်သည်။ သင်မည်သို့စမ်းသပ်နိုင်မည်နည်း။

အကယ်၍ အယူအဆနှင့်ဆိုင်သောအတွေးအခေါ်တစ်ခုသာဖြစ်မည်ဆိုလျှင် ထင်မြင်ချက်အမျိုးမျိုးကိုဆွေးနွေးရမည်။ ဟိုဘက်သည်ဘက်အပြန်ပြန်အလှန်လှန်ရှုမှတ်ရလိမ့်မည်။ သို့သော် ယခုဖော်ပြသောအကြောင်းအရာမှာ ထိုသို့မဟုတ်။ ပညတ်ချက်တိုင်း၌ လွန်ဆန်လို့မရသောအမိန့်အဖြစ်တည်ရှိပေသည်။ မိန့်ဆိုချက်တွင် "သင်၌အခြားသောဘုရားကိုမတည်လျှင် သာ၍ကောင်းမည်" (သို့မဟုတ်) "ရုပ်တုကိုးကွယ်ခြင်းသည် အကျိုးမရှိကြောင်း သင်အမှန်ဆင်ခြင်သင့်သည်" ဟူ၍မဆိုဘဲ နားထောင်လိုက်လျှောက်ရမည်ကိုသာတောင်းဆိုပေသည်။ ထိုကြောင့် အဆိုပါပညတ်ချက်များကို ခွဲခြမ်းစိတ်ဖြာလေ့လာခြင်းဖြင့်မဟုတ်ဘဲ လိုက်လျှောက်နာယူအသုံးပြုခြင်းဖြင့်သာစမ်းသပ်ရပေမည်။ တိကျသောအမိန့်တော်နှင့်အညီ ၎င်း၏ကျစ်လျစ်ခိုင်မာမှုတို့သည် စမ်းသပ်ခံယူသူတို့၏အသက်တာ၌ အံ့ဖွယ်အကျိုးကျေးဇူးများ သီးပွင့်ထင်ရှားပေလိမ့်မည်။

ပထမပညတ်ချက်က ဘုရားသခင်ကိုချစ်လျက် ကျွန်ုပ်တို့အသက်တာ၏ဗဟိုပြုရာအဖြစ်ထားရှိစေကာ ဒုတိယပညတ်ချက်က ဘုရားသခင်အား မိမိအသက်တာ၏ဗဟိုပြုရာအဖြစ် မည်သို့ထားရှိရမည်ကိုပို၍နားလည်စေသည်။ ယခုတတိယပညတ်ချက်က သင်မည်သို့ပြုမည်နည်း။ *အဖဘုရား၏ဖိတ်ခေါ်သံကိုလက်ခံမည်လား၊ သူ့အား သင့်အသက်တာ၏ဗဟိုတွင်တည်ထားကာ နာမတော်နှင့်သိက္ခာတော်ကိုခံယူမည်လား* ဆိုသော ပထမပညတ်နှင့်ဒုတိယပညတ်ချက်တို့၏အရေးပါမှုကို ထည့်သွင်းဖော်ပြပေသည်။

သူ၏နှုတ်ထွက်စကားမှကတိတော်မြတ်အတိုင်း ကြွယ်ဝသောကောင်းချီးများသည် ကျွန်ုပ်တို့အပေါ်သို့သက်ရောက်မည်၊ မသက်ရောက်မည်ကို ကျွန်ုပ်တို့၏အဖြေကသာ ပိုင်းဖြတ်ပေလိမ့်မည်တည်း။

---***---

# ငြိမ်ဝပ်ခြင်းချမ်းသာကိုတွေ့ရှိခြင်း
## စတုတ္ထပညတ်ချက်

*"ဥပုသ်နေ့ကိုသန့်ရှင်းစေခြင်းငှါ ထိုနေ့ရက်ကို အောက်မေ့လော့။ ခြောက်ရက်ပတ်လုံးအလုပ်မျိုးကိုကြိုးစား၍ လုပ်ဆောင်လော့။ သတ္တမနေ့ရက်သည် သင်၏ဘုရားသခင် ထာဝရဘုရား၏ဥပုသ်နေ့ဖြစ်၏။ ထိုနေ့၌ သင်မှစ၍ သင်၏ သားသမီး၊ ကျွန်ယောကျ်ားမိန်းမ၊ တိရစ္ဆာန်၊ သင်၏တံခါး အတွင်း၌နေသောဧည့်သည်အာဂန္တုသည် အလုပ်မလုပ်ရ။ အကြောင်းမူကား ထာဝရဘုရားသည် မိုးကောင်းကင်၊ မြေကြီး၊ သမုဒ္ဒရာ၊ အရပ်ရပ်၌ရှိသမျှတို့ကို ခြောက်ရက်တွင်ဖန်ဆင်း၍ သတ္တမနေ့ရက်၌ ငြိမ်ဝပ်စွာနေတော်မူ၏။ ထို့ကြောင့် ထာဝရ ဘုရားသည် သတ္တမနေ့ရက်ကိုကောင်းချီးပေး၍ သန့်ရှင်းစေ တော်မူ၏။" (ထွက်မြောက်ရာကမ်း ၂၀း၈–၁၁)။*

ဂွါတီမာလာ၏အရှေ့မြောက်ကမ်းခြေဘက်သို့ မကြာခဏ ခရီးဆန့်ခဲ့သော်လည်း ဤတစ်ကြိမ်တော့ခါတိုင်းနှင့်မတူ၊ ညနေ (၅)နာရီလောက်တွင် ဆိပ်ကမ်းမှထွက်ခွါချိန်၊ မှောင်ရီစပျိုးလာပြီဖြစ် သည်။ ခါတိုင်းလေညင်းခံကြသော်လည်း မိုးကြီးသည်းမည်းရွာချ သောကြောင့် လူတိုင်းသည် မိမိတို့အခန်းထဲတွင်ဝင်နေကြ၏။ ပင်လယ်ပြင်ကြီးသို့ထွက်သွားသည်နှင့် မုန်တိုင်းလ်ည်းအပြင်းအထန် တိုက်ခတ်လေ၏။

လေကြမ်းဖုံ့ယမ်း၍ မိုးပေါက်များလည်းပြင်းထန်စွာရိုက်ခတ် သည်နှင့် ပြတင်းတံခါးမှာပြိုကျမလားထင်ရ၏။ လက်တစ်ဖက်ဖြင့်

သဘော်ာနံရံကိုကိုင်ကာ ကျန်လက်တစ်ဖက်ဖြင့် ဦးခေါင်းကိုကိုင်ရင်း မူးဝေအော့အန်ခြင်းမှလွတ်မြောက်ရန် ကြိုးစားသော်လည်း အခြေအနေက သာ၍ဆိုးရွားလာကာ နိမ့်ချီမြင့်ချီဖြစ်နေသောလှိုင်းလုံးကြားတွင် သဘော်ာလည်းဦးမော့လိုက် ငုံ့လျှိုးလိုက်ဖြစ်နေတော့၏။ စကားစမြည် ပြောခြင်းငှါမစွမ်းနိုင်ကြတော့ပါ။ အခြားခရီးသွားဖော်များထံမှ ညည်းတွားသံ၊ ဘုရားတပ်သံ၊ မြည်တွန်ဆဲရေးသံတို့ကိုသာကြားနိုင် ခဲ့၏။ အလျင်အခေါက်များ၌ ကမ်းခြေတစ်လျှောက်တွင် ဝင်းခနဲ လက်ခနဲလင်းနေတတ်သောမီးအလင်းကိုကြည့်ရင်း မိမိ၏ခရီးပေါက် လာမှုကိုခန့်မှန်းနိုင်ခဲ့သော်လည်း ယခုတွင်မူ ထိုအိမ်များမှအလင်းကို မဆိုထားနှင့်၊ ကိုယ်စီးလာသောသဘော်ာ၏ဦးပိုင်းဆီကိုပင်မမြင်နိုင်ခဲ့။

ခါတိုင်းဆိုလျှင် ထိုခရီးကိုမိနစ်(၉၀)သာသွားခဲ့ရသော်လည်း သည်တစ်ခါတော့အမြဲသာကြနေတော့မည်ထင်ရ၏။ သဘော်ာကပ္ပတိန် တော့လမ်းပျောက်နေလောက်မည်ဟုထင်ခဲ့မိသော်လည်း မယုံနိုင်အောင် ငြိမ်သက်မှုကရုတ်တရက်ဆိုသလိုဆိုက်ရောက်လာသောအခါ သဘော်ာ မှာလူးလဲ၊ နိမ့်မြင့်ဖြစ်မနေတော့ဘဲ ရေယာဉ်ကြောတွင် ဟန်ချက်ညီစွာ အသာလျှောလျက်နှင့် ကျွန်ုပ်တို့လည်းမိုးရေကြားမှခရီးလမ်းဆုံးအလင်း တံခါးကို ကြည်နူးစွာမြင်တွေ့ရပေတော့သည်။

အဘယ်အရာက ခြားနားမှုကိုပြုခဲ့သနည်း။ မုန်တိုင်းက လွန်မသွားသေးပါ။ သမုဒ္ဒရာပြင်မှလှိုင်းလုံးကြီးများက ဒေါသပုန်ထဆဲ၊ ရိုင်းပျနေဆဲပင်။ သို့သော် ကျွန်ုပ်တို့ကိုဘယ်တော့မှမထိတ်လန့်စေ နိုင်တော့ပါ။ ကျွန်ုပ်တို့လုံခြုံပြီ။ လုံခြုံဆိပ်ခိုလှုံရာဆိပ်ကမ်းသို့ဆိုက်ကပ် ခဲ့ပြီမှုပဲကိုး။

ကမ္ဘာမြေကြီး၏အစအဦး၌ ကြီးစွာသောလေပြင်းမုန်တိုင်း တိုက်ခတ်လျက်၊ မထွင်းဖောက်နိုင်သောအမှောင်ထု၊ ရေထု၊ လေထု၊

ကျောက်ဆောင်များဖုံးလွှမ်းလျက်နှင့် ပြင်းထန်သောဝဲကြီးမွှေနှောက်လျက် ဖရိုဖရဲဖြစ်ခဲ့သည်ဟု သမ္မာကျမ်းကဖော်ပြထားပါသည်။ (ကမ္ဘာဦးကျမ်း ၁း၁၊၂)။

ဘုရားသခင်အမိန့်ရှိတော်မူသောအခါ အလင်းအတွက် မှောင်မိုက်ဖယ်ရှားရ၏။ တစ်ဖန်မိန့်တော်မူပြန်သော် ပတ်ဝန်းကျင် လေပြည်သွေးလာ၏။ ကုန်းမြေပြင်များပေါ်ထွန်းလာ၏။ တောင်ကြီး များလည်းမြင့်တက်လာကြ၏။ ပင်လယ်ရေပြင်သည်လည်း နေရာတကျ တည်ကုန်ကြ၏။ ဖန်ဆင်းခြင်း၏ဖြစ်စဉ်၌ ကစဉ်ကလျားမှစီစဉ်တကျသို့၊ ရုန်းရင်းဆန်ခတ်မှငြိမ်းချမ်းသာယာမှုများသို့ ရောက်စေခဲ့ပါသည်။

တစ်စုံတစ်ရာပြီးမြောက်သောအခါတိုင်း ဖြစ်ပေါ်သောဘုရား သခင်၏စိတ်ကျေနပ်မှုမှာ စိတ်ဝင်စားဖွယ်ကောင်းပေသည်။ အခန်းငယ် (၁၀) တွင် "ကောင်းသည်" ဟုမိန့်တော်မူ၏။ အလင်း၊ လေ၊ ရေ နှင့်မြေကြီးတည်ရှိလာခြင်းကြောင့်ဖြစ်ပေလိမ့်မည်။ အပင်ပေါက်ရောက်ရန် ထိုဓာတ်ကြီးလေးပါးက အရေးတကြီးလိုအပ်ပေသည်။ တစ်နည်း အားဖြင့် နောက်တစ်ဆင့်အတွက်အဆင်သင့်ဖြစ်ပြီ။

ထိုနေ့မှာပင် ဆက်၍မြေကြီးသည် စိမ်းလန်းသောအဝတ်ကို၏ ယူတင်လျက် မြက်ပင်များ၊ အရွက်ကျယ်များ၊ ရေညှိပင်များနှင့် နွယ်ပင်များပေါက်ရောက်လာကြ၏။ ခန့်ညားသောသစ်ပင်ကြီးများ လည်း ၎င်းတို့၏လက်တံများကို ကောင်းကင်သို့ဆန့်ထုတ်လျက်၊ ထင်းရှူးပင်များအပြင် ပန်းမန်းတို့သည်လည်း မြေမျက်နှာပြင်ကို အရောင်စုံဖြင့်ခြယ်မှုန်းကာ လေညင်းကိုလည်း သင်းရနံ့တို့ဖြင့်မွှေးပျံ့ စေတော့၏။

ဟင်းသီးဟင်းရွက်များလည်း မိမိတို့၏အစိမ်းရောက်အရွက် တို့မှ နေရောင်ခြည်စွမ်းအင်ကိုအသုံးပြု၍ အစာအဖြစ်ပြောင်းလဲပေး

သော အံ့ဖွယ် photosynthesis စနစ်ဖြင့် သက်ရှိတိရစ္ဆာန်များကို အလုပ်အကျွေးပြုလျက် အစာနှင့်အောက်စီဂျင်ကိုထုတ်လုပ်ပေး၏။ တစ်ဖန်ဘုရားသခင်က ထိုအမှုကို "ကောင်းသည်" ဟုထပ်၍ မိန့်တော်မူ၏။ (အခန်းငယ် ၁၂)။

ပဉ္စမနေ့နှင့် ဆဋ္ဌမနေ့နံနက်ပိုင်းတွင် အမိန့်ရှိတော်မူပြန်၍ ရေပြင်၊ မြေပြင်နှင့် ကောင်းကင်လေပြင်တို့၌ ရေကူး၊ လမ်းလျှောက် ပျံသန်း၊ တွားသွားတတ်သောအကောင်တို့ဖြင့် ပြည့်နှက်လျက်ရှိ၏။ တစ်ဖန် ဖန်ဆင်းရှင်သည် စိတ်ကျေနပ်မှုကို နှုတ်မြွက်ပြန်၏။ (အခန်းငယ် ၂၅)။

ထိုနောက် ဘုရားသခင်က "ငါတို့ပုံသဏ္ဍာန်နှင့်တည် တသဏ္ဍာန်တည်း လူကိုဖန်ဆင်းကြစို့။ သူသည် ပင်လယ်ငါးတို့ကို လည်းကောင်း၊ မိုးကောင်းကင်ငှက်တို့ကိုလည်းကောင်း၊ သားယဉ် တို့ကိုလည်းကောင်း၊ မြေတစ်ပြင်လုံးနှင်တကွ မြေပေါ်မှာတွားတတ် သောတိရစ္ဆာန်အပေါင်းတို့ကိုလည်းကောင်း အုပ်စိုးစေ" ဟုအမိန့်တော် ရှိ၏။ (အခန်းငယ် ၂၆)။

ထိုသို့အသိဉာဏ်ရှိသောသတ္တဝါက ကမ္ဘာကိုအုပ်စိုးစေခြင်း သည် ဘုရားသခင်က ဖရိုဖရဲဖြစ်နေခြင်းမှ စီစဉ်တကျဖြစ်စေသော လုပ်ဆောင်ချက်တို့၏နောက်ဆုံးအဆင့်ပင်ဖြစ်သည်။ ဖန်ဆင်းရှင်ကြီး သည် မိမိပြုသောအမှုကိုရှုမြင်လျက် ဝမ်းမြောက်ဝမ်းသာမဆုံးဖြစ်ကာ မိမိ၏အမှုကိုလက်စသတ်လေ၏။ ထိုအခါ၌ "အလွန်ကောင်းသည်" ဟု ထူးထူးခြားခြားထုတ်ဖော်ကြေညာပေတော့သည်။ (အခန်းငယ် ၃၁)။

သိပ္ပံပညာ၏အဆိုအရ အရာဝတ္ထု(matter)တွင် အီလက်ထရွန် နှင့်ပရိုတွန်တည်းဟူသော လျှပ်စစ်အမဓာတ်နှင့်အဖိုဓာတ်တို့ဖွဲ့စည်း ပါဝင်ကာ စွမ်းအင်ကိုဖြစ်စေသည်။ အရာဝတ္ထု(matter) သည်လည်း

ဒြပ်စင်များ (အပေါ့ပါးဆုံးဟိုက်ဒြိုဂျင်မှစ၍ တစ်စကြာနန္တ၏အစိတ်အပိုင်းမျှသာ တည်ငြိမ်နေနိုင်သောရေဒီယိုအက်တစ် (ခေါ်) ဓာတ်ရောင်ခြည်ထုတ်လွှင့်သောအရာအထိ) ၏အသွင်သဏ္ဌာန်တို့၌ အမျိုးအစားသတ်မှတ်လျက်ရှိသည်။

## သဘာဝတရား၏ဆန့်ကျင်ဘက်၌

ရူပဗေဒပညာရှင်များက thermodynamic (ခေါ်) အပူဓာတ်နှင့်လှုပ်ရှားမှုတို့၏ဆက်သွယ်ခြင်းအကြောင်းကို နိယာမ (၃) ရပ်ဖြင့်ပေါင်းစပ်ဖွဲ့စည်းထားသည်ဆို၏။ ဒုတိယနိယာမတွင် သဘာဝတရား၌ရှိသမျှသောအဖွဲ့အစည်းများသည် ပြိုကွဲခြင်း၊ ကစဥ့်ကလျားဖြစ်ခြင်းနှင့် စွမ်းအင်ဆုံးရှုံးခြင်းသို့ရောက်မည်သာတည်း။ ထိုတရားကို သိပ္ပံပညာရှင်များက entropy ဟုခေါ်ကြသည်။

ဖန်ဆင်းခြင်းက လုံးဝခြားနားစွာပြုသည်။ ဇီဝဓာတုနှင့်ရုပ်ခန္ဓာက ကြီးစွာသောရှုပ်ထွေးခြင်းအသွင်သို့ပြောင်းစေသည်။ ဘုရားသခင်တော့ဖြင့် ဖရိုဖရဲဖြစ်နေသောဂြိုဟ်ကို အစီအစဉ်တကျနှင့်တည်သောကမ္ဘာတစ်ခုသို့ပြောင်းလဲစေသည်။ "အလွန်ကောင်း" ဟုမြွက်ဆိုရာ၌ မှန်တိုင်းမှလွန်မြောက်ခြင်း၊ ကစဥ့်ကလျားမှနိုင်နင်းအောင်မြင်ခြင်း၊ ဖရိုဖရဲမှစီစဉ်တကျဖြစ်ခြင်းနှင့် ကမ္ဘာတစ်ခုလုံးရှိမျိုးကွဲသက်ရှိအပေါင်းတို့သည် သဟဇာတကျပူးပေါင်းနေထိုင်နိုင်ခြင်းကိုဖြစ်တည်စေပါသည်။ ဖန်ဆင်းခြင်းနှင့်စပ်ဆိုင်ရာကိုယ်စီတို့သည် အများအကျိုးပြုရန် ရည်စူးစီစဉ်ထားပေသည်။ တစ်သဘောတစ်သံတည်းဖြင့်မိမိအားဖြစ်တည်စေလျက် ပုံသွင်းပွဲပြင်သောပုဂ္ဂိုလ်၏မေတ္တာတော်နှင့်အနှိုင်းမဲ့ဉာဏ်ပညာကို အရာရာ၌သက်သေပြုလိမ့်မည်တည်း။

ဖန်ဆင်းခြင်းအမှုအရာ၏အဆုံး၌ ဘုရားသခင်၏နောက်ဆုံး ကြေညာချက်တွင်တွေ့ရသော သဘောအကြံအစည်များ၏ဆက်စပ်မှု သည် တိုက်ဆိုင်မှုတစ်ခုမဟုတ်ပါ။ ၎င်းမိန့်ဆိုချက်တွင်–

(က) အလွန်ကောင်းသည်ကိုမြင်တော်မူ၍၊ ထိုနောက်

(ခ) ငြိမ်ဝပ်စွာနေတော်မူ၏။

ဖန်ဆင်းရှင်ဘုရားနားနေရာ၌ ခြေကုန်လက်ပန်းကျလျက် မောပန်းခြင်းကြောင့်မဟုတ်ကြောင်း ထင်ရှားပါသည်။ ဖရိုဖရဲမှစီစဉ် တကျဖြစ်သွားသောကြောင့် နားခြင်းဖြစ်၏။ မုန်တိုင်းနောက်၌ ငြိမ်သက်ခြင်းနှင့်သာယာခြင်း၊ အမှုအရာပြီးဆုံး၍ ငြိမ်ဝပ်စွာနေတော်မူ ခြင်းဖြစ်၏။

## အမှုပြီးစီးခြင်း

ဤကျမ်းပိုဒ်၌ ဘုရားသခင်၏ထုတ်ဖော်ကြေညာချက်မှ စကား အသုံးအနှုန်းကိုသတိပြုပါ။

“ဘုရားသခင်သည် မိမိ ‘ဖန်ဆင်း’ သမျှသောအရာတို့ကို ကြည့်ရှုလျှင် အလွန်ကောင်းသည်ကိုမြင်တော်မူ၍ ညဦးနှင့်နံနက်သည် ဆဋ္ဌမနေ့ရက်ဖြစ်လေ၏။ ထိုသို့ကောင်းကင်မြေကြီးနှင့်တကွ ခပ်သိမ်း သောတန်ဆာတို့သည် ‘ပြီးစီး’ လျက်ရှိကြ၏။ သတ္တမနေ့ရက် ရောက်လျှင် ဘုရားသခင်သည် ‘ဖန်ဆင်း’ သောအမှုကို လက်စသတ် တော်မူခဲ့ပြီးသည်ဖြစ်၍ ‘ဖန်ဆင်း’ သမျှသောအမှုအရာတို့သည် ‘ပြီးစီး’ ပြီးမှ ထိုသတ္တမနေ့၌ ငြိမ်ဝပ်စွာနေတော်မူ၏။ ထိုသတ္တမ နေ့ကို ဘုရားသခင်သည် ကောင်းချီးပေး၍ သန့်ရှင်းစေတော်မူ၏။ အကြောင်းမူကား ‘ဖန်ဆင်း’ ပြုပြင်တော်မူသောအမှုအရာအလုံးစုံတို့

သည် 'ပြီးစီး' သောကြောင့် ထိုနေ့ရက်၌ငြိမ်ဝပ်စွာနေတော်မူ၏။"
(ကမ္ဘာဦးကျမ်း ၁း၃၁–၂း၃)။

ထိုအတိုချုပ်ခုနစ်ချက်တွင် ဖန်ဆင်းခြင်းသည် ပြီးစီးသွားသောအမှုတစ်ခုဖြစ်ကြောင်း ကျွန်ုပ်တို့အားပြန်လည်သတိပေးနေသည်။ ထို့ကြောင့် ဘုရားသခင် 'ငြိမ်ဝပ်စွာနေ' တော်မူရာ၌ လုပ်ဆောင်သောအမှုပြီးပြည့်စုံသောကြောင့် ရပ်နားခြင်းဖြစ်ပေသည်။ ***သတိမပြုမိသောကြောင့် တစ်စုံတစ်ရာလစ်လပ်နေခြင်းမရှိကြောင်းဖော်ပြသည်။*** စုံလင်သောညီညွတ်မှုအသိုက်အဝန်းတွင် လုပ်ဆောင်မှုမရှိဘဲ သီးခြားနေသောအစိတ်အပိုင်းတစ်ခုမှမရှိ။ "ဘုရားသခင်သည် မိမိဖန်ဆင်းသမျှသောအရာတို့ကိုကြည့်ရှုလျှင် အလွန်ကောင်းသည်ကို မြင်တော်မူ၏။"

### ပြည့်စုံသောကြိုတင်ပြင်ဆင်မှုတစ်ရပ်၏လက္ခဏာ

လူသားအာဒံအား ဖန်ဆင်းပြီးစအချိန်၌ ဘုရားရှင်၏ ခြေတော်ရင်းသို့ သူရောက်ရှိလာခဲ့မည့်အကြောင်းကို စဉ်းစားမိသည်။

"အရှင်ဘုရား၊ တစ်ခုခုကူညီဖို့ တပည့်တော်ကိုမလိုအပ်ဘူးလား" အာဒံကမေးခဲ့လိမ့်မည်။

"မလိုအပ်ပါဘူးအာဒံရယ်၊ အလုပ်ကပြီးသွားပြီးပဲ" ဖန်ဆင်းရှင်က ပြုံးလျက်ပြန်ပြောပေလိမ့်မည်။

"ဒါပေမယ့် ကျွန်တော်လုပ်နိုင်တာတစ်ခုခုတော့ရှိရမယ်။ မတော်လိပ်ပြာလေးတွေရဲ့တောင်ပံတွေကို အလှဆင်ပေးလို့ရမလား။"

"လိပ်ပြာရဲ့တောင်ပံတွေမှာ သူ့အရောင်နဲ့သူလှပြီးသားပါကွယ်။"

"ဟို၊ ဒါဆိုငှက်ကလေးတွေကို သီချင်းသင်ပေးရမလား။"

"သြော် ငှက်ကလေးတွေကို မင်းသင်ပေးနိုင်တာထက် သူတို့က ဆိုတတ်ပါတယ်ကွယ်။"

"သြော်သိပြီ၊ လေထုထဲမှာရှိတဲ့အောက်စီဂျင်ရဲ့အတိုင်းအဆကို စစ်ဆေးပေးမယ်၊ ဘာဖြစ်လဲဆိုတော့ ဓာတ်ငွေ့ကများသွားတာဖြစ်ဖြစ် နည်းသွားတာဖြစ်ဖြစ် အန္တရာယ်ရှိတယ်။"

"ဟုတ်တာပေါ့၊ ဒါပေမယ့် ငါကိုယ်တိုင်စစ်ဆေးပြီးသားပါပဲ။"

"ဒါပေမယ့်အရှင်ဘုရား၊ ကျွန်တော်မျိုးလုပ်နိုင်တာတစ်ခုခု တော့ရှိစေရမယ်။"

"ဟာ ရှိတာပေါ့။ အမှန်အကန်ပဲ။"

"အရှင်ဘုရား၊ ဘာများပါလိမ့်။"

"ငါမင်းကိုနားနေစေချင်တယ်။"

"ဘုရား၊ နားနေရမယ်၊ ကျွန်တော်မျိုးဘာမှမလုပ်ရဘဲနဲ့ ဘယ်လိုလုပ်နားနေရပါ့မလဲ။"

"မင်းငါ့ကိုကိုးစားစေချင်တယ်အာဒံရယ်၊ မင်းလိုအပ်မယ့် အရာတွေအားလုံးကို စုံစေ့အောင် ငါတကယ်ပြည့်ပြည့်ဝဝလုပ်ထား ပေးပြီဖြစ်တဲ့အတွက် အလုပ်ပြီးပြီဆိုတာကို မင်းယုံဖို့လိုအပ်တယ်။"

ထိုအရာကား သတ္တမနေ့တွင်နားနေရမည့်အကြောင်း၏ အနက်အဓိပ္ပါယ်ဖြစ်သည်။ အကယ်၍ လူကိုအစောပိုင်းမှာဖန်ဆင်း ခဲ့လို့ ကျန်တဲ့အရာတွေအတွက်လိုအပ်သည်တို့တွင် လူ၏အကြံဉာဏ် တချို့ကို ဘုရားသခင်ကခံယူခဲ့ရမည်ဆိုလျှင် လုပ်ဆောင်မှုအတွက် ဝါးကြွားစရာတချို့ရှိလိမ့်မည်မဟုတ်ပါလား။ သို့သော် သူထိုသို့မပြုခဲ့ ဉပုသ်နေ့ကိုစောင့်ထိန်းခြင်းအမှုသည် အစအဦးမှတည်ခဲ့၍ ယခုနှင့် နောင်အဆက်ဆက်တွင် ဘုရားသခင်၏အမှုတော် (လုပ်ဆောင်ချက် ကိုအောက်မေ့ဂုဏ်ပြုရန်ဖြစ်သည်။ (ကျွန်ုပ်တို့၏လုပ်ရပ်အတွက်

မဟုတ်ပါ)။ အာဒံကဲ့သို့ပင် ကျွန်ုပ်တို့၏အရေးအရာအစုံအလင်အတွက် ဘုရားသခင်က အမှန်တကယ်ပြည့်စုံစွာကြိုတင်စီမံလျက် လုပ်ဆောင်ပေးပြီးဖြစ်သည်ကို ယုံကြည်ကိုးစားကြောင်းဖော်ပြသောအားဖြင့် ကျွန်ုပ်တို့နားနေခြင်း(ဥပုသ်စောင့်ခြင်း)ဖြစ်ပါသည်။ ကျွန်ုပ်တို့အဖို့ ဘုရားသခင်၏ဉာဏ်ပညာနှင့်စီမံပြင်ဆင်ပေးမှုကိုကိုးစားပြီး လက်တော်မြတ်သို့ စိတ်ချလက်ချအပ်နှံသော ငြိမ်ဝပ်ခြင်း(နားနေခြင်း)ဟု အဓိပ္ပါယ်ရပါသည်။

အဆုံး၌ ထာဝရဘုရား၏ဖန်းဆင်းရှင်အရာထူးနှင့် ကျွန်ုပ်တို့၏ အဖန်ဆင်းခံဆုကျေးဇူးကိုသိမှတ်ဝန်ခံခြင်းသဘောအဓိပ္ပါယ်ကို အလေးအနက်ပြုလျက် သတ္တမနေ့တွင် ငြိမ်ဝပ်စွာနေခြင်းသည် ဝတ်ပြုကိုးကွယ်ခြင်းမည်ပေသည်။

မှားယွင်းသောခရစ်ယာန်အပါအဝင် မှားယွင်းသောသဘာဝတရားတိုင်းလိုလိုတို့၏ဝတ်ပြုခြင်းတွင် ‘လုပ်ဆောင်ခြင်း’ (doing) အမှုတို့ကိုပြုကြ၏၊ သမ္မာကျမ်းစာ၌ ကျွန်ုပ်တို့၏လုပ်ဆောင်မှုကို ထားခဲ့ခြင်း၊ အားထုတ်မှုနှင့်တိုက်လှန်မှုများကိုချထားခြင်း၊ ကျွန်ုပ်တို့၏ ကိုယ်စားအားလုံးလုပ်ဆောင်ပြီးစီးပြီဖြစ်ကြောင်းစိတ်ချလျက် မိမိတို့၏ အလုပ်မှရပ်နားရန်သာသွန်သင်ထားပေသည်။ “သတ္တမနေ့ရက်သည် ဥပုသ်နေ့ဖြစ်၏” ဟုစတုတ္ထပညတ်၌ကြေညာထားရာတွင် “ဥပုသ်” ဆိုသောစကားလုံး၏အဓိပ္ပါယ်ရင်းမှာ “နားနေခြင်း” ဖြစ်သည်။ ဘုရားသခင်က သူ၏နားနေခြင်းအမှု၌ ပူးပေါင်းပါဝင်ရန် ကျွန်ုပ်တို့အား ဖိတ်ခေါ်၏။

သူနှင့်အတူနားနေခြင်းအားဖြင့် ဘုရားနှင့်ကျွန်ုပ်တို့ကြား တည်ရှိသောယုံကြည်ခြင်း၌အခြေခံသည့် ဆက်စပ်မှု၏လက္ခဏာ သက်သေတစ်ခုဖြစ်ကြောင်းကို စကြဝဠာသို့ကြေညာလိုက်ခြင်းဖြစ်၏။

ဥပုသ်နေ့၌နားနေခြင်းသည် ထိုဆက်စပ်မှုကိုပုံဆောင်နေရုံ သာမကဘဲ ၎င်းပုံဆောင်မှု၏သရုပ်အမှန်သို့ပါဝင်လာခြင်းလည်းဖြစ်၏။ ထို့အတူ ငြိမ်သက်ခြင်းအတွက် အာမခံချက်သည်သာညမကဘဲ ဘုရားသခင်၏မေတ္တာ၌တည်သော ထိုငြိမ်သက်ခြင်းကိုရ၏။ ထိုအမှုသည် ဘုရားသခင်နှင့်သူ၏ဖန်ဆင်းခြင်းစပ်ကြားတည်သောဆက်စပ်မှုကိုပြောဆိုထားသလို အတည်ပြုခြင်းလည်းဖြစ်၏။

ထိုအကြောင်းကြောင့် ဥပုသ်နေ့သည် ဘုရားသခင်ကိုသာ ဝတ်ပြုရန်နှင့် သူ့အား ကျွန်ုပ်တို့၏အသက်တာ၌ပထမဦးမစားပေးနေရာ တွင်ထားရှိရန် မိန့်မှာသောပထမပညတ်ချက်သုံးပါးတို့၏ပြည့်စုံရာနှင့် အာမခံချက်ဖြစ်၏။

ပထမပညတ်ချက်သုံးပါးကို ကျွန်ုပ်တို့၏စိတ်နှလုံးထဲတွင် စောင့်ထိန်းနေသော်လည်း ရုပ်တုရှေ့၌ ဦးမညွတ်ခြင်းကို တစ်ပါးသူက သတိထား၍ နားလည်ချင်မှနားလည်မည်။ သို့သော် ဥပုသ်စောင့်ခြင်းသည် အမှန်တကယ်ထင်ရှားသော ရုပ်တည်မှုတစ်ပါးဖြစ်၏။ ထို့ကြောင့်သာ နှုတ်ကပတ်တော်က ဥပုသ်နေ့ကို ဘုရားသခင်နှင့်တူ၏။ လူတို့စပ်ကြားတွင်ထားရှိသောပဋိညာဉ်၏ "လက္ခဏာသက်သေ" ဟု ခေါ်ဆိုထားခြင်းဖြစ်နိုင်၏။ (ယေဇကျေလ ၂၀း၁၂၊ ၂၀)။

## ကရုဏာပညတ်ချက်တစ်ပါး

ယနေ့လူသားတွေမှာ ဘဝအသက်တာ၏လုပ်ဆောင်ရာများနှင့် ပြဿနာတို့ကြောင့် မည်မျှစိတ်ဓာတ်ပျက်ပြားနေကြသည်ကို သတိပြုမိပါသလား။ ပျာယာခတ်နေရင်း သောကပွားနေရ၏။ အချိန်ကား မလောက်နိုင်။ စားရေး၊ ဝတ်ရေး၊ နေရေးနှင့် လူမှုရေး၊ စီးပွားရေး၊

ပညာရေး စသည့်အရေးအရာများ၌ ဝန်ပိနေကြ၏။ ထိုထက်မက သောင်းခြောက်ထောင်သောအမှုအရာတို့မှာလည်း ကျယ်လောင်စွာ ဟစ်ကြွေးလျက် စိတ်အာရုံ၌မွန်းကျပ်ကုန်၏။ ရမှာက အကန့်အသတ်နှင့်လိုအပ်ချက်၏တောင်းဆိုမှုများမှာတော့မဆုံးနိုင်။ ရလေလိုလေတည်း။ တစ်ချိန်ကကျော်ကြားခဲ့သော Cecil Rhodes အိပ်ရာပေါ်မှာ သေချိန်ကိုစောင့်နေရင်း လေသံတစ်ဝက်ဖြင့် "နည်းနည်းပဲပြီးတယ်၊ လုပ်စရာက အများကြီး" ဟု ညည်းညူခဲ့ရရှာ၏။ မရေမတွက်နိုင်သောလူသားများ၌လည်း သူ၏ရှုံးနိမ့်သံထဲတွင် ပဲ့တင်ထပ်နေ၏။

အရှိန်ပြင်းပြင်းနှင့်ရွေ့လျားနေသောဘဝပြိုင်ပွဲများနှင့် မခံမရပ်နိုင်လောက်သောဘဝ၏လိုအပ်ချက်များအလယ်၌ "တန်တော့" ဟု မဆိုတတ်သောသင်္ချိုင်း၏ခံတွင်းကဲ့သို့ဖြစ်၏။ ဥပုသ်စောင့်ထိန်းသူဆရာကြီး Herman Wouk က "ဥပုသ်နေ့သည် ပင်ပန်းနွမ်းနယ်သောသားငယ်အတွက် ဆန့်သောမိခင်၏လက်များဖြစ်သည်" ဟု ဖွင့်ဆိုခဲ့၏။

"ခြောက်ရက်ပတ်လုံးအလုပ်မျိုးကို ကြိုးစားလုပ်ဆောင်လော့" ဟုပညတ်ချက်ရှိ၏။ သင့်အတွက် ခွဲဝေသတ်မှတ်ထားသောအချိန်ပင်ဖြစ်သည်။ လုပ်ဆောင်ပါ၊ ရုန်းကန်ပါ၊ ထိုခြောက်ရက်အတွင်း သင့်အကောင်းဆုံးကိုပေးဆပ်ပါ။ သို့သော် အားလုံးအတွက် ကန့်သတ်ချက်ကား ဥပုသ်နေ့ဖြစ်၏။ ထိုနေ့၌ သင်နားနေရမည်။

စတုတ္ထပညတ်ချက်က အလုပ်လုပ်ရန်မိန့်မှာ၏။ သို့သော် ကုန်ခန်းသည့်တိုင်လုပ်ပါ" ဟူ၍ကားမဆို။ သင့်အလုပ်ပြီးမှ သင်အနားရမည်ဖြစ်သောကြောင့် မပြီးမချင်းကြိုးစားလုပ်ပါဟုလည်းမဆိုထားပါ။ သို့သော် သင်လုပ်ရမည့်အရာတွင် အတိုင်းအတာတစ်ခုရှိသည်ဟုဆိုခြင်းဖြစ်၏။

ဥပုသ်နေ့သည် ဘဝအသက်တာ၏ပုံဆောင်ဥပမာတစ်ခု ဖြစ်သည်။ တစ်နေ့ဘဝနေဝင်ချိန်နောက်ဆုံးထွက်သက်ရှူရသည့်ချိန်တိုင် လုပ်ကိုင်စရာများကျန်နေတတ်သောသင်ခန်းစာ၊ ကျွန်ုပ်တို့အတွက် ခွဲဝေသတ်မှတ်ထားသောအချိန်၌ လုပ်နိုင်သည်ကိုလုပ်ဆောင်ပြီး နားရမည့် အချိန်တွင်နားနေရမည့်သင်ခန်းစာ၊ မိမိတို့ကိုယ်တိုင်၏စုံလင်ခြင်းကို စံထားပြီး မိမိတို့၏ပြီးမြောက်အောင်မြင်မှုကိုမတိုင်းတာဘဲ ဘုရားသခင်၏မေတ္တာအားဖြင့်တိုင်းတာရန် စသည့်သင်ခန်းစာများကိုရနိုင်ပါသည်။

စိတ်ထားအရိုးအမှန်ဖြင့် မိမိ၏အကောင်းဆုံးကိုလုပ်ဆောင်လိုသည်ရှိသော် မချုပ်တည်းနိုင်ခြင်းနှင့် လွန်ကဲခြင်းများဖြစ်တတ်သောကြောင့် ဘုရားသခင်က ကျွန်ုပ်တို့အား ကရုဏာမိန့်မှာချက်အဖြစ် ပညတ်တော်ဆယ်ပါးမှ ဤစတုတ္ထကျင့်ဝတ်ကိုပေးထားခြင်းဖြစ်၏။

ဥပုသ်နေ့သည် လူသားများအတွက်ဖြစ်ကြောင်း သခင်ယေရှုမိန့်မှာခဲ့၏။ (မာကု ၂း၂၇)။ ကျွန်ုပ်တို့အဖို့ အကျိုးကျေးဇူးနှင့် အကာအကွယ်အဖြစ်စီမံပေးသောဆုလာဘ်တစ်ပါးဖြစ်ပေသည်။ မဆုံးနိုင်သော မုန်တိုင်း၏ဒဏ်မှအကာအကွယ်ပေးသည့်ဆိပ်ကမ်းဖြစ်သကဲ့သို့ နွမ်းနယ်သောကမ္ဘာ့ခရီးသည်အဖို့ အားသစ်အင်သစ်ကိုဖြစ်စေသော အိုအေစစ်လည်းဖြစ်ပေသည်။

## ကျဆုံးသောကမ္ဘာ့ရှိဥပုသ်နေ့

"ဥယျာဉ်၌ရှိသမျှသောအပင်တို့၏အသီးကို သင်တို့ပမစားရဟု ဘုရားသခင်က အမှန်ပင်ပညတ်ထားပါသလော။"

အန္တရာယ်ပြုမည့်သဘောမပါသော မေးခွန်းဟုစိတ်ထင်ရသည်။ မိန်းမလည်းသံသယမရှိဘဲ ချက်ချင်းအဖြေပေး၏။ ဖန်းဆင်းရှင်အား

မမှန်မကန်အပြစ်ဆိုခြင်းမှကာကွယ်ပေလိမ့်မည်။ "မဟုတ်ပါဘူး" သူမ ဖြေ၏။ "ဥယျာဉ်မှာရှိတဲ့အပင်တွေရဲ့အသီးကို ကျွန်မတို့စားခွင့်ရှိပါ တယ်။ ဒါပေမယ့် ဥယျာဉ်အလယ်မှာရှိတဲ့အပင်တစ်ပင်ရဲ့အသီးကို တော့ 'သင်တို့မစားရ၊ မကိုင်ရ၊ မဟုတ်ရင်သေမယ်' လို့ ဘုရားသခင် ပြောပါတယ်။"

"မင်းတို့တကယ်မသေရပါဘူး၊" ရန်သူကပြုံးဖြဲဖြဲနှင့်ပြော၏။ "မင်းတို့စားလိုက်ရင် မင်းတို့အမြင်တွေရှင်းသွားမယ်၊ ကောင်းတာ မကောင်းတာသိလာမယ်၊ သူနဲ့တူလာမယ်၊ ဒါကိုဘုရားသိလို့ပါ" (ကမ္ဘာဦးကျမ်း ၃း၁–၅)။

ဘုရားသခင်၌ သင်မသိသင့်၊ မသိစေလိုသောအရာတချို့ ရှိ၏။ သင့်ကောင်းကျိုးအဖို့အလို့ငှါ အသိမပေးခဲ့ခြင်းဖြစ်၏။

ဥပုသ်နေ့သည် ယုံကြည်မှုနှင့်ဆိုင်သောသတင်းစကားဖြစ်၏။ "ငါ့ကိုယုံပါ၊ ပြည့်စုံတဲ့ကြိုတင်ပြင်ဆင်မှုတွေနဲ့ အမှန်တကယ်စီမံ ထားတာကိုလက်ခံပါ။" သို့သော် ရန်သူ၏သတင်းစကားသည် လုံးဝ ဆန့်ကျင်ဘက်ဖြစ်၏။ "ဘုရားသခင်စီမံထားတဲ့အရာကမပြည့်စုံဘူး။ တစ်ခုခုတော့လိုနေတယ်။ သူ့အစီအမံနဲ့ခွါနေဖို့လိုမယ်။ သင့်စိတ်ကြိုက် လမ်းကိုသင်ရွေး၊ သင့်ကိုယ်သင်ကာကွယ်ပါ။"

အာဒံနှင့်ဧဝသည် စာတန်၏သိမ်းသွင်းမှုကိုလက်ခံကာ ၎င်း၏သစ္စာမဲ့ခြင်းနှင့်နားမထောင်ခြင်းသဘောအတိုင်းပါသွားတော့၏။ ထိုအတွက် လူသားတို့ကိုရှုပ်ထွေးမှုထဲမှကယ်ဆယ်ပြီး ယုံကြည်ခြင်း၊ ကိုးစားခြင်းနှင့် နားထောင်ခြင်းတို့ဖြင့်တည်သော ဘုရားသခင်နှင့် ဆက်စပ်မှုကိုပြန်လည်ရရှိမည့် ထပ်ဆင့်စီမံမှုလိုအပ်လာခဲ့၏။

ဘုရားသခင်၏ဖန်ဆင်းခြင်းကိုလက်စသတ်ကာ ပြီးစီးသော အလုပ်မှရပ်နားလိုက်သောနေ့သည် သောကြာနေ့ဖြစ်၏။ ထို့အတူ

သခင်ယေရှု၏ရွေးနုတ်ကယ်တင်ခြင်းလုပ်ငန်းကိုအပြီးသတ်ကာ "အမှု ပြီးပြီ" (ယော ၁၉း၃၀) ဟုကြွေးကြော်လျက် အသက်စွန့်ခဲ့သော နေ့သည်လည်း သောကြာနေ့ပင်ဖြစ်၏။ ပြီးနောက် တပည့်တော် တို့သည် အလောင်းတော်ကိုကပ်တိုင်မှချကာ ယောသပ်၏အုတ်ဂူ အသစ်သို့ အလျင်အမြန်သွင်းပြီးချိန်မှာ နေလည်းဝင်သွားပြီ။ သမ္မာ ကျမ်း၌ "ထိုနေ့ကား အဖိတ်နေ့ဖြစ်၍ ဥပုသ်နေ့အချိန်နီးသတည်း" ဟုမှတ်သားထား၏" (လုကာ ၂၃း၅၄)။ တစ်ဖန်ကယ်တင်ရှင်သည် မိမိ၏လုပ်ငန်းပြီးစီး၍ သတ္တမနေ့၌နားနေပြန်၏။

ဥပုသ်နေ့သည် ပြည့်စုံသောကမ္ဘာတစ်ခုအဖြစ် ဘုရားသခင်၏ ပြင်ဆင်ပေးမှုအတွက် အထိမ်းအမှတ်ပြုသောနေ့ဖြစ်၏။ ထို့အတူ အပြစ်ထဲကျရောက်သွားသောကမ္ဘာအား ပြန်လည်ရွေးနုတ်လျက်၊ အပြစ်နာကိုကုသလျက်၊ ယုံကြည်ခြင်းနှင့်ကိုးစားခြင်းဖြင့်တည်သော ဆက်စပ်မှုကိုပြန်လည်ရရှိစေသော ပုံဆောင်မှုအဖြစ်၌လည်းတည်၏။

ဤဒုတိယအခိပ္ပါယ်သည် လက်ဝါးကပ်တိုင်မရှိမီ ရှေးလွန်ခဲ့ သောအချိန်မှတည်ရှိခဲ့၏။ သိနာတောင်၌ ဘုရားသခင်က ပညတ်တော် ဆယ်ပါးကိုပေးသောအခါတွင် ဥပုသ်နေ့ကိုဖန်ဆင်းခြင်းသို့ပြန်၍ ညွှန်ပြစေသည်။ နောက်အနှစ်(၄၀)ကြာသောအခါ မောရှေက ထိုအကြောင်းကိုကိုးကားလျက် ထပ်မံ၍ဆို၏။ "သင်သည် အဲဂုတ္တု ပြည်၌ကျွန်ခံကြောင်းကိုလည်းကောင်း၊ သင်၏ဘုရားသခင်ထာဝရ ဘုရားသည် အားကြီးသောလက်ရုံးတော်ကိုဆန့်၍ ထိုပြည်မှ သင့်ကို နုတ်ဆောင်တော်မူကြောင်းကိုလည်းကောင်း အောက်မေ့လော့။ ထိုအကြောင်းကြောင့် သင်သည် ဥပုသ်နေ့ကိုစောင့်ရမည်ဟု သင်၏ ဘုရားသခင်ထာဝရဘုရားမှထားတော်မူ၏။" (တရားဟောရာကျမ်း ၅း၁၅)။

အုပ်စိုးခြင်းအရာ၌တည်ရန် လူကို ဘုရားသခင်ဖန်ဆင်းခဲ့သည်။ (ကမ္ဘာ ၁း၂၆၊၂၇)။ ကျွန်အရာ၌မဟုတ်၊ သူ၏လူများကို ၎င်းတို့၏လက်ရှိကျွန်ဘဝမှကယ်ဆယ်ရုံသာမဟုတ်၊ သူနှင့်ကိုးစားခြင်းဆိုင်ရာဆက်စပ်မှုကိုပြန်လည်ရစေရန်ရည်သန်သည်။ (ထွက် ၁၉း၄)။ ထပ်ဆင့်၍ "မင်းစည်းစိမ်ရှိသောယဇ်ပုရောဟိတ်မျိုး" တိုင်အောင် ချီးမြှောက်လျက် ဦးဆောင်မှုအရာသို့ရောက်စေ၏။ (ထွက် ၁၉း၅၊၆။ ၁ပေ ၂း၉။ ဗျာ ၅း၁၀)။

ဤသို့ဖြင့် ဥပုသ်နေ့သည် ဖန်ဆင်းခြင်းအတွက်သာမဟုတ်၊ ကယ်တင်ခြင်းအတွက်ပါ ကျင်းပသောနေ့မြတ်လည်းဖြစ်၏။

**သူ၏ငြိမ်ဝပ်ရာချမ်းသာထဲသို့**

တစ်ခါတစ်ရံ မူမမှန်သောသဘောထားက ကျွန်ုပ်တို့ကို အနိုင်ယူတော့မလိုဖြစ်၏။ ထိုအခါမျိုး၌ ငြိမ်သက်ခြင်းကိုမတွေ့နိုင်။ ရှင်ပေါလုက လူ့စိတ်သဘော၏အခြေအနေကို သူ့ကိုယ်တွေ့ခံစားချက်နှင့်ယှဉ်၍ပြော၏။ "ငါသည် ကိုယ်ကျင့်သောအကျင့်ကိုမနှစ်သက်၊ ကျင့်ချင်သောအကျင့်ကိုမကျင့်၊ ရွံရှာသောအကျင့်ကိုကျင့်၏။ ငါသည် အတွင်းလူအားဖြင့် ဘုရားသခင်၏ပညတ်တရားတော်ကိုနှစ်သက်၏။ သို့သော်လည်း ငါ့ကိုယ်အင်္ဂါများ၌ရှိသောတရားတစ်ပါးသည် စိတ်ဝိညာဉ်ဆိုင်ပြိုင်တိုက်လှန်သဖြင့် ငါ့ကိုယ်အင်္ဂါးများ၌ရှိသောအပြစ်တရားလက်သို့ ငါ့ကိုဖမ်းသွားအပ်နှံသည်ကို ငါမြင်၏။" (ရောမ ၇း၁၅–၂၃)။

တမန်တော်ကြီးက လူ့သဘာဝ၌ မိမိ၏အဖြစ်မှန်ကို ရိုးရိုးသားသားဝန်ခံ၏။ သူသူကိုယ်ကိုယ်ရင်ဆိုင်ကြရသော ဝိညာဉ်ရေးမှန်တိုင်းဖြစ်သည်။ ဝိညာဉ်ရေးတိုက်ပွဲတွင် အကျင့်ဟောင်းနှင့်စွဲလမ်းမှု

များ၌ပိတ်မိနေကြောင်းသိရလင့်ကစား၊ ပြောင်းလဲမှုနှင့်တိုးတက်ကောင်းမွန်ခြင်းလိုအပ်သည်ကို နားလည်သဘောပေါက်စေသောအကျိုးကျေးဇူးကိုတွေ့နိုင်၏။

ကြမ်းတမ်းပြင်းထန်သောမုန်တိုင်းအလယ်၌ ယိမ်းယိုင်ပြိုလဲသွားအောင် ကျွန်ုပ်တို့အားအမြဲတမ်းလွှမ်းမိုးထားမည်မဟုတ်ပါ။ ဆိပ်ကမ်းကဲ့သို့ ခိုကိုးရာအရပ်ကိုရှာတွေ့နိုင်ကြောင်း တမန်တော်ကြီးကဤသို့ဆို၏။ "ငါတို့သခင်ယေရှုအားဖြင့် ကယ်လွှတ်တော်မူသောဘုရားသခင်၏ကျေးဇူးတော်ကြီးလှပေ၏။ (ရောမ ၇း၂၅)။ "ယေရှုခရစ်၌တည်၍ ဇာတိပကတိအတိုင်းမကျင့်၊ ဝိညာဉ်ပကတိအတိုင်းကျင့်သောသူတို့သည် အပြစ်စီရင်ခြင်းနှင့်လွတ်ကြ၏။ ယေရှုခရစ်၌တည်၍ အသက်ရှင်စေသောဝိညာဉ်တော်၏တရားသည် အပြစ်တရား၏လက်မှလည်းကောင်း၊ သေခြင်းတရား၏လက်မှလည်းကောင်းငါ့ကိုကယ်လွှတ်ပြီ။" (ရောမ ၈း၁၊၂)။

အခြားကျမ်းပိုဒ်တွင်လည်း ဥပုသ်နေ့ကိုဝိညာဉ်ရေးရာငြိမ်ဝပ်ခြင်းချမ်းသာအဖြစ် ဤသို့ဖော်ပြသေး၏။ "ထိုကြောင့် ဘုရားသခင်၏လူတို့အဖို့အလိုငှါ ငြိမ်ဝပ်ခြင်းချမ်းသာတစ်မျိုးသည် ကျန်ရစ်သေး၏။ ဘုရားသခင်သည် မိမိအမှုအရာတို့ကိုပြီးစီး၍ ငြိမ်ဝပ်စွာနေတော်မူသည်နည်းတူ ထိုချမ်းသာထဲသို့ဝင်ရသောသူသည်လည်း မိမိအမှုအရာတို့ကိုပြီးစီး၍ ငြိမ်ဝပ်စွာနေရ၏။" (ဟေဗြဲ ၄း၉၊၁၀)။

ဟေဗြဲ (၄) အရ ယခုဥပုသ်စောင့်ထိန်းခြင်းသည် ကရာနီလက်ဝါးကပ်တိုင်ပေါ်တွင် ခရစ်တော်သည် ကျွန်ုပ်တို့၏ကယ်တင်ခြင်းအတွက် အမှန်တကယ်ပြီးမြောက်စေခဲ့သည်ကို ကျွန်ုပ်တို့လက်ခံကြောင်း အဓိပ္ပါယ်သက်ရောက်၏။ ကိုယ်တော်ပြီးမြောက်စေခဲ့သော

ကယ်တင်ခြင်းသည်လည်း "ယုံကြည်သောသူအပေါင်းတို့" (ယောဟန် ၃း၁၆) အပေါ်သို့ အကန့်အသတ်မရှိသက်ရောက်၏။

ဤယုံကြည်ကိုးစားခြင်းဆိုင်ရာ ဆက်စပ်မှုသည်လည်း သတ္တမနေ့၌ ငြိမ်ဝပ်စွာနေခြင်းအားဖြင့် ဖိလိပ္ပိ ၄း၇ ၌ဖော်ပြသော "အဘယ်သူမျှကြံ၍မမှီနိုင်သော ဘုရားသခင်၏ငြိမ်သက်ခြင်း" သည် "ယေရှုခရစ်အားဖြင့်" သက်ရောက်လိမ့်မည်ဖြစ်သည်။ ဒုက္ခပင်လယ် ပြင်ထဲလူးလာကူးခတ်ကာ သောကပွားမနေတော့ဘဲ ဆိပ်ကမ်း၌ ငြိမ်ဝပ်စွာနားနေရလိမ့်မည်။

အဘယ်သို့ပြုရမည်ကိုပင် သင်တွေးတောနေသလား။ ဆုတ်ဆိုင်း၍မနေသင့်တော့ပါ။ ရှင်လန်းအားရစွာရဲရင့်သောခြေလှမ်းများဖြင့် ဥပုသ်ငြိမ်သက်ခြင်းထဲသို့လှမ်းခဲ့ဖို့ ကျွန်ုပ်တိုက်တွန်းပါသည်။ "ဘုရားသခင်၏ချမ်းသာထဲသို့ဝင်ရသောအခွင့်ကို ပေးသောကတိတော်သည် ငါတို့၌ရှိရစ်လျက်နှင့် သင်တို့တွင် အချို့တို့သည်မမှီဘဲနေမည်ကိုစိုးရိမ်ကြကုန်အံ့။" (ဟေဗြဲ ၄း၁)။

---***---

## မိဘများနှင့်သားသမီးများ
## ပဉ္စမပညတ်ချက်

*"သင်၏ဘုရားသခင်ထာဝရဘုရား ပေးသနားတော်မူသောပြည်၌ သင်၏အသက်တာရှည်မည်အကြောင်း သင်၏မိဘကို ရိုသေစွာပြုလော့။" (ထွက်မြောက်ရာကျမ်း ၂၀း၁၂)*

(၁၉၄၆–၁၉၄၉) ခုနှစ်များတွင် ပြည်တွင်းစစ်ဖြစ်ပွားနေချိန်၌ Eleni Gatzoyiannis သည် ဂရိ(စ်)တွင်ရှိ၏။ ကွန်မြူနစ်များက သူမ၏အိမ်ကိုသိမ်းပိုက်ကာ ၎င်းတို့၏ဌာနချုပ်ရုံးအဖြစ်အသုံးပြုကြ၏။ သူမလည်း ပေးအပ်ခဲ့၏။ သူမအား ခြံဝင်းလုပသာသာယာဖို့အတွက် အလုပ်ခိုင်းကာ သူမ၏သမီးကြီးကိုလည်း အတင်းစစ်မှုထမ်းစေ၏။ ဒါကိုလည်း သူမ မငြင်းဆန်ပါ။ မကြာမမြင့်သောတစ်နေ့တွင် အခြေအနေကိုလည်း နဂိုပုံမှန်သို့ပြန်ရောက်လိမ့်မည်ဟုသာ သူမမျှော်လင့်ရ၏။

သို့သော် ၎င်းတို့က သူမ၏ (၆)နှစ်နှင့် (၈)နှစ်အရွယ်ရှိ သားငယ်နှစ်ယောက်ကို ကွန်မြူနစ်ပါတီ၏ဥပဒေပညာသင်တန်းပေးရန် တိုင်းတစ်ပါးရပ်ခြားသို့ပို့ရန် အစီအစဉ်ရှိလာသောအခါ သူမ မနေနိုင်တော့ပါ။ သူတို့၏လွတ်လမ်းအတွက် သူမကြံဆရတော့၏။ တစ်ဖက်ရွာရှိ ကလေးတို့၏ဦးလေးထံသို့ သူမကိုယ်တိုင်သွားရောက်လျက် ကလေးတို့ကိုပို့ထားလိုက်လျှင် အကူအညီရမည်ကိုသူမသိ၏။ သို့သော် ကလေး(၂)ယောက်အနေဖြင့် ဝေးသောခရီးကို ခြေလျင်လျှောက်နေမှာကို စိတ်ဝင်စားမည်မဟုတ်။ မတတ်နိုင်ပါ။ နောက်နေ့မိုးသောက်ချိန်မှာ သားငယ်နှစ်ယောက်ကိုခေါ်ပြီး သူမပြန်လျှောက်လာရဲသလောက်အထိ

သားတို့ကိုသွားပို့ပြီး နောက်ဆုံးအနေဖြင့် ဖက်ယမ်းနူတ်ဆက်ကာ လမ်းခွဲခဲ့ကြ၏။ သားငယ်နှစ်ယောက်အဝေးသို့ရောက်သွားသည် တိုင်အောင် မိခင်မှာ လက်ကိုဝှေ့ယမ်းလျက်နူတ်ဆက်ခဲ့၏။

ရဲဘော်များက သားငယ်တို့ကိုလာခေါ်သောအခါ သူမ၏ လုပ်ဆောင်ချက်ကိုမဖုံးကွယ်နိုင်ခဲ့။ ထို့ကြောင့် သူပုန်ခေါင်းဆောင်က သူမအား အိမ်၏မြေစိုက်ခန်းတစ်ခုတွင် အကျဉ်းချထားလိုက်၏။ မကြာမီ တပ်သားနှင့်လူထုအစုအဝေးရှေ့တွင်ထုတ်၍ သူမအားစီရင်၏။ သေနတ်သံမထွက်ပေါ်မီ သူမ၏လက်နှစ်ဖက်ကို သူမမြှောက်ကာ "ငါ့သားတို့၊ ငါ့သားတို့" ဟုအော်ဟစ်ရင်း အသံပျောက်သွားခဲ့ရရှာ၏။

ထိုမိခင်၏သတ္တိသည် သန်းပေါင်းများစွာသောနှလုံးသားသို့ လှုပ်ခတ်သွားမည်ကိုခန့်မှန်းနိုင်ပါသည်။ နှလုံးသားတိုင်း၏အကြော အမျှင်သို့တို့ထိစေရခြင်းမှာ မိဘနှင့်သားသမီးတို့အကြားတည်သော ဆက်စပ်မှုသည် သက်ရှိတိုင်းနှင့်ပတ်သက်သော အရေးအရာတစ်ခုပင် ဖြစ်သောကြောင့်မဟုတ်ပါလား။ အဲလေနိ(Eleni)၏လုပ်ဆောင်မှုက အရေးကြုံလာလျှင် မိခင်တိုင်းလုပ်ဆောင်နိုင်ရမည့်အရာကို ကိုယ်စား ပြုပေသည်။ သားသမီးအတွက်ဆို မိဘအများက ခြွင်းချက်မရှိ၊ အသက် ပေးရဲကြ၏။

ပဉ္စမပညတ်ချက်၌ အားကြီးစွာသောဆက်စပ်ဆက်နွှယ်မှုကို အောက်ခြေမှနေ၍မိန့်ဆိုထား၏။ (သားသမီးကိုသာတပ်၍ပြော၏)။ ဆင်ခြင်ရန်ကောင်းသောအချက်မှာ– လူတိုင်းကလက်မထပ်သောကြောင့် လူတိုင်းသည် မိဘမဖြစ်နိုင်သော်လည်း လူတိုင်းကတော့ သားသမီး ဖြစ်ကြ၏ ကျွန်ုပ်တို့၏မိဘများအပေါ်သို့ ကျွန်ုပ်တို့၏ဆက်ဆံရေး ကောင်းသည်၊ မကောင်းသည်ဆိုသည့်အချက်က ကျွန်ုပ်တို့

အသက်တာ၏နောက်ဆုံးပိုင်းသို့တိုင်အောင် အကျိုးသက်ရောက်မှု ရှိပေသည်။ ပဉ္စမပညတ်ချက်၌ ဤသို့အတိအလင်းမိန့်ဆို၏။ ၎င်းသည် စိတ်သဘောထားနှင့်ဆက်စပ်မှု (ဆက်ဆံရေး)တို့နှင့်ပတ်သက်သော အကြောင်းတစ်ရပ်ဖြစ်ပေသည်။

ကျွန်ုပ်တို့ဘယ်မှာ၊ ဘယ်ကမွေးဖွားခဲ့သည်ဆိုသောအဖြစ်မှန် ကိုပြောင်းလဲ၍မရနိုင်ပါ။ မည်သူမျှ မိမိ၏မိဘကို မည်သူဖြစ်ရမည်ဟု ရွေးချယ်ခွင့်မရှိသလို၊ မည်ကဲ့သို့သောသူဖြစ်ရမည်ဟူ၍လည်း ကိုယ့် အတွေးနှင့်ကိုယ်ပြု၍မရ။ သမ္မာကျမ်း၏အဆိုတစ်ရပ်တွင် “ဤတိုတောင်း သောဘဝ၌ လူဖခင်များသည် မိမိတို့လျောက်ပတ်သည်ဟုထင်မှတ် သည့်အတိုင်း ငါတို့အားဆုံးမတတ်ကြ၏” ဟုတွေ့ရ၏။ (ဟေဗြဲ ၁၂း၁၀)။ မိဘတို့အနေဖြင့် မိမိတို့၏ဝတ္တရားကို လိုလေသေးမရှိ၊ မိမိတို့လိုလားသည့်အတိုင်း ထမြောက်အောင်မြင်စွာပြုနိုင်ကောင်းပြု နိုင်လိမ့်မည်။ (သို့မဟုတ်) မှားယွင်းမှု၊ လွဲချော်မှုများစွာကို ပြုမိကောင်းပြုမိကြလိမ့်မည်။ သို့တည်းမဟုတ် ထိုနှစ်မျိုးစလုံးဖြစ်ကောင်း ဖြစ်ပေမည်။ ကျွန်ုပ်တို့အပေါ်သို့သက်ရောက်သည့် မလွဲသောမရှောင်သာ သောဩဇာလွှမ်းမိုးခြင်းကို သူတို့ပြုခဲ့သော်ရှိ၊ မပြုခဲ့သော်ရှိ၊ ထိုအကြောင်းနှင့်ပတ်သက်၍ တွင်တွင်ကျယ်ကျယ်မပြောနိုင်သကဲ့သို့၊ ထပ်ခါတလဲလဲအကြောင်းပြု၍လည်းမရနိုင်ချေ။ ၎င်းတို့၏စွဲမြဲလက်သုံး နည်းလမ်းထက်၊ ၎င်းတို့၏ အားထုတ်မှုများအပေါ်ထားရှိသော ကျွန်ုပ်တို့၏စိတ်နေသဘောထားကသာ ကျွန်ုပ်တို့အပေါ်သို့နက်ရှိုင်း ခိုင်မာစွာအကျိုးသက်ရောက်ပေသည်။ ပဉ္စမပညတ်ချက်က ဤကဲ့သို့ အတိအလင်းမိန့်ဆိုပေ၏။ ကျွန်ုပ်တို့၏မိဘဖြစ်ရန် ကျွန်ုပ်တို့က မရွေးချယ်နိုင်သကဲ့သို့ ၎င်းတို့အားလည်း ပြောင်း၍မရနိုင်ပါ။ သို့သော်

သူတို့အပေါ်ထားရှိနိုင်မည့်စိတ်သဘောထားကတော့ ကျွန်ုပ်တို့
အပေါ်မှာသာမူတည်ပေသည်။

ခရစ်ယာန်တက္ကသိုလ်တစ်ခုတွင် စည်းကမ်းထိန်းသိမ်းရေး
ကော်မတီဝင်တစ်ဦးအဖြစ် နှစ်ပေါင်းများစွာ ကျွန်ုပ်ပါဝင်ခဲ့၏။ တစ်နေ့၌
အမူအရာရိုင်းပျသော ကျောင်းသားလူငယ်တစ်ယောက်နှင့် ရင်ဆိုင်ခဲ့ရ၏။
ကော်မတီက ၎င်းကျောင်းသား ဤကဲ့သို့ဆက်ခါဆက်ခါဖြစ်နေသည်
ကိုသာအာရုံစိုက်ပြီး ဖြစ်စဉ်အချက်အလက်အသေးစိတ်ကို
သိပ်စိတ်မဝင်စားကြ။ စားပွဲခုံ၏တစ်ဖက်တွင်ထိုင်နေလျက် လက်နှစ်ဖက်
ကိုရင်ပတ်တွင်ပိုက်ကာ ကျွန်ုပ်တို့အားစူးရှသောမျက်လုံးဖြင့် ခက်ထန်စွာ
ကြည့်နေ၏။ ကျွန်ုပ်တို့မေးခဲ့သမျှမေးခွန်းအတွက် ဒေါသအဖြေသာရ
ခဲ့၏။ ကော်မတီဝင်အားလုံးက ခေါင်းခါကြသည်။ မိနစ်အနည်းငယ်
ကြာသောအခါ ကျွန်ုပ်ကစကားစရ၏။ "ပေါလ်ရေ၊ သာမန်မေးခွန်း
တောင်မင်းအတွက်ဒေါသပဲဖြစ်နေတော့ တို့လည်းနားမလည်ဘူး။
ဒါပေမယ့် မင်းပြောချင်တဲ့စကားကိုတော့ ငါသိချင်တယ်၊ ပြောပါ
လားကွာ။"

သူမဖြေပါ၊ စူးရှသောမျက်လုံးအစုံသာ ကျွန်ုပ်ထံသို့လှည့်လာ
၏။ အံကိုကြိတ်၍ လည်ပင်းကြောထောင်၏။ "အေး၊ ကြည့်ရတာ
တို့ကော်မတီအဖွဲ့ကို မင်းက ရန်သူလိုသဘောထားနေသလိုပဲကွာ"
ဒေါသအကြည့်က အားလျော့သွားသယောင်ရှိသော်လည်း တိတ်ဆိတ်
နေဆဲပင်။ ကျွန်ုပ်ကထပ်ပြီး "ငါစဉ်းစားမိတယ်ကွာ၊ မင်းနဲ့မင်းဒယ်ဒီရဲ့
ဆက်ဆံရေးအခြေအနေကို မင်းဒယ်ဒီကိုမင်းဆက်ဆံသလို တို့ကို
လုပ်နေတာများလားလို့။"

ထိုအချိန်၌ ပထမဦးဆုံးမျက်လွှာချခြင်းကိုတွေ့ရ၏။ တစ်ခုခု ဟာနေကြောင်း မျက်နှာကဖော်ပြလာ၏။ နောက်ဆုံးတော့ မမာကျော တော့ဘဲ "ဟုတ်တယ်၊ အဲဒီအတိုင်းပါပဲ" ဟုနှုတ်ဖွင့်ပြောခဲ့၏။

ပေါလ်သည် သူ၏ဖခင်အား စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်ချင်နေတာလားဟု ကျွန်ုပ်တွေးမိသည်။ အသက်တာမှာ ကိုယ်စိတ် အလိုမကျတာများက ကိုယ့်ကိုစီရင်မြဲဖြစ်၏။ မိသားဟုအရေးအရာတွင် ပို၍ထင်ရှား၏။ ကိုယ်ကချစ်သောသူလောက် ကိုယ့်ကိုနာကျင်စေနိုင် သောသူမရှိတော့ပါ။

ကျွန်ုပ်တို့၏မိဘများနှင့်ပတ်သက်၍ ကျွန်ုပ်တို့ မည်သို့ခံစားချက် ရှိတတ်သည်ကို ပေါလ်၏အဖြစ်၌နားလည်နိုင်ပါသည်။ ကျွန်ုပ်တို့၏ စိတ်နေသဘောထားအမူအကျင့် (attitude) ကအရေးကြီးပါသည်။ ထိုသဘောနှင့်အမူအကျင့်အတိုင်း အခြားသူတို့အား (ကိုယ့်အထက်၊ အောက်အားလုံး) ဆက်ဆံပြုမူတတ်သည်။ ဖြစ်နိုင်သမျှအားလုံးသည် ဘုရားသခင်နှင့်ကျွန်ုပ်တို့အကြား ဆက်ဆံရေးကိုလည်း ထိခိုက်စေပါသည်။

ကျောင်း၌၊ အလုပ်ထဲ၌၊ အိမ်ထောင်ပြုခြင်း၌ပင် အောင်မြင်မှု ကိုဖြစ်စေသော ခိုင်မာသည်အုတ်မြစ်မှာ ပဥ္စမပညတ်ချက်ပင်ဖြစ်၏။ ထို့ကြောင့်ပင် ယောက်ျားသည် မိဘကိုစွန့်၍ ဇနီးနှင့်စုံဖက်သည်ဟု သမ္မာကျမ်းစာက ဖော်ပြခြင်းဖြစ်ပေမည်။ (ကမ္ဘာဦး ၂း၂၄)။ ထိမ်းမြား ခြင်းကို လုပ်ငန်းတစ်ခုမှတစ်ခုသို့ ပြောင်းရွှေ့ခြင်းကဲ့သို့မြင်သည်။ မိဘ နှင့်သားသမီးတို့၏ ဆက်ဆံရေးတစ်ခုလည်းဖြစ်သည်။ မိမိတို့၏ထိမ်းမြား ခြင်း(အိမ်ထောင်ရေး)တွင် မိဘကို ဝန်ပိ(ခေါင်းစား)စေသောသူတို့တွင် အခြားကိစ္စရပ်များ၌လည်း ပြဿနာများနှင့်တွေ့ကြုံရန် ဖြစ်နိုင်ချေ အများဆုံးရှိသည်။ ထို့ကြောင့်လည်း မိဘကိုရိုသေခြင်းသည် နေရာ

အရပ်၌ "အသက်ရှည်မည်" ဟုပညတ်ချက်၌ဖော်ပြပေ၏။ (ထွက်မြောက် ၂၀း၁၂)။ ကျွန်ုပ်တို့မိဘနှင့်ဆက်ဆံရေးကျန်းမာခြင်း(ပြေလည်ခြင်း)သည် အသက်တာကာလတစ်လျှောက်၌ စိတ်တည်ငြိမ်မှုနှင့်အောင်မြင်မှုဖြစ်စေသည်ဟုအဓိပ္ပါယ်ရပါသည်။

## ရိုသေခြင်းသည်နှလုံးသား၏အနေအထားတစ်ခုဖြစ်သည်

ပညတ်တော်ဆယ်ပါးကို နှစ်ပိုင်းခွဲခြားသလိုရှိသည်။ ပထမလေးချက်က ကျွန်ုပ်တို့ဘုရားသခင်နှင့်ဆက်စပ်မှု(ဆက်ဆံရေး)ကို စူးစိုက်ပြီး ကျန်ခြောက်ချက်က ကျွန်ုပ်တို့လူသားချင်းတို့၏အပြန်အလှန်ဆက်ဆံရေးအတွက် ညွှန်ကြားပေသည်။ ပထမပိုင်းမှ နံပါတ်တစ်ပညတ်က ကောင်းကင်မှအဖဘုရားကိုဝတ်ပြုရန်ပြော၏။ ယခုဒုတိယပိုင်း (လူသားချင်းဆိုင်ရာပညတ်ချက်များ)တွင်လည်း မိဘကိုရိုသေခြင်းဖြင့်အစပြုလေသည်။

ရိုသေခြင်းသည် ဝတ်ပြုခြင်းကဲ့သို့ပင် နှလုံးသား၏အခြေအနေတစ်ရပ်ဖြစ်သည်။ မိဘတို့အား ဘယ်လိုအမူအရာဖြင့်(လှုပ်ရှားပုံ) ပြုသည်ကိုမဆိုလိုဘဲ ဘယ်လိုသဘောနည်းလမ်းဖြင့် ဆက်ဆံနေသည်ကို ဆိုလိုပါသည်။

ရှင်ပေါလုက မိဘစကားကိုနားထောင်ခြင်းဖြင့် ပဉ္စမပညတ်ချက်ကိုထုတ်ဖော်သည်။ (ဧဖက် ၆း၁)။ မိဘများအပါအဝင်လူတချို့တို့သည် "နားထောင်ခြင်း" ဆိုသောစကားလုံးကို ထိန်းချုပ်မှုဟုထင်တတ်ကြသည်။ စက်ပစ္စည်းကဲ့သို့ထိန်းချုပ်မှုခလုတ်အားဖြင့် လည်ပတ်စေသည်ဟုခံယူကြ၏။ သို့သော် နားထောင်ခြင်းဆိုသည်မှာ "ရိုသေလေးမြတ်ခြင်း" စိတ်ရင်းမှစီးဆင်းသော လိမ္မာသည့်တုံ့ပြန်ချက်တစ်ရပ်ဖြစ်ကာ မေတ္တာနှင့်လေးစားမှု၏ပြယုဂ်ဖြစ်သည်။

ပညာရှိကြီး၏အဆိုတွင် "ငါ့သား၊ အဘ၏ပညတ်စကားကို နားထောင်လော့။ အမိပေးသောတရားကိုမပယ်နှင့်။ နှလုံးပေါ်မှာအမြဲ ချည်၍ လည်ပင်း၌ဆွဲထားလော့။ သင်သည် အခြားသို့သွားသောအခါ ထိုပညတ်တရားသည် လမ်းပြလိမ့်မည်။ အိပ်သောအခါ သင့်ကိုစောင့် လိမ့်မည်။ နိုးသောအခါ သင်နှင့်နှုတ်ဆက်လိမ့်မည်" ဟုတွေ့ရ၏။ (သုတ္တံ ၆း၂၀–၂၂)။ စိတ်နေသဘောထားအကြောင်းဖော်ပြသည်ကို မှတ်သားပါ။ ရိုသေလေးစာမှုမပါသော နားထောင်ခြင်းသည် ကြီးစွာသော ပင်ပန်းငြီးငွေ့ဖွယ်ကိုဖြစ်စေ၏။ စင်စစ်ကျွန်၏သဘောသာဖြစ်သည်။

မိဘကိုရိုသေခြင်းဆိုသည်မှာ မိမိကိုယ်ကိုကောင်းအောင် ပြုခြင်းဖြင့် အကြည့်ကောင်းစေကာ ကျွန်ုပ်တို့အား အောင်မြင်သူဖြစ် အောင် ကြိုးပမ်းလုပ်ဆောင်ပေးသူ၏အောင်မြင်မှုကို ဖော်ပြလိုခြင်းဖြစ် သည်။ ထိုသို့သောအားဖြင့် သူတို့အား ကျွန်ုပ်တို့၏ကျေးဇူးတင်ခြင်းနှင့် ရိုသေလေးစားခြင်းကိုသက်သေပြ၏။ တစ်ဖန်ပညာရှိကြီးမိန့်ပြန်သည်မှာ "သင်၏မိဘတို့သည် ဝမ်းမြောက်၍ သင့်ကိုမွေးဖွားသောသူသည် ရွှင်လန်းလိမ့်မည်။" (သုတ္တံ ၂၃း၂၅)။

ရိုသေခြင်းစည်းကမ်းက မပြောင်းလဲပါ။ သို့သော် အသက် အပိုင်းအခြားအားဖြင့် အသုံးပြုပုံပြောင်းလဲတတ်၏။ အချိန်ကာလနှင့် အခြေအနေများအရပြောင်းကြ၏။ ကောလိပ်မှအောင်သောအချိန်တုန်းက ၁၈၈၅ ခုနှစ်၌ ဂျာမနီတွင်မွေးဖွားခဲ့သော ဗဟုသုတကြွယ်ဝသူ၊ ပျော်တတ်ပြီးပညာဉာဏ်ကောင်းသူဖြစ်သည့် ဆရာကြီး Henry Baasch နှင့်သိကျွမ်းခွင့်ရခဲ့၏။

တစ်နေ့သူက ကျွန်ုပ်အား "မင်းဟာ မင်းအဖေရဲ့သားလား" ဟုမေး၏။ "အာ၊ ဟုတ်ပါတယ်၊ ထင်တာပဲ" ဟုသူ၏ဆိုလိုရင်းကို သိပ်နားမလည်ဘဲပြန်ဖြေမိသည်။

"ငါဆိုလိုတာကွာ၊ မင်းအခု(၂၁)နှစ်ပဲရှိသေးတယ်ဟုတ်၊ မပူနဲ့၊ ပြောင်းလဲသွားလိမ့်မယ်။ ပထမတော့မင်းအဖေဟာ မင်းအဖေပေါ့။ နောက်ကျတော့သူဟာ မင်းရဲ့သားဖြစ်သွားရော။ ငါ့မှာလည်း အခုဒီလို ဖြစ်နေပြီသိလား။ အခုငါ့သားက ငါ့အဖေဖြစ်နေပြီကွ။ ငါဘာလုပ် ရမလဲဆိုတာ ငါ့ကိုသူကပြောတယ်။ ငါလည်းသူပြောတာနားထောင် နေရတယ်။"

ထိုရိုသေလေးစားခြင်းသဘောတရားက (၅)နှစ်သားအရွယ်နှင့် (၁၄)နှစ်သားအရွယ်မတူကြောင်းသိလာမည်။ တဖန်(၁၄)နှစ်နှင့်(၂၅) နှစ်လည်းတူတော့မည်မဟုတ်ပါ။ အသက်အရွယ်ရလာသည်နှင့်အမျှ မိဘတို့၏အားနည်းလာခြင်း၊ မခိုင်မာခြင်းတို့ပိုများလာသောပြောင်းလဲမှု များဖြစ်လာ၏။ ထိုအခါ သူတို့အား ရိုသေခြင်းသည် နောက်အသွင် တစ်မျိုးအဖြစ်တည်လာ၏။ ထိုသို့ဟိုဖက်သည်ဖက်ပြောင်းလဲမှုရှိသည့် အခြေအနေတို့ကို နားလည်ခံယူနိုင်မှုမရှိပါလျှင် ပြဿနာသာဖြစ်ပေမည်။ သို့သော် ထိုအခြေအနေအရပ်ရပ်တွင် ဆက်ဆံရေးကောင်းလျှင်မူသား ဒါဝိဒ်မင်းကြီးမြွက်ဆိုခဲ့သည့်အတိုင်း ဘဝ၏ဇရာပိုင်းက သာယာလှပ ပေလိမ့်မည်။

"ကြည့်ပါ၊ သားသမီးတို့သည် ဘုရားသခင်ထံမှရသောဆုလာဘ်ဖြစ်၏။
ကောင်းချီးဖြစ်သောအမိဝမ်းမှအသီးအပွင့်များဖြစ်၏။
အသက်ပျိုရွယ်စဉ်အခါရသောသားသမီးတို့သည်
စစ်သူရဲ၏လက်တွင်ရှိသောမြားများနှင့်တူကြ၏။
ဤသို့သောမြား မြောက်မြားစွာရှိသောသူသည် မင်္ဂလာရှိ၏။"
(ဆာလံ ၁၂၇း၃–၅)။

မှန်ပါသည်။ ကွယ်လွန်ပြီးသောမိဘများ၌ပင် သားသမီးတို့၏ ဂုဏ်ပြုခြင်းဝတ္တရားကမပပျောက်နိုင်။ ကျွန်ုပ်တို့ဘာလုပ်သည်၊ ဘယ်လို

အသက်ရှင်သည်ဆိုသည်က သူတို့အား ကောင်းသောအောက်မေ့ဖွယ် ဂုဏ်ပြုခြင်းဖြစ်ပေလိမ့်မည်။ သူတို့ဘာအတွက် ရပ်တည်ခဲ့သည်တို့မှ ကျွန်ုပ်တို့ဘာကိုရရှိခံယူနေကြောင်း ဂုဏ်ပြုသောသဘောဖြင့် ကျွန်ုပ်တို့ အသက်ရှင်သွားနိုင်ပါသည်။

## အထိုက်သင့်ဆုံးသောနေရာအမှန်၌

မိဘထက် သားသမီးများကိုညွှန်ကြားသည့်အရာမှာ ပဥ္စမ ပညတ်ချက်က ၎င်းတို့နှင့်အထိုက်တန်ဆုံးနေရာမှန်တွင် ၎င်းတို့အား တည်ရှိစေခြင်းဖြစ်သည်။ အခြားသူများထက် မိဘက သားသမီးတို့၏ အသက်တာကိုထူးခြားစေသည်မှာ အမှန်တရားဖြစ်သည် မည်သူမဆို မိဘဖြစ်လာသည်နှင့် ကြီးလေးသောတဝန်ဝတ္တရားကိုခံယူလိုက်ခြင်း ဖြစ်သည်။ ယခုပဥ္စမပညတ်ချက်၌ သားသမီးများမှ မိဘများအပေါ် ထားရှိရမည့်စိတ်နေသဘောထားကို အထူးစူးစိုက်စေရခြင်းမှာ ထူးခြားမှု အများဆုံးကိုပြုစေမည့်အတွက်ကြောင့်ဖြစ်သည်။ မိဘများအနေဖြင့် ကျွန်ုပ်တို့ကိုဆုံးမပဲ့ပြင်နိုင်သည်၊ အကြံကောင်းပေးနိုင်သည်။ ကျွန်ုပ်တို့ အတွက် ကောင်းသောနမူနာကိုထားပေးနိုင်သည်။ ကျွန်ုပ်တို့အတွက် ဟစ်ကြွေးခြင်း၊ ဆုတောင်းခြင်းအမှုကိုပြုနိုင်ကြပါသည်။ သို့သော် အလုံးစုံသောထူးခြားမှုကိုဖြစ်စေသည့် ကျွန်ုပ်တို့၏ရွေးချယ်မှုသြဇာကို သူတို့ဘယ်တော့မှမပြုနိုင်ကြပါချေ။ သူတို့အား ကျွန်ုပ်တို့ပြုနိုင်သည့် အကြီးမားဆုံးသောဂုဏ်ပြုခြင်းမှာလည်း စကားအားဖြင့်မဟုတ်၊ ၎င်းတို့၏ အုတ်ဂူများအပေါ်သို့ ပန်းကလေးများဆက်သခြင်းလည်းမဟုတ်၊ မိမိ ဖြစ်အပ်သောလူသားအဖြစ် အမှန်ရပ်တည်အသက်ရှင်ခြင်းအားဖြင့် သာဖြစ်ပေသည်။

မိဘတို့အနေဖြင့် မိမိတို့၏သားသမီးတို့အား မိမိတို့ပေးနိုင်သမျှထဲမှ အကောင်းမြတ်ဆုံးသောအရာကို ပေးချင်ကြစမြဲဖြစ်၏။ သို့သော် ဖြောင့်မတ်ခြင်းကိုတော့ မည်သူကမျှမပေးနိုင်။ ပုရောဖက်ကြီးယေဇကျေလကလည်း ရှင်းလင်းပြတ်သားစွာ နှိုင်းယှဉ်ပြပါသည်။ အကယ်၍ "နောဧ၊ ဒံယေလ၊ ယောဘတို့ရှိသော်လည်း ငါအသက်ရှင်သည်အတိုင်း ကိုယ်သားသမီးကိုမကယ်မနုတ်၊ ကိုယ်ဖြောင့်မတ်ခြင်းအားဖြင့် ကိုယ်အသက်ဝိညာဉ်ကိုသာ ကယ်နုတ်ရကြလိမ့်မည်" (ယေဇကျေလ ၁၄း၂၀)။ တစ်ဦးတစ်ယောက်၏ယုံကြည်ခြင်းကို တစ်ဦးတစ်ယောက်ထံသို့ လွှဲပေး၍မရနိုင်သောကြောင့်ဖြစ်ပါသည်။

တစ်ခါတစ်ရံ ကျွန်ုပ်တို့ပြောကြသည်။ ဘုရားသခင်၌မြေးမရှိ၊ သူ့မှာတူ၊ တူမဟူ၍မရှိ၊ သားမက်၊ ချွေးမလည်းမရှိ၊ မှန်ပါသည်။ ဘုရားသခင်၌သားသမီးသာရှိပါသည်။ ဘုရားသခင်နှင့်တော်စပ်ရန် သားသမီးအဖြစ်မှလွဲ၍တခြားမရှိပါ။ ဆိုလိုရင်းမှာ တစ်ဦးတစ်ယောက်၏ယုံကြည်ခြင်းအားကိုးဖြင့် ဘုရားသခင်နှင့်တော်စပ်မှုကိုမတည်ဆောက်နိုင်၊ ထိုသူ၏ဖြောင့်မတ်ခြင်းဝတ်ရုံစွန်းကို ဆွဲတွယ်ပြီး ကောင်းကင်သို့ ကျွန်ုပ်တို့လိုက်သွား၍မရနိုင်ကြောင်းလိုဖော်ပြသည်။ ကျွန်ုပ်တို့၏မိဘများသည် လူကောင်းများဖြစ်နိုင်သည်။ လူတိုင်း ဤသို့သောအခွင့်အရေးကိုမရနိုင်သောကြောင့် ကျေးဇူးတင်ရပါမည်။ သို့သော် သူတို့ကိုမြတ်နိုးအားကျခြင်းထက် ပိုသောလုပ်ဆောင်မှုတော့ ကျွန်ုပ်တို့၌လိုအပ်သည်။ သခင်ယေရှုကို မိမိကိုယ်တိုင်၏ဆုံးဖြတ်ချက်ဖြင့်လက်ခံရမည်။ ဘုရားသခင်နှင့်ကျွန်ုပ်တို့၏ ကိုယ်ပိုင်တော်စပ်မှုကိုတည်ထောင်ရန် ကျွန်ုပ်တို့ကိုယ်တိုင် ယုံကြည်ခြင်းနှင့်ဆုတောင်းခြင်းအားဖြင့် ဝိညာဉ်ရေးလေ့ကျင့်ခန်းကိုလုပ်ဆောင်လျက်၊ "သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်

အသစ်သောမွေးခြင်းနှင့် ဘဝသစ်ကိုဆေးကြောခြင်းဖြင့်” ကယ်တင်ခြင်းသို့ဝင်စားကြမည်ဖြစ်သည်။ (တိတု ၃း၅)။

**ရိုသေခြင်း၏အခြားတစ်ဖက်၌**

အထက်ကဖော်ပြခဲ့သည်တို့တွင် မိဘတို့၏အရာ(ဝတ္တရား)ကိုသေးငယ်စေခြင်းနှင့် မိဘ၊ သားသမီးဆက်ဆံရေးတွင် မိဘတို့၏အရေးပါမှုနည်းပါးခြင်းအကြောင်း လုံးဝမပါဝင်ပါ။ မိဘနှင့်သားသမီးတို့ကြားရှိ အပြန်အလှန်အကျိုးသက်ရောက်မှုသည် နက်ရှိုင်းလှစွာတည်သောကြောင့် တစ်ဖက်သတ်ကြည့်၍မရဘဲ ခေါင်းပန်းနှစ်ဖက်ပါသောဒင်္ဂါပြားကဲ့သို့ ရှုမှတ်ဆင်ခြင်ရပေမည်။ ပဥ္စမပညတ်ချက်နှင့်ပတ်သက်၍ ရှင်ပေါလုက မိဘတို့အားရိုသေရမည့် သားသမီးတို့၏တာဝန်နှင့်သားသမီးတို့အပေါ်တည်ရှိသော မိဘတို့၏ဝတ္တရားသည်တန်းတူရည်တူဖြစ်ကြောင်း (ဧဖက် ၆း၁–၄ နှင့် ကောလောသဲ ၃း၂၀၊၂၁) တွင် ရှင်းလင်းစွာဖော်ပြထားပါသည်။

သားသမီးတို့သည် မိဘတို့အား စက်ပစ္စည်းကဲ့သို့ မောင်းနှင်ခြင်းမျိုးဖြင့်မဆက်ဆံဘဲ ချစ်ကြောက်ရိုသေခြင်းသဘောဖြင့် နားထောင်ရမည့်အကြောင်း ကျွန်ုပ်တို့မှတ်သားခဲ့ပြီဖြစ်သည်။ မိဘတို့ဘက်မှလည်းမည်သည့်သွန်သင်မှုပုံစံမျိုးနှင့် ဥပမာမျိုးကိုပေးရမည်နည်း။ အပြန်အလှန်အကျိုးသက်ရောက်မှုအတွက် ဆန့်ကျင်မှုများကို မည်သို့လွယ်ကူအောင်ကိုင်တွယ်နိုင်မည်နည်း။ ကျွန်ုပ်၏သားသမီးတို့မှ အသိတရားပြည့်ဝစွာဖြင့်တုံ့ပြန်တတ်ဖို့ ကျွန်ုပ်မည်ကဲ့သို့အားပေးကူညီရမည်နည်း။ စသည့်မေးခွန်းကြီးများရှိနေပါသည်။

ခြိမ်းခြောက်ပြီး အတင်းအကျပ်ပြုစေသော စနစ်မျိုးကတော့ အဖြေမှန်လုံးဝမဖြစ်နိုင်ပါ။ နားထောင်ခြင်းတွင် ထိုသဘောမျိုးက

“ရှိသေခြင်း” ကိုမဖော်ဆောင်နိုင်ပါ။ ကျွန်ုပ်တို့၏သားသမီးများကို သူတို့၏ကိုယ်ပိုင်အတွေး၊ ကိုယ်ပိုင်အသိနှင့် ကိုယ်ပိုင်ဆန္ဒတို့ဖြင့် တုံ့ပြန်စေလိုလျှင် လူကြီးများကိုယ်တိုင်မှ စိတ်ဝင်တစားအစပြုကြရမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ဦးတည်ချက်က ထိန်းချုပ်ရန်မဟုတ်ဘဲ ရှိသေလေးစားတတ်သည့် သဘောတစ်ရပ်ကိုမြှင့်တင်ပေးရန်းသာဖြစ်ကြောင်း သတိရပါသည်။

ကျွန်ုပ်တို့၏သား ဒေးဗစ်(၈)နှစ်သားအရွယ်တုန်းကဖြစ်၏။ နေ့စဉ်နံနက် ၈ နာရီခွဲ၌ ကျောင်းကားစီးရန်ပြင်ဆင်ရ၏။ ထို့ကြောင့် နံနက်တိုင်း သူ့အိပ်ခန်းသို့သွားပြီး နိုးရလေ့ရှိ၏။ “ဒေးဗစ်၊ အိပ်ရာထဖို့အချိန်တော်ပြီ” ဟုသွားပြောသည့်အခါတိုင်း “အင်း၊ အဲ” ဖြင့် အသံပြုကာ အိပ်ရာထဲတွင်သာလိုမ့်နေတတ်၏။ နောက်မိနစ်အနည်းငယ်၌ “ဒေးဗစ်၊ အိပ်ရာထချိန်လို့ငါပြောနေတယ်၊ ကြားရဲ့လား” ထပ်ပြောလည်းလိုမ့်နေဆဲ။ နောက်ဆုံးအော်ပြောရတော့၏။ “မင်းအခုချက်ချင်း ထတော့။” ထိုအခါကျမှ မျက်လုံးမဖွင့်ချင်ဖွင့်ချင်ဖြင့်ထလာ၏။ ညအိပ်အဝတ်မှ ကျောင်းဝတ်စုံသို့အမြန်လဲပေးရ၏။ သိပ်အဆင်မပြေခဲ့။

နောက်ဆုံးတစ်မနက်၌ သူ့အိပ်ခ်ါးဝသို့သွားကာ “အိုး ဒေးဗစ်ရေ” ဟုခေါ်လိုက်၏။ “ဟုတ်ကဲ့” ဟုသူကပြန်ထူး၏။

“မင်းဘယ်အချိန်မှာအိပ်ရာကထမှာလဲကွယ်။”

ပြူးဝိုင်းသောမျက်လုံးအစုံဖြင့် ကျွန်ုပ်အားအသေအချာကြည့်လျက် “သိဘူးလေ၊ ဘယ်အချိန်ရှိပြီလဲ” သူကမေး၏။

“(၇) နာရီထိုးဖို့ ၁၅ မိနစ်ရှိသွားပြီ။”

“အိုး ကောင်းပြီ၊” ပြောပြောဆိုဆိုအိပ်ရာကထလျက် သူ၏ညအိပ်ဝတ်စုံကိုလဲလိုက်တော့၏။

ဤတစ်ကြိမ် ကျွန်ုပ်အမှားမပြုမိတော့ဘူးဟုထင်ပါသည်။ အားဖြည့်ကူညီပေးခြင်း အတွေ့အကြုံတစ်ရပ်ဖြစ်သည်။ မိမိ၏ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့်လုပ်ဆောင်တတ်ရန်၊ အစောပိုင်းမှစ၍ ရှင်းလင်းချက်ပေးရန် မိဘတို့၌တာဝန်ရှိပေသည်။

ဒေးဗစ်အား ကျောင်းသို့အချိန်မှန်ရောက်ရှိသွားစေခြင်းတွင် ကျွန်ုပ်၏အလုပ်တာဝန်ကို သူ့ဘာသာသူ့စိတ်ဖြင့်ပြီးမြောက်စေခဲ့၏။ ပဥ္စမပညတ်ကိုစောင့်ထိန်းတတ်ရန် သူ့အားဖေးမကူညီလိုက်ခြင်းလည်းဖြစ်၏။ ရိုသေလေးစားခြင်းသည် ကိုယ်ပိုင်ဆန္ဒအတွက် လေ့ကျင့်ခန်းတစ်ခုဖြစ်သကဲ့သို့ ကျွန်ုပ်တို့၏မိဘများနှင့်လည်းကောင်း၊ အခြားလူသားတိုင်းတို့နှင့်လည်းကောင်း ပြေပြစ်သာယာသောဆက်ဆံရေးကိုဖြစ်စေသည့် စိတ်သဘောထားကိုမွေးဖွားပေးသော ကျိုးကြောင်းသင့်ဆုံးဖြတ်ချက်တစ်ရပ်လည်းဖြစ်ပေရာ လူမှုရေးနယ်ပယ်တွင် ထိပ်ဆုံး၌ဦးဆောင်ပေသည်။

## နောက်ဆုံးသောအနမ်း

ပထမဦးဆုံးအကြိမ် ကျွန်ုပ်အားပေးသော မေမေ့အနမ်းကို ကျွန်ုပ်မမှတ်မိတော့ပါ။ မရေမတွက်နိုင်သည့် မေမေ့အနမ်းများနှင့်အတူ ကျွန်ုပ်ကြီးပြင်းလာခဲ့ပြီဖြစ်သောကြောင့် ပထမအနမ်းသည် ကျွန်ုပ်ဘာမှမသိနိုင်သေးသည့် ပိစိကွေးအရွယ်တုန်းကပင်ဖြစ်လိမ့်မည်။ ပထမဦးဆုံးသောမေမေ့အနမ်းကို ကျွန်ုပ်မမှတ်မိနိုင်သော်လည်း နောက်ဆုံးအနမ်းကိုတော့ ကျွန်ုပ်မှတ်မိသည်။

နှစ်များသည် လျင်မြန်စွာကုန်လွန်သွား၏။ ထိုအတွင်း လူသားတို့၏ဆက်ဆံရေးတွင် မပြေမလည်ဖြစ်ရခြင်းများနှင့်ကြုံကြရ

သည်မှာ ဓမ္မတာဖြစ်၏။ သို့သော် ထိုသို့သောဖြစ်ရပ်များတွင် တစ်ဦးကို တစ်ဦးရှိသေလေးစားမှုတရားကို စိတ်ထဲတွင်သိုထားပါမူ မေတ္တာဖြင့် ကြည်နူးသာယာစွာ ကျော်ဖြတ်သွားနိုင်မည်ဖြစ်သည်။ (မိဘ၊ သားသမီး) ဆက်ဆံရေးတွင် တစ်ခါတစ်ရံ ထိခိုက်နာကြည်းခြင်းကိုဖြစ်စေသော စိတ်ဖိစီးမှုများကြုံရတတ်သည်ဖြစ်ရာ ထိုအချိန်ကျလျှင် နောက်ဆုံးသော အနမ်းကိုအမှတ်ပြုသင့်သည်။ သင့်မိဘတို့အား နောက်ဆုံးနှုတ်ဆက် ခဲ့သည့်အချိန်ထဲက သင်ဘာကိုအမှတ်ပြုမည်နည်း။

ကျွန်ုပ်၏မိတ်ဆွေတစ်ဦးတွင် သူ၏ဖခင်သည် အသက် အရွယ်ကြီးရင့်လာသည်အလျောက် စိတ်အာရုံလည်းသိပ်မကြည်လင် တော့ပါ။ ဖခင်ကြီး၏မွေးနေ့ရက်ရောက်လာသောတစ်နေ့၌ ကျွန်ုပ်၏ မိတ်ဆွေက တယ်လီဖုန်းဖြင့် ဖခင်ထံသို့ “မင်္ဂလာမွေးနေ့ပါဖေဖေ၊ ဘုရားသခင်ကောင်းချီးပေးပါစေ” ဟုနှုတ်ခွန်းဆက်လိုက်၏။

ချက်ချင်းပြန်ဆိုလိုက်သောအဖြေစကားထဲမှ ဖခင်ကြီး အတွေးစိတ်နှင့်ဆက်စပ်လျက် သူ့မှာစိတ်ကြည်နူးမှုရခဲ့သည်ဆို၏။ ဖခင်ကြီးက “ဘယ်ဟုတ်မလဲသားရဲ့။ ကောင်းချီးကမင်းအတွက်ပါ။ ဖေဖေ့ကို သားအမြဲတမ်းရိုသေဂုဏ်ပြုနေတဲ့အတွက် ဘုရားသခင်က သားကိုကောင်းချီးပေးတယ်လေ” ဟုဆိုလေ၏။ နောက်နှစ်လကြာ သောအခါ ကျွန်ုပ်၏မိတ်ဆွေမှာ သူ့ဖခင်၏အသုဘကိုသူပို့ခဲ့ရ၏။ သူ့ဖခင်ကြီးနှင့်နောက်ဆုံးနှုတ်ဆက်ခဲ့စဉ်က စကားလုံးများကို အောက်မေ့ သတိရနေရခြင်းသည် မည်မျှသက်သာရာနှင့် ကျေနပ်ဖွယ်ဖြစ်လိမ့် မည်နည်း။

ကျွန်ုပ်တက်ရောက်ခဲ့ရသမျှ အသုဘအခမ်းအနားများတွင် ပြုမိ၍ဖြစ်ရသောနောင်တနှင့် မပြုမိ၍ဖြစ်ရသောနောင်တတို့ဖြင့် တည်သောကြေကွဲမှုများမှာ ဖြေဆည်မရဖြစ်ခဲ့ကြရသည်ကိုမြင်ရပါသည်။

ထို့ကြောင့် သင့်၌အခွင့်အရေးရှိနေသေးချိန်မှာ ဆင်ခြင်ပါ။ သင်တစ်ခုခုလုပ်နိုင်၊ ပြောနိုင်သေးသည့်အရာက သင့်အားထူးခြားမှုကို ပေးလိမ့်မည်။ နောက်ဆုံးအနမ်းကိုသတိရပါ။ အချိန်ကျလာလိမ့်မည်။ သင်၏ဖခင်နှင့်မိခင်ကို ရှိသေလေးစားပါ။ လောက၌တည်သော သင့်အသက်တာရှည်ရုံသာမက စိတ်နှလုံးငြိမ်သက်သာယာခြင်းနှင့် အောင်မြင်မှုကိုသင်ရလိမ့်မည်။

---***---

## ထိန်းချုပ်ခြင်း
## ဆဋ္ဌမပညတ်ချက်

### *"လူ့အသက်ကိုမသတ်နှင့်။" (ထွက်မြောက်ရာကျမ်း ၂၀း၁၃)။*

ဒိုင်း၊ ဒိုင်း၊ ဒိုင်း၊ ရတ်တရက်ကြီးသေနတ်သံသုံးလေးချက် ထွက်သွား၏။ လူငယ်တစ်စုမြစ်ထဲသို့ခုန်ချကြ၏။ အားလုံးကထိခိုက် ထားကြသည်။ မြစ်ရေစီးကြောင်းနှင့်အတူ ကူးဆင်းသွားသည်အတိုင်း သေနတ်သမားတို့ကလည်းလိုက်၍ပစ်ကြပြီး "သူတို့ကိုသတ်၊ သူတို့ကို သတ်" ဟုလည်း နှုတ်ကဆိုကြ၏။ ကျွန်ုပ်ဘယ်သောအခါမျှမတွေ့ မကြုံလိုသော အဖြစ်ပျက်မျိုးဖြစ်၏။

ရိုင်းစိုင်းသော ဆယ်ကျော်သက်လူငယ်နှစ်ဦးတို့၏သတ်ဖြတ် ခြင်းလုပ်ရပ်ကြောင့် သက်ဆိုင်ရာမိသားစုတစ်ဘက်နှင့်တစ်ဘက်ရန်ငြိုး ရန်စဖြင့် ဆက်လက်တိုက်ခိုက်မှုဖြစ်ပွားခဲ့သည့် ဇာတ်လမ်းတစ်ပုဒ်ကို ၁၈၈၄ ခုနှစ်တွင် Mark Twain ဆိုသူကရေးသားခဲ့၏။ စိတ်ကူးယဉ် ဝတ္ထုပြင်ဖြစ်သော်လည်း ထိုအဖြစ်အပျက်မျိုး သူ့အချိန်အခါ၌ သူ့ပတ်ဝန်းကျင်တွင်ဖြစ်ခဲ့သော အဖြစ်မှန်များကိုညွှန်းဆို၏။ ထိုသို့ လူမျိုးနွယ်စုချင်းဆိုင်ပြိုင်ဖြစ်ပွားသည့်တိုက်ခိုက်မှုမျိုး နှစ်ဆယ်ရာစုထဲတွင် ကြမ်းကြမ်းတမ်းတမ်းင် အဆက်မပြတ်ဖြစ်လျက်ရှိပေ၏။ လူငယ် နှစ်ယောက်မှအစပြု၍ တစ်ဘက်စီတို့၏မွေးချင်းညီအစ်ကို၊ ဆွေမျိုး၊ အသိုက်အဝန်းတို့ပါလာပြီး ကာလကြာရှည်သည့်တိုင်အောင် ရန်ငြိုး သိုလျက် မဆုံးနိုင်ကြ။

ကင်တူကီနှင့်အနောက်ဗာဂျီးနီးယားနယ်စပ် တစ်ဖက်တစ်ချက် စီတွင်နေကြသော ဟက်ဖီးလ်(Hatfields)နှင့်မက်ကွိုင်(McCoys)နှစ်ဖွဲ့တို့

တရားမဝင်ရန်ပွဲတွင်လည်း အထိအခိုက်အတော်ဖြစ်ခဲ့၏။ အခြေခံ ရန်ငြိုးက ထင်ထင်ရှားရှားမရှိလှသော်လည်း (၁၈၇၈)ခုနှစ်တွင် ကြီးကျယ်သောတိုက်လှန်ပွဲသည် လောဘပြည့်မွမ်းလျက်ရှိသော ထိုအုပ်စုနှစ်စုကြားဖြစ်ပွားခဲ့တော့သည်။ ရန်ပွဲအပြင်းထန်ဆုံး၌ ဦးရေ (၅၀)ထက်မကသော လက်နက်ကိုင်ဆောင်သူတို့သည် တစ်ဖက်သို့ ဖြတ်လျက် ရုတ်တရက်စစ်ပွဲခင်းကျင်းတော့၏။ တစ်ဘက်နှင့်တစ်ဘက် တိုက်ခိုက်သတ်ဖြတ်မှုသည် ၁၈၉၀ နှစ်လယ်ပိုင်းတိုင်အောင် တည်ခဲ့ကာ မိသားစုနှစ်စုစလုံး၌ များစွာသောသေကြေပျက်စီးခြင်း၊ ဆုံးရှုံးခြင်းသို့ ရောက်ခဲ့ကြ၏။

ဤအကြောင်းအရာများကို ဥပမာပြလျက် အဘယ်ကြောင့် ဆဋ္ဌမပညတ်ချက်ကို ချိုးဖောက်ခြင်းအဖြစ်ဖော်ဆိုသည်ဟု သင်ထင် ပါသလဲ။ ကျွန်ုပ်ပြုသမျှသောအရာများနှင့် မပတ်သက်သောကြောင့် ဖြစ်သည်။ ထိုသို့သောအမှုမျိုးကိုမဆိုနှင့်။ မည်သူတစ်ဦးတစ်ယောက် ကိုမျှချောင်းမြောင်းကာ ရန်ပြုမည်မရှိခဲ့ဖူးသောကြောင့် ကျွန်ုပ်အပြစ် ရှိသည်ဟုမခံစားရချေ။

တစ်နေ့၌ ကျွန်ုပ်တစ်ယောက်တည်း Wal-Mart သို့ကားဖြစ် ဆင်းသွား၏။ သည်တစ်ခါလောက်ကားပတ်ကင်းနေရာကျပ်သည်ကို မကြုံခဲ့ဖူးပါ။ အပေါ်၊ အောက်၊ အရှေ့၊ အနောက်လှည့်ပတ်ကြည့်ရာ နောက်ဆုံးအောက်ထောင့်စွန်းတွင် နေရာလွတ်တစ်ခုကိုတွေ့၍ ကားပတ်ကင်းထိုးရန်ရောက်သွား၏။ သို့သော် ဘာဖြစ်သွားပါလိမ့်။ တစ်စုံတစ်ယောက်သောသူ ကျွန်ုပ်၏နောက်၌ကပ်ပါလာခဲ့ပြီး ထိုနေရာ သို့ရုတ်တရက်ထိုးဝင်လိုက်၏။

ဟား စက္ကန့်ပိုင်းအတွင်းမှာ ကျွန်ုပ်ခုန်ပျံလိုက်ပြီး (တာဖံများ လားဟုထင်ရအောင်)ထိုသူ၏လည်ပင်းကို အတင်းဖမ်းဆွဲလိုက်မည်ဟု

စဉ်းစားနိုင်ရုံလောက်သာရှိခဲ့ပါသည်။ ကျွန်ုပ်အမုန်တကယ်မပြုခဲ့ပါ။ ထို့အတွက် ကျွန်ုပ်ဘာမှမကျူးလွန်ခဲ့ပါ၊ ဟုတ်ပါသလား။

## အထဲမှာကျားတစ်ကောင်

ကျွန်ုပ်တို့အိမ်၌မွေးထားသော ကြောင်လိမ္မာလေးတစ်ကောင်ရှိ၏။ သင်ထိုင်ချလိုက်သည်နှင့် သင့်ထံသို့လာပြီး သူ၏နှုတ်ခမ်းမွေးများနှင့် သင့်အားတိုးဝှေ့ပြီး ပွတ်သီးပွတ်သပ်ပြုပေလိမ့်မည်။ ထိုသို့ ဖော်ရွေတတ်သည့်သဘောကြောင့် ချစ်စရာကောင်း၏။

မေးခွန်းတစ်ခုမေးပါရစေ။ ကြောင်တစ်ကောင်နှင့်ကျားတစ်ကောင် ဘာကွာခြားသနည်း။ အဖြေမှန်ကို သင်သိသလား။ ၎င်းတို့၏အရွယ်အစားဖြစ်ပါသည်။

သင့်ကိုယ်သင်မကျီစယ်(မလှည့်စား) ပါနှင့်။ သင်နှင့်ကျွန်ုပ်တို့မှာရှိသော ချစ်စရာကြောင်ကလေးတွင် ကျားတစ်ကောင်၌ရှိသောဦးနှောက်နှင့်သဘောဝစိတ်များအပြည့်အစုံရှိပြီး သွေးအေးသော(အကြင်နာကင်းမဲ့သော)သတ္တဝါမျိုးသာဖြစ်ပေသည်။ အကယ်၍ ကျွန်ုပ်၏အရွယ်က သူ့ထက်ငယ်ပြီး သူ၏အရွယ်က ကျွန်ုပ်ထက်ကြီးပါမူ ကျွန်ုပ်အားသူကခြံနောက်ဖေးရှိခုံတန်း၌ နားနေတတ်သော (သူအမြဲချောင်းမြောင်းပြီးလိုက်ဖမ်းနေကျ)စာကလေးကဲ့သို့ သဘောထားပေလိမ့်မည်။

ဆဋ္ဌမပညတ်ချက်နှင့်ပတ်သက်၍ သင်ယေရှုပြောရာတွင် သင်၏အရွယ်က အကြောင်းမဟုတ်ပါ။ သင်၏စိတ်၌ ကျားတစ်ကောင်၏သဘောရှိနေပါလျှင် သင်သည် ကျားတစ်ကောင်ဖြစ်၏ဟုဆိုပါသည်။

အောက်ပါသူ၏ဆိုလိုရင်းစကားကို ဆင်ခြင်ပါ။

" 'လူအသက်ကိုမသတ်ရ' ဟူသောရှေးပညတ်စကားကို သင်တို့ကြားရပြီ။ ငါပညတ်သည်ကား ညီအစ်ကိုကို အထောက်မတန် အမျက်ထွက်သောသူသည် ရုံး၌အပြစ်စီရင်ခြင်းကိုခံထိုက်ပေ၏။ ညီအစ်ကိုကိုကျိန်ဆဲသောသူသည် (ငရဲ)၌မီးရှို့ခြင်းကိုခံထိုက်ပေ၏။" (မဿဲ ၅း၂၁၊၂၂)။

ဘကိုဆိုလိုသနည်း။ တစ်စုံတစ်ယောက်သောသူက သင့်အား ရန်စသောအခါ သင့်စိတ်နှင့်အမူအရာတို့ကို မထိန်းချုပ်နိုင်ခဲ့လျှင် Hatfields နှင့် McCoys တို့နှင့်မထူး၊ အရွယ်အစားသာကွာပေမည်။ အကယ်၍ သင်သည် သူတို့၏နေရာတွင်ရှိလျှင် သူတို့ကဲ့သို့သာပြုမည် ဖြစ်သောကြောင့်တည်း။

## ပြည့်စုံသောအဖြေ

များသောအားဖြင့် လူမှုရေးပြဿနာတို့အတွက် ပြည့်စုံသော အဖြေကိုသိကြပါသည်။ ကျွန်ုပ်တို့အပေါ်ကောင်းနေသောသူတို့အား ပြန်၍ကောင်းနိုင်ကြ၏။ သို့သော် သခင်ယေရှုက "သာသနာပလလတို့ပင် ထိုအတူပြုကြသည်မဟုတ်လော" (မဿဲ ၅း၄၇) ဟုမိန့်တော်မူ၏။ မေးခွန်းအမှန်ကတော့ သင့်ကိုနာကျင်စေသူအား သင်အမှန်တကယ် ကြင်နိုင်မည်လား။ သင့်ကိုမှားယွင်းစေသူအား သင်အမှန်တကယ် ချစ်နိုင်ပါသလား။

မလွယ်လှပါ။ ထိုသို့နှင့် ဆဋ္ဌမပညတ်ချက်အပေါ် သခင်ယေရှု အဆိုကို လူအများက ၎င်းသည် လွန်ကဲသောဥပမာတစ်ခု၊ လက်ရှိ တည်နိုင်ခြင်း၏တစ်ဖက်သို့မရည်ရွယ်၊ မတော်မြင့်မြတ်သောသူတော်စင် တချို့အတွက်သာဖြစ်လိမ့်မည် စသည်ကိုဖြင့် ထင်မှတ်ကြသည်။

ထိုအချက်ပေါ် သခင်ယေရှု၏သွန်သင်ချက်ကို ယခုကျွန်ုပ်တို့နေထိုင်ကြသောမျက်မှောက်ကမ္ဘာမှာ ယင်းစကားလုံးအတိုင်း တိတိကျကျ အသုံးပြု၍မရနိုင်ပါဟု ဆွေးနွေးပွဲတစ်ခုတွင်ကြားခဲ့ရဖူးပါသေးသည်။

## တစ်ခုတည်းသောနည်းလမ်း

ကျွန်ုပ်လုံးဝသဘောမတူနိုင်ပါ။ စိတ်ကူးဆန်သောအနုအလှနှင့်တခြားစီဖြစ်သော သခင်ယေရှု၏ဉာဏ်ပညာအမြော်အမြင်အတွက် အရေးကြီးသောအဆိုပြုချက်သုံးခု (အသက်ရှင်ရန် အမှန်တကယ်ဆီလျော်၍ လက်တွေ့ကျသောနည်းလမ်းဖြစ်သည်။)

***(၁) အစမ္မအနှောင်အဖွဲ့ကိုဖြတ်တောက်ရန် တစ်ခုတည်းသောနည်းလမ်းဖြစ်သည်။***

မဆုံးနိုင်သောကလဲ့စားအနှောင်အဖွဲ့၍ ရွေးချယ်စရာကလဲ့စားသာရှိသည်။ ထိုကြောင့် မဆုံးနိုင်သောမလဲ့စားချေမှုကိုအဆုံးသတ်ရန် သခင်ယေရှု၏နည်းလမ်းကသာ အကောင်းဆုံးဖြစ်၏။ "မျက်လုံးအတွက်မျက်လုံး၊ သွားအတွက်သွား" ဆိုသည့်ဖြတ်ထုံးမှာ အတိဒုက္ခရောက်ရန် ဖော်စပ်ထားသောဆေးညွှန်းသာဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် အကြမ်းဖက်မကို အကြမ်းဖက်မှုဖြင့်မကုသနိုင်သောကြောင့်တည်း။ အနှစ်(၂၀)လုံးလုံးသရုပ်ပြခဲ့သော Hatfields နှင့် McCoys တို့၏အဖြစ်ဆိုးက သက်သေဖြစ်၏။ အစ္စရေးနှင့်ပါလက်စတိုင်းတို့၏အမှုအရေးက သည့်ထက်ပင်ကြာလိမ့်မည်။

အဘယ့်ကြောင့် သခင်ယေရှု၏နည်းကို မခံယူချင်ကြသနည်း။ ဤနည်းလမ်းက မိသားစုကြီး၊ လူမျိုးစုတို့နှင့်ဆိုင်သော အာဃာတအမုန်းများအတွက်ကိုသာမက အကြမ်းဖက်မှုအသေးစားဖြစ်သော ထပ်ခါ

တလဲလဲ ကျွန်ုပ်တို့လုပ်မိနေကျဖြစ်သည့် အတင်းအဖျင်းနှင့် ဝေဖန်ပြစ်တင်ဤရှုတ်ချခြင်းများအတွက်ကိုပါ ကုသပေးနိုင်သည်။ ကြမ္မာဆိုးသံသရာမှလွတ်လိုသောငါ သူတစ်ပါး၏ရန်စမှုအတွက် ဒေါသမာနကိုထိန်းချုပ်မျိုသိပ်ရန် စိတ်ပိုင်းဖြတ်နိုင်သောသူဖြစ်ဖို့ သခင်ယေရှုက နောက်လိုက်သူများအား မိန့်တော်မူပါသည်။ (မဿဲ ၅း၃၉။ သုတ္တံ ၁၅း၁)။

အိမ်ထောင်အကြံပေးအရာရှိဖြစ်သော ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက အများအားဖြင့်သာ ပြတ်စဲကွာရှင်းမှုများသည် အသေးအဖွဲကိစ္စရပ်များမှ အစပြုသည်ဟုဆိုခဲ့ဖူးပါသည်။ ထိုအကြောင်းကို တမန်တော်ရှင်ယာကုပ်က "အလွန်ကြီးသောသစ်တောကို သေးငယ်သောမီးပွားကလေးက လောင်ကျွမ်းစေနိုင်သည်ကို စဉ်းစားကြည့်ပါလေ" ဟု ရှင်းလင်းစွာဖော်ပြထားပါသည်။ (ယာကုပ် ၃း၅)။

အေးစက်သောဆက်ဆံရေး၊ သူတစ်ပါးကိုကျောဘက်နောက်ခိုင်းထားခြင်း၊ အော်ဟစ်ခြင်းမပြုသော်လည်း မျက်နှာကိုသုန်သုန်မှုန်မှုန်ထားခြင်းစသည့် အနုနည်းရန်စောင်မှုမျိုးတို့သည်လည်း အကြင်နာကင်းမဲ့ခြင်းကိုဖော်ပြပေသည်။

***(၂) ထိန်းချုပ်နိုင်ရန်တစ်ခုတည်းသောနည်းလမ်းဖြစ်သည်။***

မူမမှန်ခြင်းများကို ဒေါသထွက်ခြင်း၊ မုန်းတီးခြင်းနှင့် အမျက်သိုခြင်းများတို့ဖြင့်တုံ့ပြန်ခြင်းသည် သူတစ်ပါး၏ထိန်းချုပ်မှုကိုကိုယ့်အပေါ်သို့ သက်ရောက်စေခြင်းသာဖြစ်သည်။ ကျွန်ုပ်တို့၏ခံစားချက်များ၊ စိတ်နေသဘောထားများနှင့် တုံ့ပြန်မှုများတို့ကိုခြယ်လှယ်ဖို့ ခွင့်ပြုလိုက်ခြင်းလည်းဖြစ်သည်။ သခင်ယေရှုက ကျွန်ုပ်တို့ကို

ထိုမတရားစိုးမိုးမှုမှလွတ်မြောက်ပြီး ကိုယ်ပိုင်ထိန်းချုပ်မှုဖြင့်ရသော စိတ်ချမ်းသာမှုကိုပြန်၍ပေးလိုပါသည်။

ထိုအတွက် ခိုင်မာသောဆုံးဖြတ်ချက်ကို သင်မပြုမချင်း သင်ရမည်မဟုတ်၊ တရားနည်းလမ်းမဟုတ်သောတုံ့ပြန်မှုသဘောသည် ရက်စက်ပြီး အသိတရားမရှိသောသူ၏အုပ်စိုးမှုအောက်တွင် မိမိကိုယ်ကို ထားရှိလိုက်ခြင်းဖြစ်၏။ သခင်ယေရှု၏နည်းလမ်းက ကိုယ်စီကိုယ်င အား ဤသို့သောတတ်နိုင်စွမ်းကိုပေး၏။ "မုန်တီးဖို့ ငါ့ကို မင်းအတင်းအကျပ်မလုပ်နိုင်ပါ။ ငါ့အသက်တာကိုခါးသီးစေဖို့ မင်းကို ခွင့်မပြုပါ။ ငါ့နေ့ရက်တွေကို ဒေါသတွေနဲ့မကုန်လွန်စေချင်ဘူး။"

တုံ့ပြန်ခြင်းသဘောသည် သူတစ်ပါးအပေါ်လွှမ်းမိုးချုပ်ကိုင်ရန် လက်နက်အဖြစ်တည်သည်။ ခရစ်ယာန်အသက်တာ၌တည်သော ခံယူခြင်းသဘောသည်ကား သူတစ်ပါးအားလွှမ်းမိုးချုပ်ကိုင်မည်မဟုတ်ဘဲ မိမိကိုယ်ကိုထိန်းချုပ်ရန်အတွက်သာဖြစ်ပေသည်။ ထို့အတူ လွတ်လပ်ခြင်း (independence) မဟုတ်သော ကိုယ်ပိုင်အုပ်ချုပ်ခွင့် (autonomy) သာဖြစ်သည်။ လွတ်လပ်ခြင်း (independence) ဆိုသည်မှာ နောက်ဆုတ်ခြင်းနှင့် သူတစ်ပါးထံပြန်လှည့်ခြင်း၊ တုံ့ပြန်ခြင်းကိုဆိုလို၏။ ကိုယ်ပိုင်အုပ်ချုပ်ခွင့် (autonomy) ဆိုသည်မှာ လွတ်လပ်ခြင်း၏ တန်ဖိုးကိုနားလည်သဘောပေါက်ပြီး တစ်ဦးနှင့်တစ်ဦးဆန္ဒလျော်က် အပြန်အလှန်အကျိုးပြုစေသော ဆက်ဆံရေးကိုမငြင်းဆန်ဘဲ ဘုရား ပေးသော မိမိအသက်တာကို မိမိအုပ်ချုပ်နိုင်သည့်အခွင့်အရေးတစ်ရပ်ကို လေးစားရန်သာဆိုပါသည်။

ခရစ်ယာန်ဆက်ဆံရေး၌ ကိုယ်ပိုင်အုပ်ချုပ်ခွင့်၏ဆိုလိုရင်း အဓိပ္ပါယ်တွင် မုန်းတီးခြင်းကို ရပ်တန့်စေရန်ဆိုသည်ထက်သာလွန်

သည်။ အမုန်းတရား၏နေရာတွင် မေတ္တာတရားကိုအစားထိုးရန် လိုအပ်သေးသည်။ သခင်ယေရှုက–

"သင်တို့၏ရန်သူကိုချစ်ကြလော့။
သင်တို့ကိုမုန်းသောသူတို့အား ကျေးဇူးပြုကြလော့။
သင်တို့ကိုကျိန်ဆဲသောသူတို့အား မေတ္တာပို့ကြလော့။
သင်တို့ကိုနှောင့်ယှက်သောသူတို့အဖို့ ဘုရားသခင်ကို ဆုတောင်းကြလော့" ဟုဆိုပါသည်။ (လုကာ ၆း၂၇၊၂၈)။

ဤဆောင်ပုဒ်ကို တမန်တော်ကြီးရှင်ပေါလုက လက်တွေ့ဆန်သောဝေါဟာရအဖြစ်၊

"သင်၏ရန်သူသည်မွတ်သိပ်လျှင် လုပ်ကျွေးလော့။
ရေငတ်လျှင် သောက်စရာဖို့ပေးလော့။
ထိုသို့ပြုလျှင် သူ၏ခေါင်းပေါ်၌ မီးခဲကိုပုံထားလိမ့်မည်။
အဆိုးအားဖြင့်အရှုံးမခံနှင့်။
အကောင်းအားဖြင့် အဆိုးကိုနိုင်လော့" ဟုဆိုထားပါသည်။ (ရောမ ၁၂း၂၀၊၂၁)။

အခိုင်မာဆုံးနှင့် အမြင့်မြတ်ဆုံးသောဖော်ဆောင်ချက်ဖြစ်သည်။ အနိုင်ယူခံရခြင်းမဟုတ်ဘဲ အနိုင်ယူလိုက်ခြင်းသာဖြစ်ပေတော့သည်။

***(၃) တာဝန်သိစွာလုပ်ဆောင်ရန် တစ်ခုတည်းသောနည်းလမ်းဖြစ်သည်။***

ကျွန်ုပ်တို့၏အမူအရာနှင့် စိတ်နေသဘောထားတို့ကို ကိုယ့်ရန်သူမှဆုံးဖြတ်ခြယ်လှယ်ခွင့်ကို မပေးနှင့်ဟုဆိုထားရာတွင် ကျွန်ုပ်တို့ပေါ်မူတည်သည့် အရေးပါမှုအကြောင်း သခင်ယေရှုက သတိပေးထားပါသည်။ အကယ်၍ ဒေါသအတွက်ဒေါသ၊ မှုမမှန်မှုအတွက်

မေတ္တာမပါသောလျစ်လျူရှုခြင်း စသည့်တုံ့ပြန်မှုကိုပြုမည်ဆိုလည်း ကိုယ့်အပေါ်မှာသာမူတည်သည်။ ကိုယ်ပိုင်ရွေးချယ်ခွင့်တန်ခိုးရှိခဲ့ပြီး သားဖြစ်သည်။

ကျွန်ုပ်တို့သည် မိမိတို့၏တုံ့ပြန်မှုကိုခွင်ဝင်အောင် သူတစ်ပါး အားအပြစ်ဖို့တတ်ကြသည်။ ကိုယ့်အမှားမျိုးသူတစ်ပါးလိုက်လုပ်လျှင် ကိုယ့်အဖို့ခံသာမည်ဟုလည်း ထင်တတ်ကြသည်။ "ဟိုဖက်ခန်းကလူ လုပ်လို့ ကျွန်တော်လည်းဒီလိုလုပ်တာပါ။" "ကျွန်မဟာ အဘွားနဲ့တူလို့ လွယ်လွယ်နဲ့စိတ်ဓာတ်ကျတာပါ။ ဒါဟာဆိုးတာပဲ" စသည့်စကား မျိုးဖြစ်သည်။ အာဒံက ဧဝပေါ်လွှဲချသည့်စကားမျိုး လူအများ အပြားဆိုကြသည်။ (ကမ္ဘာဦး ၃း၁၂)

**မည်ကဲ့သို့သောမိဘမျိုးကိုရရန် ကျွန်ုပ်တို့မရွေးချယ်နိုင်သကဲ့သို့** ကျွန်ုပ်တို့အား သူတို့မည်ကဲ့သို့ကြီးပြင်းလာစေသည်ကိုလည်း ရွေးစရာ မရှိပါ။ ထို့အတူများသောအားဖြင့် ကျွန်ုပ်တို့နှင့်ပေါင်းသင်းရသော ကြီးပြင်းဖော်များကိုလည်း ရွေးချယ်၍မရနိုင်ပါချေ။ ပတ်ဝန်းကျင် အခြေအနေများက ကျွန်ုပ်တို့ကိုအတူတကွ သယ်ဆောင်သွား၏။ ကျွန်ုပ်တို့ မည်ကဲ့သို့တုံ့ပြန်သည်က အရေးပါကြောင်း နားလည်စေပြီး တာဝန်ရှိသည်ဟုခံယူကာ သူတစ်ပါးကိုလက်ညှိုးထိုးခြင်းဖြင့် ကိုယ့် အမှားကို ကာကွယ်တတ်သည့်သဘောထားများကို ဖျောက်ဖျက်ပစ်ရန် **သခင်ယေရှုက ကျွန်ုပ်တို့အားအလိုရှိပေသည်။**

### ခပ်သိမ်းသောခြားနားမှုကိုဖြစ်စေသောစကားလုံး

ရွှေပညတ်ထဲ၌ မကြာခဏသတိမပြုမိကြသောစကားလုံး တစ်လုံးရှိသည်။ ထိုစကားလုံးမှာ " therefore" (ထို့ကြောင့်)ဆိုသော

စကားလုံးဖြစ်သည်။ (မြန်မာကျမ်းစာ၌ ထိုစကားလုံးအတိုင်းမပါ သော်လည်း ထိုသဘောကိုတွေ့ရသည်)။ အဘယ်ကြောင့်ဆိုသော် ရွှေပညတ်ကို စောင့်ထိန်းရမည့်အကြောင်းအရင်းကို ညွှန်ပြသောစကားလုံး ပင်ဖြစ်သည်။

ရွှေပညတ်၌ကား "ကိုယ်၌သူတစ်ပါးပြုစေလိုသမျှအတိုင်း သူတစ်ပါး၌ပြုကြလော့" ဟူ၍ဆို၏။ (မဿဲ ၇း၁၂–KJV )။ ထိုစည်းမျဉ်းက ကျွန်ုပ်ဘာကိုပြုရမည်ကိုပြော၏။ သို့သော် ရွှေပညတ် မတိုင်မီအပိုဒ်တွင် အဘယ်ကြောင့်ပြုဖို့လိုသည့်အကြောင်းကို ပြောထား နှင့်ပြီ။ အထက်ကအပိုဒ်တွင် "သင်တို့သည် အဆိုးဖြစ်လျက်ပင် ကိုယ်သားတို့အား ကောင်းသောအရာကိုပေးတတ်လျှင် ထိုမျှမက ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘသည် ဆုတောင်းသော သူတို့အား ကောင်းသောအရာကို သာ၍ပေးတော်မူမည်မဟုတ်လော" ဟုဆိုထားပါသည်။ (အခန်းငယ် ၁၁)။ (ဘုရားသခင်က သင်တို့အား ထိုကဲ့သို့ပြုပြီ။ "ထို့ကြောင့်" သင်တို့လည်း သူတစ်ပါးအား ထိုသို့ ပြုရမည်ဟူသောသဘောကိုတွေ့နိုင်သည်။) အင်္ဂလိပ်ဘာသာပ (KJV) ၌ "therefore " "ထို့ကြောင့်" ကိုယ်၌သူတစ်ပါးပြုစေလိုသမျှအတိုင်း ဟူ၍ပင်ဖော်ပြထားပါသည်။

အဘယ်ကြောင့် သူတစ်ပါးအပေါ် ကျွန်ုပ်တို့ကောင်းရမည် နည်း။ ဘုရားသခင်က ကျွန်ုပ်တုအပေါ်ကောင်းသောကြောင့်ဖြစ်သည်။ အဘယ်ကြောင့် သူတစ်ပါးက ကျွန်ုပ်တို့အပေါ်ပြုသောအရာသည် ကျွန်ုပ်တို့က သူတစ်ပါးကိုပြုရမည့်အရာအတွက် အဆုံးအဖြတ်မပေး သနည်း။ (ကိုယ့်ကိုသူတစ်ပါးပြုစေချင်သည်အတိုင်း သူတစ်ပါးအား ပြုပါဟုပြော၏။ ကိုယ်ကိုသူတစ်ပါးပြုသလို သူတစ်ပါးအားပြန်ပြုပါဟု

မပြောထားပါ)။ ဘုရားသခင်က သူ၏မေတ္တာကို ကျွန်ုပ်တို့အပေါ်သို့ သွန်းလောင်းသောကြောင့်ဖြစ်သည်။ (ရောမ ၅း၅)။ "ခရစ်တော်သည် သင်တို့၏အပြစ်ကိုလွှတ်တော်မူသကဲ့သို့ ထိုနည်းတူပြုကြလော့" ဟု ရှင်ပေါလုကလည်း ဆိုထားပေသည်။ (ကောလောသဲ ၃း၁၃)။

"ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ရောက်၏" ဆိုသော စကားစုကို ခရစ်ယာန်အများလက်ကိုင်ထား၏။ ယခု ဤအကြောင်းကို ပြောနေခြင်းပင်ဖြစ်သည်။ ဘုရားသခင်သည် ခရစ်တော်အားဖြင့် ခွင့်လွှတ်ခြင်းအတွက် တံခါးမကြီးကိုဖွင့်ထား၏။ ထို့ကြောင့် ကျွန်ုပ်တို့သည် ထိုခွင့်လွှတ်ခြင်းနှင့်မထိုက်မတန်ဘဲနှင့်ပင် ခွင့်လွှတ်ခြင်းကို ခံရ၏။

သီအိုရီကောင်းတစ်ခု၊ အကြံကောင်းဥာဏ်ကောင်းတစ်ခုမျှသာ မဟုတ်ပါ။ လုံးဝမှန်ကန်သောတရားဖြစ်ပြီး ကိုယ့်ကိုနာကျင်စေသူအား နက်ရှိုင်းသောခွင့်လွှတ်ခြင်းဖြင့် ခွင့်လွှတ်စေပြီး ကွယ်ဝှက်ထားသော အကြံဆိုးမရှိဘဲ သဘောရိုးမေတ္တာဖြင့်ချစ်စေနိုင်သော လက်တွေ့ကျ တရားတော်ဖြစ်ပေသည်။

နှစ်ဆယ်ရာစုတွင် အရောင်းရဆုံးသော ဒေးလ်ကာနက်ချီ၏ How to Win Friends and Influence People မိတ်ဆွေများစေခြင်းနှင့် လူများအပေါ်ဩဇာလွှမ်းမိုးစေရန် ("မိတ္တဗလဋီကာ" ဟုမြန်မာမှုပြု ထားသည်)ဆိုသောစာအုပ်ထဲ၌ သူတစ်ပါးအပေါ်ကောင်းပါ၊ သူတစ်ပါး ကိုချီးမွမ်းပါ၊ ၎င်းတို့အားစိတ်ပျော်စေပါ၊ ထို့အတွက် အကျိုးကို ခံစားရလိမ့်မည်ဟူ၍ဆိုထား၏။ ထိုသို့သောချဉ်းကပ်နည်းအားဖြင့် ကျွန်ုပ်တို့မျှော်လင့်နိုင်သော အကောင်းဆုံးထဲတွင် အခါးတုံးကို ပါးလွှာ သောချိုသကာလွှမ်းလျက် ကျွန်ုပ်တို့၏သဘာဝအလျောက်တစ်ကိုယ်

ကောင်းဆန်သော တုံ့ပြန်မှုတစ်ပိုင်းတစ်စကိုတွေ့ရသည်။ ကျွန်ုပ်တို့အား အမှန်တကယ် နာကျင်စေသည်အထိသာစောင့်ကြည့်ပါ။ ထိုသို့သော စိတ္တဗေဒဆိုင်ရာနည်းဗျူဟာများက ကျွန်ုပ်တို့၏မျက်နှာပေါ်မှမိတ်ကပ်ကို ခွာထုတ်ပြီး ဆာလောင်နေသော ကျားတစ်ကောင်၏အသွင်သို့ပြောင်းသွား ပေမည်။

ကျွန်ုပ်တို့ခံစားရရှိခဲ့သော ခွင့်လွှတ်ခြင်း၏နက်ရှိုင်းကြီးမားမှုကို နက်နက်နဲနဲ နားလည်သွားသောအခါမှသာလျှင် ကျွန်ုပ်တို့၌စစ်မှန်သော ခွင့်လွှတ်ခြင်းရှိလာနိုင်မည်ဖြစ်သည်။ မိမိကိုယ်ကိုအပြစ်လွှတ်ခြင်းခံရ သော အပြစ်သားဟုမြင်လာသည်နှင့် မိမိကိုနာကျင်စေခဲ့သူအား လှည့်တုံ့ပြန်လိုသည့်မာနစိတ်များ ပျော်ကျသွားပေလိမ့်မည်။ ထိုအခါ ၎င်းတို့အား ကျွန်ုပ်တို့၏ဘဝခရီးသွားဖော်အဖြစ်မြင်ပြီး သူလိုကိုယ်လို အနုတ်သဘာဝ၏တန်ခိုးကို တွန်းလှန်တိုက်ခိုက်နေရသူပါလားဟု သဘောပေါက်လာမှာဖြစ်သည်။ ထိုအခါမှသာလျှင် အမုန်းတရားနေရာ တွင် မေတ္တာတရားကအစားထိုးဝင်လာကာ စစ်မှန်သောခွင့်လွှတ်ခြင်း များစီးဆင်းလာမည်ဖြစ်၏။ အခြားသောလမ်းမရှိပါ။

စစ်မှန်သောမေတ္တာသည် ဘုရားသခင်ထံမှလက်ဆောင်တစ်ခု ဖြစ်၏။

"မေတ္တာသည် သည်းခံတတ်၏။
သနားကြင်နာတတ်၏။
မနာလိုစိတ်မရှိ။
မေတ္တာသည် ကြွားဝါမှုမရှိ။
မာန်မာနမရှိ။
မလျောက်ပတ်သည့်အမှုကိုမပြုတတ်။

ကိုယ်ကျိုးကိုမရှာတတ်။
ဒေါသအမျက်မထွက်တတ်။
သူတစ်ပါး၏အပြစ်ကိုမှတ်၍မထားတတ်။
မကောင်းမှုဒုစရိုက်ကြောင့် ဝမ်းမြောက်ဝမ်းသာမရှိတတ်။
သမ္မာတရားကြောင့် ဝမ်းမြောက်တတ်၏။
မည်သည့်အခါမျှ လက်လျှော့အရှုံးမပေးတတ်။
မေတ္တာသည် အမြဲယုံကြည်တတ်၏။
အမြဲမျှော်လင့်တတ်၏။
အမြဲသည်းခံတတ်၏။”
(၁ကော ၁၃း၄–၇)။

စစ်မှန်သောမေတ္တာသည် မြတ်သောဆုကျေးဇူးတစ်ခု၊ ဘုရားသခင်ကိုယ်တော်တိုင်ထံမှဖြစ်၏။

–––***–––

## ခွဲခွာလို့မရသောလူ
### သတ္တမပညတ်ချက်

*"သူ့မယားကိုမပြစ်မှားနှင့်။" (ထွက်မြောက်ရာကျမ်း ၂၀း၁၄)။*

မည်သည့်နာရီကို ကမ္ဘာပေါ်ရှိ အလုပဆုံးသောနာရီပဲဟု ကျွမ်းကျင်သူများက ပြောလေမည်ကိုကျွန်ုပ်မသိပါ။ ကျွန်ုပ်အဖို့မှာတော့ ဘိုးဘိုး၏အကျႌအောက်ဘက်၊ ဘယ်ဘက်အိတ်ထဲတွင်အမြဲရှိနေတတ်သောအချိန်ကိုက်နာရီကလေးသာ အလှဆုံးဟုထင်ပါသည်။ ရွှေအစစ်ဖြင့် ပြုလုပ်ထား၏။ တစ်ခါတစ်ရံ ဘိုးဘိုးကပြောသည်။ ရွှေလက်တံကလေးများ၊ အိပ်ရာဝင်ခါနီးတိုင်း ဘိုးဘိုးအမြဲတမ်းလှည့်နေကျသံပတ်ကြိုးခွေဘေးတွင် ဘီးကလေးများစသည်ဖြင့် နာရီကလေးသည် ချက်ချက်၊ ချက်ချက်နှင့် အနေအထားအားလုံးက လှပခြင်းအတိ။ ဘိုးဘိုးအဖို့မှာလည်း ထိုနာရီကလေးပါမှ သူ့ဘဝမှာပြည့်စုံသည့်သဘောရှိသည်။

ကျွန်ုပ် ၆ နှစ်သားအရွယ်၊ တစ်နေ့သောမနက်စောစောတွင် မီးဖိုဆောင်ထမင်းစားခန်းတွင် နံနက်စာစားနေကြသော ဘိုးဘိုးနှင့် ဘွားဘွားတို့နှင့်အတူရှိနေချိန်၊ စားပွဲပေါ်သို့လက်ကိုတင်ကာ လက်ပေါ်မေးစေ့ကိုတင်လျက် ဘိုးဘိုးကိုငေးကြည့်နေခဲ့မိသည်။ ဘိုးဘိုး၏အကျႌအိတ်က ကြယ်သီးမတပ်ထားသောကြောင့် တွဲကျနေသောနာရီ၏ကြိုးကွင်းကလေးကို မြင်နေရ၏။ စိတ်ထဲမှရုတ်တရက်ထွက်လာသည့်ထူးဆန်းသောအတွေးဖြင့် ဘိုးဘိုးအားပြောလိုက်မိတော့သည်။

"ဘိုးဘိုး၊ ဘိုးဘိုးသေသွားခဲ့ရင် အဲဒီနာရီလေးသားကို ပေးခဲ့ပါလား" ထိုအချိန်တွင် အပြာရောင်မျက်လုံးများ ဘယ်လောက်ပြူးဝိုင်း

တောက်ပသွားခဲ့သည်ကို မမှတ်မိတော့ပါ။ သို့သော် သူ၏ဖြေကြားသံကတော့ ကျွန်ုပ်၏နားထဲတွင် ယခုတိုင်အောင်ပဲ့တင်ထပ်နေဆဲ---
"ကောင်းပြီ၊--- ငါသေသွားတဲ့တစ်နေ့မှာ ဒီနာရီဟာ မင်းရဲ့နာရီဖြစ်ရမယ်။"

ပြောမပြတတ်အောင် ကျွန်ုပ်ဝမ်းသာခဲ့၏။ နံနက်စာကိုပင်မစားနိုင်တော့။ ဝမ်းသာအားရနှင့် မေမေ့ကိုလည်းပြောပြ၏။ ထိတ်လန့်တုန်လှုပ်သွားသောမေမေကြောင့် ကျွန်တော့မှာ ကြောင်အမ်းအမ်းဖြစ်သွားသည်။ ဝမ်းသာမှုများတဒင်္ဂတွင် ပျောက်ကုန်၏။ မေမေ့အသံကြောင့် ကျွန်ုပ်မှာ အမှန်တကယ် ကြောက်မက်ဖွယ်အမှုတစ်ခုပြုခဲ့မိကြောင်း ထင်ရှားနေ၏။ "ဟဲ့သား၊ အဲလိုပဲပြောလိုက်လား" အနောက်တွန့်လျက် စကားမပြောနိုင်ဘဲ ခေါင်းသာညိတ်ပြလိုက်သည်။ "ဟယ်အဲ့လိုပြောလိုက်တော့ ဘိုးဘိုးကိုမြန်မြန်သေစေချင်တဲ့သဘောရောက်သွားတယ်ဆိုတာ သားသိရဲ့လား" မေမေကရှင်းပြ၏။

ကျွန်ုပ်စိတ်ရှုပ်ထွေးသွား၏။ ထို့ကြောင့် နာရီနှင့်ပတ်သက်၍ ကျွန်ုပ်ဘဝတစ်ခုမှ ဘိုးဘိုးအား မပြောဖြစ်တော့ပါ။ သို့သော် ဘိုးဘိုးကမမေ့ပါ။ နောက်နှစ်နှစ်အကြာ သူမသေဆုံးမီတွင် မေမေ့အား သူမှာခဲ့သည်မှာ --- "ဇိုလာလော်ရှုန်ဟာ ငါ့ရဲ့နာရီကိုပိုင်ဆိုင်ရမယ်ဆိုတာကို သတိရပါ" ဟူ၏။

သူသေဆုံးသွားပြီးသောအခါ မေမေက ကျွန်ုပ်အား နာရီကိုပြပြီး ဘူးထဲထည့်ကာ လုံခြုံရာအမြင့်ဗီရိုပေါ်သို့တင်ထားလိုက်၏။ လိုအပ်သလိုနာရီကိုထုတ်ပြီး ဖုန်သုတ်ခြင်း၊ သံပတ်ပေးခြင်းတို့ကိုပြုစေရင်း နှစ်များကြာညောင်းလာခဲ့၏။ ဤသို့ဖြင့် ဘိုးဘိုး၏မေတ္တာကို အမြဲတမ်းအောက်မေ့စရာဖြစ်စေခဲ့၏။

ကျွန်ုပ် ၁၄ နှစ်ပြည့်သောတစ်နေ့မှာ နာရီကိုသူ့နေရာသို့ ပြန်မထားတော့ဘဲ "မေမေ၊ ကျွန်တော်နာရီကိုကောင်းကောင်းကြည့်ရှု ထိန်းသိမ်းတတ်တဲ့အရွယ်ရောက်လာပြီဟု" မေမေ့ကိုပြောလိုက်၏။

အတော်လေးကြာမှ မေမေက "မေမေတော့မထင်ဘူး၊ ဒါပေမယ့် သားရွေးချယ်နိုင်ပါတယ်" ဟုပြန်ပြော၏။

နောက်နေ့မနက်မှစ၍ ဘိုးဘိုး၏နာရီကလေးသည် ကျွန်ုပ်၏လီဗိုက်ဂျင်းအရှေ့ဘက်အိတ်ထဲမှ ကျောင်းသို့လိုက်ပါသွား၏။ ဘယ်ကျောင်းသားမှ ကျွန်ုပ်ကဲ့သို့ ရွှေအစစ်ဖြင့်ပြီးသော အိတ်ဆောင်နာရီကို ကိုင်ဆောင်နိုင်မည်မဟုတ်ပါ။ အချိန်ကြည့်ရန် နာရီကိုထုတ်လိုက်ထည့်လိုက်လုပ်နေသည်ကို အတန်းဖော်များသတိထားမိကြ၏။ နေ့လယ်ကျောင်းဆင်းချိန်တွင် ကျွန်ုပ်၏အံ့ဖွယ်ရွှေနာရီလေးကို လာဝိုင်းကြည့်ကြတော့မည်ဟု ထင်ခဲ့ပါသည်။ သို့သော် ခေါင်းလောင်းထိုးသည်နှင့် ခါတိုင်းကဲ့သို့ပင် ဘေ့(စ်)ဘောကစားရန် စိတ်စောကာ အခန်းတံခါးဝသို့ အလုအယက်ပြေးကြ၏။

ထိုအခါမှ ကျောင်းပွဲတွင် ကျွန်ုပ်တို့အဖွဲ့အလှည့်ကျသည်ကို သတိရတော့၏။ (၃၅) စက္ကန့်အတွင် ပြင်ဆင်မှုပြီး၍ စတင်ကစားကြတော့သည်။

ပထမဦးဆုံး "ဘာဇီ" ကစ၏။ ဒုတိယ "လာရီ" ရိုက်လိုက်ပြန်၏။ ကျွန်ုပ်အလှည့်ကျလာသောအခါ ရိုက်ချက်တွင် ဘုရင်ဟု အမှတ်ပေးခံခဲ့ရသော ကျွန်ုပ်၏ယခုရိုက်ချက်ကြောင့် လုံးဝနာမည်ပျက်ပြီထင်သည်။ ပထမအကြိမ်မှာပင် အနောက်ဘက်ကွင်းရောက်သွားသည်။ တစ်ဖန်တစ်ဖက်မှပစ်သည်ကို သူရဲလုပ်ပြီး ဒိုင်ဗင်ထိုး၍ ဖမ်းလိုက်၏။

ရင်ခုန်စရာအတိ၊ ဩဘာသံများသောသောည်၊ တစ်ဘဝမှာ မမေ့နိုင်စရာစက္ကန့်လေးများဖြစ်သည်။ မတ်တတ်ရပ်လိုက်၏။ အရပ် တစ်လက်မပိုမြင့်လာသည်ထင်ရ၏။ ပေသွားသောဖုန်များကို လက်ဖြင့် ပုတ်ခါလိုက်ရင်း ဘောင်းဘီ၏အရှေ့ညာဘက်ခြမ်းအိတ်ထဲတွင် မာမာ ပြားပြားတစ်ခုရှိနေသည်ကို ပြန်သတိရ၏။ သို့သော် ကွေးကောက် နေသည်ဟုထင်ရ၏။ "အိုး၊--- မဟုတ်ပါစေနဲ့၊" သို့သော် ဟုတ်ခဲ့ ပါပြီ။ ထိုအဖြစ်အပျက်လေးကို ပြန်စဉ်းစားလိုက်တိုင်း ယနေ့ထက်တိုင် တုန်လှုပ်မိဆဖြစ်သည်။

ကမ္ဘာပေါ်တွင် အမိုက်မဲဆုံးကလေးတစ်ယောက်ဖြစ်ခဲ့မှန်း နားလည်သွားပြီ။ ၁၄ နှစ်သားအရွယ်တွင် အိတ်ဆောင်ရွှေနာရီလေး၏ တန်ဖိုးကို ကျွန်ုပ်သိပ်မသိခဲ့သော်လည်း ဘိုးဘိုးကို ကျွန်ုပ်ဘယ်လောက် ချစ်မှန်းသိခဲ့၏။ ဘိုးဘိုးကလည်း ကျွန်တော့်ကို စိတ်ချ၍ အပ်နှင်း ခဲ့သောဥစ္စာပဲမဟုတ်ပါလား။ စက္ကန့်ပိုင်းအတွင်း သင်ပြုလိုက်သော အမှုတစ်ခုသည် နှစ်နှင့်ချီပြီးသတိရစရာဖြစ်သွားနိုင်၏။ မတော်သင့် တစ်သက်တာလုံးတွင် ယူကြုံးမရဖြစ်ခြင်းလော။

သတ္တမပညတ်ချက်နှင့် ပတ်သက်၍ နားလည်ရာဖြစ်၏။ ကျိုးပဲ့ပျက်စီးလွယ်သောအဖိုးထိုက်ရတနာ၊ မူလသို့ပြန်ရောက်ရန် အလွန့်အလွန်ခက်သော တစ်ခါတစ်ရံ လုံးဝမဖြစ်နိုင်တော့သည့် ထိခိုက်ဆုံးရှုံးစရာ ကျူးလွန်မှုပင်ဖြစ်သည်။

တချို့သောသူများတော့ လက်မခံချင်ဘဲရှိလိမ့်မည်။ မကြာ သေးခင်က တီဗွီဖန်သားပေါ်မှာ ရေပန်းစားသူတစ်ယောက် ထင်ရှား ပေါ်လွင်သောသူမ၏အသက်တာ (Lifestyle)အသေးစိတ်တွင် နာမည် များကို လှပစွာနေရာချလျက် ခေါ်ဆိုရင်း ၎င်း၏ပရိသတ်ကို ပေါ့ပါး

သွက်လက်စွာဧည့်ဝတ်ပြုနေသည်။ ကျွန်ုပ်တီဗွီ၏အဝေးထိန်းခလုတ် (remote control)ကို လှမ်းယူစဉ်မှာပင် သူမနှင့်အတူ ပျော်ပါးခဲ့သည်ဟုဆိုသော ထင်ရှားကျော်ကြားသူများ၏နာမည်ဒါဇင်ဝက်ကို ခေါ်ပြီးသားဖြစ်၏။ ထိုသို့လုပ်ဆောင်နိုင်ခြင်းကို ကမ္ဘာသစ်၏ပြုပြင်ပြောင်းလဲရေးနှင့် ကြီးစွာသောလွတ်မြောက်ခြင်း၊ အချုပ်အနှောင်မဲ့ကင်းသော လွတ်လပ်ပျော်ရွှင်မှုတံခါးကို ဖွင့်လှစ်လိုက်ခြင်းဟု ရှုမြင်သုံးသပ်ကြသေး၏။

သူတို့၏အမြင်မှားချေပြီ။ ၎င်းတို့၏အပျော်အပါးကို ဖျက်ဆီးရန် အရေးပါသူတစ်စုံတစ်ယောက်က အမိန့်ထုတ်လိုက်သောကြောင့်မဟုတ်၊ သတ္တမပညတ်ချက်က ကျွန်ုပ်တို့၏နှလုံးသားနှင့် အတွေးအခေါ်များကို သန့်စင်လောင်ကျွမ်းစေမည့် အသက်တာ၏အခြေခံစည်းမျဉ်းဥပဒေက အလေးအနက်ဖော်ပြနေသောကြောင့်ပင်ဖြစ်သည်။ နက်ရှိုင်းသောနှောင့်ဖွဲ့မှုဖြင့် စီမံပြဋ္ဌာန်းထား၍ ကျစ်လျစ်ခိုင်မာသောစည်းမျဉ်းဖြစ်သည်။

သမ္မာကျမ်းစာမှအထင်ရှားဆုံးကျမ်းပိုဒ်က ကျွန်ုပ်တို့အား ဤနက်ရှိုင်းသောနှောင်ဖွဲ့ခြင်းကို ပို၍သဘောပေါက်စေပါသည်။ "ထင်ရှား" သည်ဆိုရာ၌ ကျမ်းစာအုပ်ကို တစ်ကြိမ်တစ်ခါမျှ မဖွင့်ဖူးသူပင် ကြားသိနေကျအရာဖြစ်ပြီး တစ်ခါတစ်ရံ ၎င်းဖြစ်ရပ်ကို ရယ်စရာတစ်ခုအဖြစ်ပင် ခံယူတတ်ကြသေးသည်။ ပြက်ရယ်ပြုခြင်းကိုထားခဲ့ပြီး ၎င်းကိုလေးစားအပ်သည့်အတိုင်း ဂရုစိုက်ဆင်ခြင်ပါမှ ၎င်း၏နက်ရှိုင်းသောသဘောကို နားလည်ခံယူနိုင်လိမ့်မည်ဖြစ်သည်။ ကျမ်းစာလာသည်အတိုင်း–

"ထိုအခါ ထာဝရအရှင်ဘုရားသခင်သည် လူကိုကြီးစွာသော အိပ်ခြင်းဖြင့်အိပ်စေတော်မူ၍ လူသည် အိပ်ပျော်နေစဉ် နံရိုးတစ်ချောင်းကို ဘုရားသခင်ထုတ်ပြီးလျှင် ထိုအရိုးအစားအသားကို ဖေ့စပ်စေတော်မူ၏။ ထာဝရအရှင်ဘုရားသခင်သည် လူထဲက ထုတ်သောနံရိုးဖြင့် လူမိန်းမကို ဖန်းဆင်း၍ လူရှိရာသို့ခေါ်ဆောင်တော်မူခဲ့၏။" (ကမ္ဘာဦး ၂း၂၁၊၂၂)။

အာဒံ၏ပထမဦးဆုံးစကားများတွင် ဤလှပသောသူ (မိန်းမ) ကိုမြင်သောအခါမှာ ဘာဖြစ်ပျက်ခဲ့သည်ကို နားလည်သဘောပေါက်ပြီး ပြင်းပြစွာသောစိတ်လှုပ်ရှားမှုဖြင့် ထုတ်ဖော်ဖွင့်ဆိုခဲ့သည်ကား "ယခု ဤသူသည် ငါ့အရိုးထဲကအရိုး၊ ငါ့အသားထဲကအသားဖြစ်၏။" (အခန်းငယ် ၂၃)။

ထိုအပိုဒ်တွင် အာဒံ၏နှစ်ထောင်းအားရမှုသည် ၎င်းတို့၏ ပထမဦးဆုံးသောကာမဆက်ဆံရေးကို ထင်ဟပ်စေခဲ့ကြောင်း ဆက်လက်၍ဖော်ပြသည်မှာ– "ထိုအကြောင်းကြောင့် (မိန်းမကို ယောကျ်ား၏ကိုယ်ခန္ဓာမှ ထုတ်ယူခဲ့သောကြောင့်) ယောကျ်ားသည် ကိုယ်မိဘကိုစွန့်၍ ဇနီးသည်ကိုမှီဝဲသဖြင့် ထိုသူတို့သည် တစ်သားတစ်ကိုယ်တည်းဖြစ်ရလိမ့်မည်" (အခန်းငယ် ၂၄)။ သူတို့နောက်တစ်ဖန် တစ်သားတစ်ကိုယ်တည်းထပ်ဖြစ်လာရခြင်းမှာလည်း ၎င်းတို့၏ တစ်သားတစ်ကိုယ်တည်းဖြစ်ခဲ့ခြင်းနှင့် ဆက်စပ်ပါသည်။ ထို့ကြောင့် ကာမဆိုင်ရာဆက်စပ်မှုအားဖြင့် ကိုယ်ခန္ဓာချင်းနှင့် စိတ်ဝိညာဉ်ချင်းတို့မှာ တစ်လုံးတစ်ဝတည်းဖြစ်တည်ရန် ဘုရားသခင်က ပုံစံချမှတ်ထားခြင်းဖြစ်ပါသည်။

ကမ္ဘာဦးကျမ်း ၂း၂၂–၂၄ ပါရှိသော အတွေးအခေါ်ကို စိတ္တဗေဒပညာ၏အဆို၌ "မည်သူမည်ဝါဟုထုတ်ဖေါ်တင်ပြခြင်း" (identification) ဆိုသောဝေါဟာရဖြင့် လူသိများကြသည်။ မိမိကိုယ်ကို

တစ်ဦးတစ်ယောက်နှင့်တူညီကြောင်း ထုတ်ဖော်တင်ပြခြင်းသည် ၎င်းအတွက်ခံစားပေးခြင်း၊ ၎င်းနှင့်ပတ်သက်ရာကို ဂရုစိုက်ခြင်းတို့ ထက်သာလွန်သောအဓိပ္ပါယ်ရှိပါသည်။ ထိုကဲ့သို့ဖော်ပြခြင်းသဘောဖြင့် ကမ္ဘာကြီးကို ၎င်းတို့၏မျက်စိဖြင့်ရှုမြင်နိုင်ပြီး ၎င်းတို့၏ဝမ်းမြောက်ခြင်းနှင့် နာကျင်ခြင်းတို့ကို နားလည်သိရှိနိုင်ပေသည်။

အာဒံသည် လှပသော ဧဝမိန်းမကိုမြင်သည်နှင့် ၎င်းနှင့်တူညီကြောင်းဖော်ပြလိုသော စိတ်ဆန္ဒဖြစ်ပေါ်လာခဲ့သည်။ သူ၏ခန္ဓာကိုယ်မှလာသောကြောင့် သူမသည် သူ၏တစ်စိတ်တစ်ပိုင်းဖြစ်သည်။ ထိုအကြောင်းကြောင့် ပထမဦးဆုံးအတွေ့အကြုံအဖြစ် ရင်တွင်းသို့ တိုးဝှေ့လာသောကြည်နူးမှုဖြင့် "ငါ့အရိုးမှအရိုး၊ ငါ့အသားမှအသား" ဟု နှုတ်ဖွင့်ကြွေးကြော်ခဲ့ခြင်းဖြစ်ပေမည်။ သာလွန်ထူးကဲသောသဘာဝ၌ အာဒံသည် သူမအားပွေ့ဖက်လိုက်ရာ သူ၏ခန္ဓာကိုယ်သို့ထိတွေ့လိုက်သော ဘုရားသခင်စီမံပေးထားသည့် ပြန်လည်ဆက်စပ်မှုဖြင့် မျှဝေခံစားသောအခါတွင် မည်မျှကြည်နူးသာယာလိမ့်မည်နည်း။

လူသားတို့၏မူလနှင့် သက်ဆိုင်ရာနှောင့်ဖွဲ့ခြင်းကို ဖော်ဆောင်ရန် ဘုရားသခင်သည် ဖိုမဆိုင်စည်းလုံးသာယာမှုကို အစွမ်းထက်သောတန်ဆာပလာအဖြစ် ဖန်တီးစီမံထားပါသည်။ တစ်နည်းအားဖြင့် ဖိုမဆိုင်ရာစည်းလုံးသာယာမှုကို အနက်ရှိုင်းဆုံးစွဲနစ်ရာဖြစ်သောနှလုံးသား၌ကပ်သောကော်ဟုလည်း ခေါ်ဆိုနိုင်ပါသည်။

နူးညံ့သာယာပြီး ထက်မြက်သောသီအိုရီတစ်ခုမျှသာမဟုတ်ပါ။ သိပ္ပံအဆို၌ လိင်ဆက်ဆံမှုပြုနေချိန်အတွင်းမှာ ကိုယ်ခန္ဓာမှ အစွမ်းထက်သောဓါတုပစ္စည်းများထုတ်လွှတ်ပေးသည်ဟု တွေ့ရှိပါသည်။ ပေါင်းဖက်စေသောချည်နှောင်မှုကို ပြင်းပြစေသည်။ ထိုသို့

ဆက်ဆံနေစဉ်မှာ ဦးနှောက်၏အောက်ခြေ၌ကပ်လျက်ရှိသောပစ်ကျူ ထရီဂလင်းမှထွက်လာသော အောက်စီတိုစင် (Oxytocin) ဟော်မုန်း သည် ဦးနှောက်သို့တိုက်ရိုက်စီးဝင်ပြီး တစ်ဦးနှင့်တစ်ဦးဆက်စပ်မှုနှင့် တူညီမှုဆိုင်ရာအသိကိုအားပေးသည်။ ထို့ကြောင့် ဘုရားသခင်သည် ထိမ်းမြားမင်္ဂလာကို နှလုံးသားနှင့်အသိစိတ်တို့၏အနက်ရှိုင်းဆုံး၌ တည်ရှိစေရန် ဖိုမဆက်ဆံရေးအသွင်၌ စီမံဖန်တီးထားခဲ့သည်ဟု အဓိပ္ပါယ်ရပါသည်။

တမန်တော်ရှင်ပေါလုကလည်း ကာမဆိုင်ရာနှောင်ဖွဲ့နှင့် ပတ်သက်၍ ထိမ်းမြားမင်္ဂလာဆောင်နှင်းရန် မရည်ရွယ်ဘဲ ကာမ ဆက်ဆံမှုပြုလျှင်လည်း နှောင်ဖွဲ့မှုရှိသွားသည်ဟုဆို၏။ လိုင်ဆက်ဆံမှု ပြုပြီး ထွက်သွားသည်။ အိမ်ထောင်ဖက်အဖြစ် ပေါင်းသင်းနေထိုင်ရန် မဟုတ်သောကြောင့် ဘာမှမဖြစ်နိုင်ဟု ထင်မှတ်ကြသည်။

"အဘယ်သို့နည်း။ ပြည့်တန်ဆာ၌ မှီဝဲသောသူသည် ထိုပြည့်တန်ဆာနှင့် တစ်သားတစ်ကိုယ်တည်းဖြစ်ကြောင်းကို မသိကြ သလော" ဟု ရှင်ပေါလုမေးခွန်းထုတ်၏။ "ထိုသူနှစ်ယောက်တို့သည် တစ်သားတစ်ကိုယ်တည်းဖြစ်ရလိမ့်မည်ဟု ကျမ်းစာလာ၏။" (၁ကော ၆း၁၆)။ အိပ်ရာမှခွာ၍ အဝတ်ပြန်ဝတ်ပြီး သင်ထွက်သွားပြီဆို သော်လည်း တစ်စုံတစ်ရာဖြစ်ခဲ့ပြီ၊ ထိုအတွက် သင်နှင့်အတူ တစ်စုံ တစ်ရာလိုက်ပါသွားပြီ နှောင်ဖွဲ့ခြင်းဖြစ်၏။ နှောင်တွင် မကြာမကြာ ကျက်စားရာဖြစ်ပြီး ရှုပ်ထွေးသည့်မာယာကွန်ယက်တွင်း သက်ဆင်း ရသည့်အဖြစ်သို့ ရောက်သွားစေတော့သည်။

"အစဦး၌ ဖန်ဆင်းတော်မူသောသူသည် ယောကျ်ားနှင့် မိန်းမနှစ်ယောက်တည်းကို ဖန်ဆင်းတော်မူ၏။ ထိုအကြောင်းကြောင့်

ယောက်ျားသည် ကိုယ်မိဘကိုစွန့်၍ ခင်းပွန်း၌မှီဝဲသဖြင့် ထိုသူနှစ်ယောက်တို့သည် တစ်သားတစ်ကိုယ်တည်းဖြစ်ရလိမ့်မည်ဟု ကျမ်းဆိုသည်ကို သင်တို့မဖတ်ဖူးသလော။ ထိုကြောင့် လင်မယား တို့သည် နှစ်ဦးမဟုတ် တစ်ဦးတည်းဖြစ်၏။ ဘုရားသခင်ဖက်စပ်၍ ထမ်းပိုင်းတင်တော်မူသောအရာကို လူမခွဲခွာစေနှင့်" (မဿဲ ၁၉း ၄–၆)။

ရှင်ပေါလုနည်းတူ သခင်ယေရှုကလည်း ကာမဆက်ဆံရေး သည် လူနှစ်ဦး၏ပေါင်းစည်းခြင်းကို မြဲမြဲခိုင်ခံ့စေသော ကိုယ်စားလှယ် အဖြစ် ဘုရားသခင်က သန့်ရှင်းစွာခန့်အပ်ထားရှိကြောင်း မိန့်တော်မူ၏။

## လုံခြုံသောလိင်ဆက်ဆံခြင်း

လိင်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲရေးသမားများလက်ကိုင်ထား သော အသုံးအနှုန်းတစ်ခုမှာ "လုံခြုံသောလိင်ဆက်ဆံခြင်း" safe sex ဖြစ်သည်။ ထိုစကားစုက ရှုပ်ပွေသောအသက်တာပုံစံ (life style) က ဘေးအန္တရာယ်ကင်းသည်ဟု သန်းပေါင်းများစွာသော သူတို့အား အထင်ရောက်စေခဲ့၏။ ကွန်တုံးဖြင့် ရောဂါကာကွယ်နိုင် သည်ဟူသော အဆိုကြောင့်လည်းဖြစ်ပါသည်။ ကာကွယ်ခြင်းဆိုရာ၌ ရောဂါဖြစ်မှုကို လျော့နည်းစေနိုင်သော်လည်း ဘေးအန္တရာယ် ဖြစ်လာနိုင်သည့်အလားအလာကိုတော့ လုံးဝမပျောက်စေနိုင်ပါ။ ထို့အပြင် ဤလုည့်စားမှုကြောင့် ရောဂါဆိုးသည် ထိုသို့လိင်အပျော် လိုက်စားမှုကြောင့် မလိုလားအပ်သောအဖိုးအခအဖြစ်သာတည်ပေ သည်။ စင်စစ်မှာတော့ သတ္တမပညတ်ချက်ကိုချိုးဖေါက်ခြင်း၏အကျိုး ရလဒ်ဆိုးသည် တာရှည်ပြီး အသွင်အမျိုးမျိုးဖြင့် မျက်နှာဖော်တတ်၏။

ထိုလှည့်စားမှုကဲ့သို့ပင် "သင်ကားမဝယ်မီ အလျင်မောင်း ကြည့်ပါ" ဆိုသောစိတ်ကူးကလည်းရှိသေးသည်။ သဘာဝကျသည်ဟု ပြောနိုင်ပါသည်။ လက်မထပ်မီအတူနေခြင်း၊ အပျော်အပါးနေခြင်းသည် အိမ်ထောင်ပြုရန်၊ ဆီလျော်အပ်စပ်မှုရှိမရှိသိရှိရန် ဘေးကင်းသော စမ်းသပ်စစ်ဆေးနည်းတစ်ရပ်ဟု ထင်ရသည်။ ပြည့်စုံသည့် အိမ်ထောင်ရေးမြောက်စေသော နည်းစနစ်ကောင်းဖြစ်သည်ဟု ထင်ကြပေမည်။

ထူးဆန်းသည်က စစ်တမ်းကောက်လိုက်သောအခါမှ အဖြေ ကလွဲနေခြင်းဖြစ်၏။ အထက်ကနည်းဖြင့် အိမ်ထောင်ပြုခဲ့သူများတွင် (တစ်ခါတည်းလက်ထပ်သူများနှင့် နှိုင်းယှဉ်သောအခါ) ၁၀ နှစ်အတွင်း လင်မယားကွဲမှုနှုန်းကြီးမ်ဖြစ်ကြသည်ဟု American Socialogical Review ၌ဖော်ပြခဲ့၏။

ထိုထက်မက မကြာသေးမီက လေ့လာတွေ့ရှိချက်အရ လက်မထပ်ဘဲ အတူနေထိုင်ကြသူများတွင် လက်ထပ်ထားသူများ ထက် ကာယပိုင်းဆိုင်ရာ အနိုင်ကျင့်မှုသုံးကြိမ်ပိုဖြစ်ပြီး ပြင်းထန် သောအကြမ်းဖက်မှုငါးကြိမ်ပိုဖြစ်ကြောင်း တွေ့ရပါသည်။ ထို့အတူ အတူတကွနေထိုင်လာခဲ့ပြီးမှ လက်ထပ်ကြသူတို့တွင်လည်း အိမ်ထောင် ၌ အဖုအထစ် (ကတောက်ကဆတ်) ဖြစ်လာသောအခါ တစ်ယောက် နှင့် တစ်ယောက်သစ္စာဖေါက်ရန် ပို၍လွယ်ကူဖြစ်မြောက်၏။ လက်မထပ်ဘဲ အတူပေါင်းသင်းနေထိုင်မှုထဲမှ အမျိုးသမီးများသည် လက်ထပ်ပေါင်းသင်းမှု၌တည်သော အမျိုးသမီးများထက် စိတ်ဖိစီး မှုနှုန်းပို၍မြင့်မားပြီး ကာမဆိုင်ရာစိတ်ကျေနပ်မှုနှုန်းပို၍ နည်းပါးနေ သည်မှာ အံ့ဩစရာမရှိလောက်ပါ။

ယနေ့ဖြစ်ပေါ်နေသော STDs(လိင်ဆက်ဆံမှုမှတစ်ဆင့် ကူးစက်သောရောဂါများ) သည် safe sex (လုံခြုံသောလိင်ဆက်ဆံခြင်း

၏အဆိုကို ပို၍ပင်ခြိမ်းခြောက်နေပေပြီ။ သိပ္ပံစာစောင်များမှလည်း ကွန်တုံးသည် HIVပိုးကူးစက်ခြင်းမှမကာကွယ်နိုင်ကြောင်း ဖော်ပြ၏။ ထို့ကြောင့်သာ လွန်ခဲ့သော ၂၅ နှစ်ကျော်မှကွန်တုံးကို အသုံးပြုလာခဲ့သော်လည်း STDs အသစ်အဆန်းများကပို၍ လျင်မြန်ကျယ်ပြန့်စွာပွားများလာသည်ကို တွေ့ရပေသည်။

Sexual Revolution ခေါ် လိင်မှုဆိုင်ရာပြုပြင်ပြောင်းလဲရေး မတည်မရှိမီ ၁၉၆၀ ခုနှစ်များတွင် တွေ့ခဲ့ရသောလိင်မှတစ်ဆင့် ကူးစက်သည့်ရောဂါများမှာ ကာလသားရောဂါ (syphilis) နှင့်ဆီးပူညောင်းကျရောဂါ (gonorrhea) တို့ဖြစ်ပြီး ပဋိဇီဝပိုးသတ်ဆေးများ ပေါ်ပေါက်လာသောကြောင့် ယင်းရောဂါများပပျောက်ပြီဟု ဆိုနိုင်ပါသော်လည်း ယနေ့ဆေးသိပ္ပံမှ နေရာအနှံ့အပြားတွင် တွေ့နိုင်သော STDs အမျိုးပေါင်း (၂၀) ထက်မကရှိနေကြောင်း တွေ့ရှိထားကာ အမေရိကန်၌ ပျှမ်းမျှအားဖြင့် တစ်နှစ်လျှင် (၁၅) သန်းအထက်မှာရှိသော အသစ်အဆန်းများပေါ်လျက်ရှိသည်ဟု ဆိုပါသည်။ ထို STDs ၏သုံးပုံနှစ်ပုံသည် အသက် ၂၅ နှစ်အောက်လူငယ်များကို တိုက်ခိုက်လျက်ရှိသည်။ နှစ်စဉ် ၃သန်းလောက်သော US ရှိ ဆယ်ကျော်သက်များသည် STDs တစ်မျိုးနှင့် ရင်ဆိုင်နေရပါသည်။ ခြုံငုံ၍ကြည့်လျှင် လိင်မှုဆိုင်ရာလှုပ်ရှားမှု၌ပါဝင်သည့် အနည်းဆုံး လေးပုံတစ်ပုံလောက်သောဆယ်ကျော်သက်များတွင် ရောဂါစွဲကပ်နေပါသည်။

ကလေးများနှင့်ပတ်သက်၍

မိဘမစုံသော (တစ်ခြမ်းပဲ့ဖြစ်သော) ကလေးငယ်များ၌ ရောဂါ ဖြစ်ပွားမှုဦးရေမ ၅ဆမြင့်မားနေသည်မှာ လိင်မှုဆိုင်ရာ ပြောင်းလဲရေး (sexual revolution) ၏သာ၍ဝမ်းနည်းဖွယ်ကောင်း

သောရလဒ်ဖြစ်၏။ အမေရိကန်ပြည် အမျိုးသားဗဟိုကျန်းမာရေး ဌာန၏စာရင်းအရ ၁၉၆၀ ခုနှစ်၌ မွေးဖွားသောကလေးအားလုံးတွင် တရားဝင်လက်မထပ်သောမိဘများမှ မွေးသောကလေးရာခိုင်နှုန်းမှာ ၇ သာရှိပြီး ၂၀၀၂ ခုနှစ်တွင်မူ ၃၃ ရာခိုင်နှုန်းအထိ မြင့်မားလာသည် ကိုတွေ့ရ၏။ မမွေးဖွားဘဲ ဖျက်ချထားသောကိုယ်ဝန်များလည်း နှစ်စဉ် ၁.၃ သန်းရှိ၏။

တစ်ခြမ်းပဲ့မိဘများမှ ကလေးများသည် ပို၍အလွဲသုံးပြုကျင့် ခံရလေသည်။ အိမ်၌၊ ကျောင်း၌ နောက်ဆုံးအကျဉ်းထောင်သို့ရောက် သည့်တိုင်အောင်ဖြစ်ရသည်။ စာသင်ခန်း၌ စာမလိုက်နိုင်ခြင်း၊ ကျောင်းမှထုတ်ပစ်ခံရခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ လက်နက် ကိုင်ဆောင်ခြင်း၊ ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာဖိနှိပ်မှုများကြား ကျင်လည် ရင်း လိင်နှင့်ပတ်သက်သော အလွဲသုံးစားပြုမှုများ၊ နောက်ဆုံးတော့ ၎င်းတို့ကိုယ်တိုင်က လက်မထပ်သောမိဘများဖြစ်လာကြပြီး မိမိကိုယ် ကိုအဆုံးစီရင်ကြသည်အထိ စိတ်ဖိစီးမှုများနှင့် လုံးပါးကြရလေသည်။

ဤအရာအားလုံးတို့သည် "လွတ်လပ်ခြင်း" နှင့် "လွတ်မြောက်စေခြင်း" တို့တွင် အစာထိုးဝင်လာသော မြင်သာထင်ရှား သည့် အကျိုးရလဒ်များဖြစ်ပေသည်။

## ထိန်းချုပ်မှုပြဿ

သခင်ယေရှုက မတရားသောမေထုန် (ဖေါက်ပြန်ကျူးလွန် ခြင်း) သည် ၎င်း၏လမ်းဆုံးဖြစ်သော "စိတ်နှလုံး" မှအစပြုကြောင်း မိန့်တော်မူ၏။ "သူ့မယားကိုမပြစ်မှားရဟူသော ရှေးပညတ်စကားကို သင်တို့ကြားရပြီ။ ငါ့ပညတ်သည်ကား ကိလေသာစိတ်နှင့် သူ့မယားကို ကြည့်ရှုသောသူသည် စိတ်နှလုံးထဲ၌ ထိုမိန်းမနှင့်ပြစ်မှားပြီ" (မဿဲ ၅း၂၇၊၂၈)။

ကာမထကြွလှုပ်ရှားမှုသည် စိတ်နှလုံးအစပြုကြောင်းနှင့် စိတ်နှလုံးသို့ရောက်ရန် အမြင်အာရုံမှ အစပြုကြောင်း "ကိလေသာ စိတ်နှင့်ကြည့်ရှုခြင်း" ဟု မိန့်ဆိုခဲ့သည်။ စိတ္တဇအာရုံခံ၊ အချုပ်အချယ် ကင်းသောကာမစိတ်ကူးယဉ်၊ အပြစ်ကင်းစင်သောသာယာမှုဟု ထင်ခဲ့ မိမည်ဖြစ်သော်လည်း မဟုတ်ပါ။ ထိုသို့သောအကြည့်အားဖြင့်သော် လည်းကောင်း၊ နားဆင်ခြင်းအားဖြင့်သော်လည်းကောင်း၊ လိင်ကိစ္စနှင့် ပတ်သက်သောအပြာစာများကို ဖတ်ရှုခြင်းအားဖြင့်သော်လည်းကောင်း ထိုစိတ်များကို ပြင်းပြစွာထကြွစေသည် ထိုကြောင့် တိုက်လှန်မှုပြု ရန် စိတ်နှလုံးကို စတင်ထိန်းချုပ်ရမည်ဖြစ်ပါသည်။

အများအားဖြင့် စက်ရုံအလုပ်ရုံကြီးများက လေထုညစ်ညမ်း မှုကို ဖြစ်စေသည်ဟုသာဆိုကြသည်။ သို့သော် ပတ်ဝန်းကျင်ကို ညစ်ညမ်းစေသည့် ကြော်ငြာရုပ်ကားချပ်ကြီးများ၊ စာစောင်များ၊ တီဗွီ များ၊ ရုပ်ရှင်ရုံ၊ ကပွဲရုံစသည်များတို့တွင် လိင်နှိုးဆွမှုကိုဖြစ်စေသော မြင်ကွင်းတို့ဖြင့် ကျယ်ကျယ်ပြန့်ပြန့်ကြီး ထိခိုက်စေပါသည်။

လိင်မှုဆိုင်ရာပညာပေးခြင်းနှင့်ပတ်သက်၍ ယနေ့အငြင်းပွား ကြ၏။ လူငယ်များအား ပညာပေးရာတွင် လိင်မငဆိုင်ရာလုံခြုံမှု အတွက် ဖြစ်နိုင်သည့်တစ်ခုတည်းသောနည်းလမ်းမှာ လုံးဝရှောင်ရှား ခြင်း၊ "မလုပ်ဘူး"ဆိုသောငြင်းဆိုခြင်းသာဖြစ်သည်ဟု အုပ်စုတစ်စု က အဆိုပြု၏။ ကျန်တစ်ဖွဲ့ကမူ မဖြစ်နိုင်ဘူး၊ လူငယ်များအား အကြိမ်ပေါင်းမည်မျှ များစွာပြောသော်လည်း လုပ်မည်ကား လုပ်မည် သာဖြစ်ကြောင်း ဆန့်ကျင်လျက်ပြော၏။ နှစ်ဖွဲ့စလုံးကမှန်ပါသည်။ လူငယ်များအား လုံးဝရှောင်ရှားရန်အမြဲပြောနေသော်လည်း "မလုပ်ဘူး" ဟု ၎င်းတို့ကိုငြင်းဆန်နိုင်စေမည်မဟုတ်ပါ။ နေ့နေ့ညည ထိုကိစ္စနှင့်

ပတ်သက်၍ နှိုးဆွစေသောရုပ်ကားများ၊ သဘောဝါဒများနှင့် သတင်းမီဒီယာများတို့က နေရာတကာမှာ လွှမ်းမိုးထားနေမှတော့ အဘယ်သို့လျှင် တတ်နိုင်မည်နည်း။ သခင်ခရစ်တော်ပြောခဲ့သည့်အတိုင်း ကာမဆိုင်ရာထိန်းချုပ်မှုသည် ကျွန်ုပ်တို့၏စိတ်မှအစပြုကြောင်း ဆယ်ကျော်သက်ရွယ်များအားရှင်းပြပြီး ၎င်းတို့သာမဟုတ် ကျွန်ုပ်တို့အားလုံးလည်း ပါဝင်ရမည်အကြောင်း ခံယူပြသရမည်သာဖြစ်သည်။ မိမိကိုယ်ကို စုံစမ်းခြင်း၏အနားစွန်းသို့ တစ်ကြိမ်ပြီးတစ်ကြိမ်ရောက်ခွင့်ပြုပြီး တကယ့်အတိဒုက္ခရောက်ကာမှ ရပ်ဆိုင်းတော့မည့်အခြေအနေမျိုး၊ အမူအကျင့်မျိုး၌သာရှိနေပါမူ ကျွန်ုပ်တို့အမှန်တကယ် ကျဆုံးမည်သာဖြစ်သည်။

ဤနေရာတွင် လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်၏တန်ခိုးကို အသုံးပြုရမည်။ ကြော်ငြာများက စိတ်ထကြွစေသောရုပ်ပုံများကို ပုံနှိပ်ထုတ်ဝေသော်လည်း ကြည့်ရှုဝယ်ယူရန် ၎င်းတို့က ကျွန်ုပ်တို့အား အတင်းအကျပ်မပြုနိုင်ပါ။ ထိုနည်းတူ အောက်တန်းစား (ညစ်ညမ်းကြမ်းတမ်းသော) တေးဂီတများ၊ စာပေကဗျာများစသည်တို့နှင့် မည်သည့်အရာမျှ၊ မည်သူကမျှ ကျွန်ုပ်တို့၏ဆန္ဒကိုဆန့်ကျင်လျက် ခြယ်လှယ်ရန် တာဝန်မရှိပါ။ မှားယွင်းသောလုပ်ရပ်များ၌ စွမ်းဆောင်နိုင်သော အတွေ့အကြုံဗဟုသုတတို့ကို ဖောက်သည်ချဝါကြွားတတ်သော သူငယ်ချင်းတို့နှင့် ပေါင်းဖော်ရန်လည်း မဆွဲဆောင်နိုင်ပါ။

သို့သော် သခင်ယေရှုက ကျွန်ုပ်တို့အား သတ္တမပညတ်ချက်နှင့်ပတ်သက်၍ နယ်နိမိတ်၏အနီးသို့ မချဉ်းကပ်ရန် ရှင်းလင်းပြတ်သားစွာသတိပေးခဲ့၏။ သင်ရှုမြင်ရန်နှင့် စဉ်းစားဆင်ခြင်ရမည်အရာကို သင့်အဖို့ သင်ကိုယ်တိုင်ရွေးချယ်ပါဟု ပြောခဲ့၏။

"သမ္မတရားနှင့်ဆိုင်သောအကျင့်၊
လျောက်ပတ်သောအကျင့်၊
ဖြောင့်မတ်သောအကျင့်၊
စင်ကြယ်သောအကျင့်၊
သူတစ်ပါးနှစ်သက်ဖွယ်သောအကျင့်၊
ချီးမွမ်းဖွယ်သောအကျင့်ရှိသမျှ၊
ပါရမီတစ်ပါးပါး၊
ကောင်းသောအကျင့်တစ်ပါးပါးနှင့်ဆိုင်သောအကျင့်၊
ၾငင်းတို့ကိုနှလုံးသွင်းကြလော့။"

(ဖိလိပ္ပိ ၄း၈)။

ဖြူစင်မှုအတွက် တိုက်ပွဲတွင် ကျွန်ုပ်တို့စည်းသားရမည့်အရာ ဖြစ်သည်။ ဆိုးသောအမှုမှပြန်လှည့်ခြင်း၊ စိတ်ထားမြင့်စေသောအတွေး အကြံ၌ စူးစိုက်ခြင်း၊ ဘုရားသခင်အား မိမိအသက်တာ၏နံပါတ်တစ် နေရာတွင် ထားရှိခြင်းအားဖြင့်သာ ဤတိုက်ပွဲကိုအောင်မြင်နိုင်မှာ ဖြစ်ပါသည်။ "စိတ်နှလုံးတည်ကြည်သောသူသည် ကိုယ်တော်၌ခိုလှုံ သောကြောင့် ငြိမ်သက်ခြင်းသက်သက်ရှိမည်အကြောင်း စောင့်ရှောက် တော်မူလိမ့်မည်။" (ဟေရှာယ ၂၆း၃)။

## ပြန်လည်ပြည့်စုံနိုင်ခွင့်

ကြေမွလျက် နာကျင်နေသောကမ္ဘာမြေကြီး၌ ကျွန်ုပ်တို့ အသက်ရှင်နေထိုင်ကြ၏။ အများသောသူတို့က ၎င်းတို့ရင်ဆိုင်ခဲ့ ရသမျှကို မေ့ပစ်ဖို့ထက် ပြန်လှည့်ကြည့်နေကြမည်မှာ သံသယ ဖြစ်ဖွယ်မရှိပါ။

ကြောက်မက်ဖွယ်နေ့တစ်နေ့တွင် လူတစ်စုသည် အမျိုးသမီး တစ်ယောက်ကို တရွတ်တိုက်ဆွဲခေါ်ကာ ညစ်ထေးသောအဝတ်ကဲ့သို့ သခင်ယေရှု၏ခြေတော်ရင်း၌ ပစ်ချကြ၏။ "ဆရာ" သူတို့ကခေါ်၏။ "ဒီအမျိုးသမီးဟာ မှားယွင်းခြင်းအမှုကိုပြုနေတုန်း ဖမ်းမိလို့ခေါ်လာ ပါတယ်" (ယောဟန် ၈း၄) ဟူ၍အပ်၏။

ထိုကြောင်သူတော်များနှင့် ရင်ဆိုင်ပြီးသောအခါ သခင်ယေရှု သည် အမျိုးသမီးဘက်သို့လှည့်ကာ "သင့်ကိုအပြစ်တင်သောသူတို့ သည် အဘယ်မှာရှိကြသနည်း" ဟု မေးတော်မူ၏။

အံ့အားသင့်လျက် အနီးအနားသို့လှည့်ပတ်ကြည့်ပြီးသော် "အဘယ်သူမျှမစီရင်ပါသခင်" ဟု အမျိုးသမီး ပြန်လျှောက်၏။

သခင်ယေရှု၏မေးခွန်းသည် ထိုအမျိုးသမီးကဲ့သို့ပင် မိမိ၏ အပြစ်ရုတ်တရက်ထင်ရှားလျက် ပူလောင်သောသံဝေဂဖြင့် မျှော်လင့် ရာမဲ့ဖြစ်နေသော ကျွန်ုပ်တို့အားလုံးတို့အတွက် ဖြစ်ပါသည်။ သခင် ယေရှုက "ငါသည်လည်း သင်၏အမှုကိုမစီရင်၊ သွားလော့၊ နောက် တစ်ဖန်ဒုစရိုက်ကိုမပြုနှင့်" ဟု မိန့်တော်မူ၏။

"လောကီသားတို့အား အပြစ်စီရင်ခြင်းငှာ ဘုရားသခင်သည် သားတော်ကို ဤလောကသို့စေလွှတ်တော်မူသည်မဟုတ်၊ လောကီ သားတို့သည် ကိုယ်တော်အားဖြင့် ကယ်တင်ခြင်းသို့ရောက်မည် အကြောင်း စေလွှတ်တော်မူ၏။" (ယောဟန် ၃း၁၇)။ "သားတော်ကို ယုံကြည်သောသူသည် အပြစ်စီရင်ခြင်းကို မခံရ" (ယောဟန် ၃း၁၈)။

"မေမေတော့မထင်ဘူး"––– ကျွန်ုပ်၏မိခင်က ဘိုးဘိုး၏ နာရီကို ကျောင်းသို့ယူသွားရန် ခွင့်မပြုချင်ခဲ့ပါ။

"ဟေး––– ကျွန်တော်အခု (၁၄) နှစ်ပြည့်ပြီ။ ကျွန်တော် နားလည်တယ်" နာရီကို ကျွန်ုပ်ယူသွားခဲ့၏။

ရုတ်တရက်ဘေးဒုက္ခကျရောက်လာသောအခါတွင်မူ ထိုထက် နာကျင်မှုကို မပြုစေနိုင်တော့သည့် ကမ္ဘာပေါ်ရှိ တန်ဖိုးအရှိဆုံးသော အရာတစ်ခုကို ကျွန်ုပ်ဖျက်ဆီးပစ်မိပြီဟု ခံစားခဲ့ရပါသည်။ သို့သော် ပြန်လည်ပြုပြင်ပြီးသောအခါ သက်သာရာရခဲ့၏။ လောက၌ တိုင်းတာ ၍မရအောင် ရွှေနာရီထက်များစွာတန်ဖိုးရှိသော အရာများရှိလျက် ၎င်းတို့ကိုဖျက်ဆီးမိခြင်းအတွက် ကျွန်ုပ်တွေးဆနိုင်သည်ထက်ပင် ထိခိုက်နာကျင်စေမည်ဖြစ်သည်။ သို့သော် နေရာမှန်သို့ ပြန်လည် ရောက်စေနိုင်သေးသည့် မျှော်လင့်ခြင်းအတွက် ဖြေသာနိုင်ပါသည်။

ထိုနေ့က ကျွန်ုပ်ပျက်စီးစေခဲ့သော ဘိုးဘိုး၏နာရီကို ပြန်လည် ပြုပြင်နိုင်ခွင့်ရခဲ့၏။ နောင်သတင်းပတ်အနည်းငယ်တွင် ယခင်ကကဲ့သို့ အချိန်မှန်မှန်ပြန်၍ လည်ပတ်မြဲဖြစ်ကာ ယနေ့ထက်တိုင် ကျွန်ုပ်၏ လယ်ဝယ်ထားရှိပိုင်ခွင့်ရပေသည်။

သတ္တမပညတ်ချက်အတွက် ဘုရားသခင်၏ဂုဏ်တော်ကို ချီးမွမ်းပါသည်။ ဆိုးရွားသောဘေးအန္တရာယ်နှင့် ကင်းလွတ်ရန် လုံလောက်သောသတိပေးချက်ဖြင့် ကျွန်ုပ်တို့အား ချစ်ကြောင်း၊ ဂရုစိုက် ကြောင်းကို ဖော်ပြပေသည်။ ထိုခွင့်လွှတ်ခြင်းနှင့် မူလအခြေအနေသို့ ပြန်လည်တည်မြဲစေခြင်းကို လူတိုင်းအခမဲ့မရရှိနိုင်ခြင်းသည် ဘုရားသခင်၏ကျေးဇူးတော်ပင်ဖြစ်ပေသည်။

–ဝ–

# အကျိုးမရှိသည့်တစ်စုံတစ်ခုသောအရာ

အဌမပညတ်ချက်

*"သူ့ဥစ္စာကိုမခိုးနှင့်။" (ထွက်မြောက်ရာကျမ်း ၂၀း၁၅။)*

ပြတင်းပေါက်မှာလူတစ်ယောက်၊

အထိတလန့်ထွက်ပေါ်လာသော ဇနီးသည်၏စကားသံကြောင့် အိပ်ရာမှကျွန်ုပ်တုံ့ခနဲလန့်နိုးလာခဲ့၏။ ကျွန်ုပ်တို့၏သားဒေးဗစ်နှင့်အတူ အားလပ်ရက်၌ မက္ကဆီကိုမြို့တွင် ခေတ္တလာရောက်နေခဲ့စဉ်က ဖြစ်သည်။ သာယာသောထိုနေ့ညနေချမ်း၌ ပြတင်းတံခါးကိုဖွင့်လျက် လေညင်းခံရင်း အိပ်ရာသို့ဝင်ခဲ့၏။ အတွင်းခြံဝင်းထဲမှ အိမ်၏တတိယ အထပ်တွင်ဖြစ်သောကြောင့် ပြတင်းပေါက်ကို ဖွင့်ထားခြင်းသည် အမှန်တော့ လုံခြုံသည်ဟုထင်ခဲ့ပါသည်။

ဝေဝါးနေသောအရိပ်ကို စက္ကန့်အတန်ကြာအောင် စိုက်ကြည့်ခဲ့၏။ ညမိုးချုပ်ပြီမို့မသဲကွဲပါ။ ဘာများပါလိမ့်။ တကယ့်လူပဲလား။ စိတ်ထင်သာဖြစ်ပါလိမ့်မည်။ သေချာအောင်လို့ရှသ်အန်းနှင့်စကား အနည်းငယ်ပြောကြည့်လိုက်ရာတွင် ထိုအရိပ်က အနည်းငယ်လှုပ်ရှား လာ၏။ တကယ့်လူတစ်ယောက်ပါကလား။ အခန်းထဲဝင်လာဖို့သေချာ၏။

ရှေ့သို့မဆက်မီ ခေတ္တရပ်ထားကာ မေးခွန်းတစ်ခုမေးချင်ပါသည်။ ထိုသူဘာကိုလိုချင်သည်ဟု သင်ထင်ပါသနည်း။

ရယ်စရာကောင်းသောမေးခွန်းဟု သင်ထင်ကောင်းထင်လိမ့်မည်။ ကျွန်ုပ်တို့၏ပိုင်ဆိုင်ပစ္စည်းတချို့ကြောင့် ကျွန်ုပ်တို့ကိုသက်သာစေပါမည်လား။ ခိုးမှုနှင့်ပတ်သက်သောအဓိပ္ပါယ်ကို ပို၍နားလည်ရန်မေးခြင်းဖြစ်ပါသည်။

ခိုးယူခြင်းနှင့်ပတ်သက်သောစာရင်းတချို့ကို ဖော်ပြပါသည်။ ပြတင်းပေါက်မှလူနှင့်ဆက်စပ်သောအချက်များ၊ ၎င်း၏ကြံစည်ရည်ရွယ်ချက်ရှိသည့် စိတ်နေသဘောထားများကို ဖော်ပြသည်။

(၁) ခိုးယူခြင်း (theft)–ပိုင်ရှင်၏ခွင့်ပြုချက်မပါဘဲ တစ်စုံတစ်ခုကို ယူလိုက်ခြင်း၊ ခေတ္တငှားရမ်းထားသောအရာကို ပြန်မပေးဘဲ ယူထားခြင်းမျိုးဖြစ်သည်။

(၂) တရားမဝင်ကူးယူခြင်း (illegal copying)– စာမူ၊ ပန်းချီနှင့် ပုံနှိပ်ထုတ်ဝေမှုတို့တွင် တရားမဝင်ကူးယူခြင်း၊ မူရင်းကိုအသိအမှတ်ပြုခြင်းဖြင့် နေရာမှန်မပေးခြင်း။

(၃) သူတစ်ပါး၏အတွေးအခေါ်၊ စကားလုံးကိုခိုးချခြင်း (plagiarism) –သူတစ်ပါး၏လုပ်ဆောင်ချက်ကို မိမိ၏ကိုယ်ပိုင်လုပ်ဆောင်ချက်အဖြစ် အမြတ်ထုတ်ခြင်း။

(၄) အလိမ်သတင်း (information manipulation) ကိုယ်ကျိုးအမြတ်ထုတ်မှုအတွက် အမှန်တသင်းကို လျှော့ပြောခြင်း၊ ချဲ့ကားပိုပြောခြင်း (သို့မဟုတ်) လိမ်လည်ပြီး အမှားပြောခြင်း၊ ကလိန်ကျခြင်း။

(၅) အသရေဖျက်ခြင်း (slander, defamation ) သူတစ်ပါး၏ကျော်ကြားမှု၊ နာမည်ကောင်းနှင့် ဂုဏ်သတင်းကို အတားအဆီးပြုခြင်း၊ မမှန်ကန်သောစွဲဆိုချက်နှင့် အဆိုပြုခြင်းများဖြင့် သူတစ်ပါးလုပ်ငန်းကို ထိခိုက်နစ်နာစေခြင်း။

(၆) အားထုတ်မှုနည်းခြင်း (slacking off on the job)– အလုပ်တွင်ပျင်းရိခြင်း၊ လုပ်နိုင်သည်ထက် လျှော့၍လုပ်ခြင်း၊ အလုပ်သို့နောက်ကျရောက်ပြီး စောပြန်ခြင်း။

(၇) ဖြုန်းတီးခြင်း (waste) – သူတစ်ပါး၏အချိန်နှင့် ဥစ္စာများကို အလဟဿဖြစ်အောင် မှားယွင်းစွာအသုံးပြုခြင်း။

(၈) ဂရုမစိုက်ခြင်း (carelessness) – သူတစ်ပါး အကျိုးယုတ်စေရန် မိမိ၌တာဝန်မရှိသကဲ့သို့လျစ်လျူရှုခြင်း။

(၉) ဈေးပိုတင်ခြင်း (overcharging)– အမြတ်ကြီး စားခြင်း၊ ဝယ်ယူသူမှာရွေးစရာမရှိသောကြောင့် အခွင့်အရေးယူခြင်း။

(၁၀) တန်ဖိုးလျှော့ခြင်း (underpayment)– ဈေးနှိမ့် ခြင်း၊ ကိုယ့်အမြတ်အတွက် သူတစ်ပါး၏ပစ္စည်းကိုတန်ဖိုးလျှော့ပေး ဝယ်ယူခြင်း၊ သူတစ်းပါးအခက်အခဲရောက်၍ အရဲစွန့်ရချိန်တွင် လုပ်အားခလျှော့ပေးပြီး အလုပ်ခိုင်းခြင်း။

(၁၁) ကလေးများအားအလွဲပြုမှုခြင်း (abuse or neglect of children)– ကလေးများအား ပုံမှန်ဂရုမစိုက်သောမိဘများသည် ကလေးများ၏အခွင့်အရေးကို ခိုးယူခြင်းမည်၏။

(၁၂) အိမ်ထောင်ရေးသစ္စာဖေါက်ဖျက်မှု (marital unfaithfulness )– အိမ်ထောင်သည်တစ်ဦးအနေဖြင့် ထိမ်းမြားခြင်းဆိုင်ရာ ကတိသစ္စာအားဖြင့်တည်သော မိမိ၏အိမ်ထောင်ဖက်အပေါ် ကာမ ဆိုင်ရာကျေနပ်မှု၊ စီးပွားရေးပံ့ပိုးမှု၊ ကလေးများအား ပညာပေးမှုစသည့် ဝတ္တရားများပျက်ကွက်ခြင်း၊ အဆိုးဆုံးလုပယူမှုဖြစ်သောမတရားသော မေထုန်မှီဝဲခြင်း၊ သူတစ်ပါးနှင့်ဆိုင်၍ ကိုယ့်ရပိုင်ခွင့်မဟုတ်သော အရာကို ယူခြင်းဖြစ်သည်။

(၁၃) ပြန်ပေးဆွဲခြင်း၊ ကျွန်ပြုခြင်း၊ မှားယွင်းသောထောင်ချခြင်း (Kidnapping, Slavery, wrongful imprisonment)– တရားဟောရာကျမ်း ၂၄း၇။ UN ၏စာရင်းအရ ကမ္ဘာအနှံ့၏ နယ်စပ်များတွင် ဖြတ်သန်းသွားသောလူမှောင်ခိုမှုသည် နှစ်စဉ် ၆ သိန်း မှ ၈ သိန်းအထိ (အများအားဖြင့် အမျိုးသမီးများနှင့်ကလေးများ) ရှိသည်ဟုဆို၏။ မှားယွင်းစွာထောင်ချမှုများလည်း ပါဝင်နိုင်ပါသည်။

(၁၄) ဆယ်ဖို့တစ်ဖို့မပေးဘဲ ထားရှိခြင်း (withholding tithe)– ဝမ်းမြောက်ဖွယ်သတင်းစကားကို အများကြားနာခွင့်နှင့် မိမိအသက်တာ၏ငြိမ်သက်ခြင်း၊ မျှော်လင့်ခြင်းနှင့် သာယာကို ဆုံးရှုံးစေသည်။ ဆယ်ဖို့တစ်ဖို့ကို သစ္စာရှိစွာပြန်အပ်ခြင်းဖြင့် သူတစ်ပါးထံသို့ ဘုရားရှင်၏မေတ္တာသတင်းစကားကို ရောက်စေနိုင်ပါသည်။ (မာလခိ ၃း၈)။

အခြားသောခိုးယူမှုမျိုးလည်း ရှိပါလိမ့်ဦးမည်။

နောက်တစ်ဖန် ပြန်၍မေးပါရစေ မဏ္ဍဆီကိုမြို့တော်မှာရှိခဲ့စဉ်က ကျွန်ုပ်တို့၏ပြတင်းပေါက်မှ တိတ်ဆိတ်ဝင်လာခဲ့သော ထိုသူခိုးသည် ဘာကိုလိုချင်ခဲ့ပါသနည်း။

အထက်ပါစာရင်း၌ လိုလားသူများနှင့် တစ်ထပ်တည်းပင်ဖြစ်ပေလိမ့်မည်။ မပေးသောအရာကို ရယူခြင်း၊ ရပိုင်ခွင့်မရှိသောကြောင့် ၎င်းတို့၏ဥစ္စာမဟုတ်သောအရာကို ရယူခြင်းဖြစ်သည်။ ထို့ကြောင့် ပြတင်းပေါက်မှထိုသူခိုးသည် အချည်းနှီးသော (ဘာမှမဟုတ်သော) အရာကို ရယူလိုက်ခြင်းသာဖြစ်ပါသည်။

## ချွေးကိုအရင်းပြုလျက်

ခိုးယူခြင်း၏ဆန့်ကျင်ဘက်ဖြစ်သော ပထမဦးဆုံးကျမ်း သက်သေစည်းမျဉ်းကို ကမ္ဘာဦးကျမ်း ၃း၁၉ တွင် "သင်၏မျက်နှာမှ ချွေးထွက်လျက် အစာကိုစားရမည်" ဟု ဖော်ပြထားပါသည်။ ရှင်ပေါလုကလည်း "ခိုးတတ်သောသူသည် နောက်တစ်ဖန်မခိုးဘဲ ဆင်းရဲသောသူအား ပေးကမ်းဝေငှရန်ရှိစေခြင်းငှါ၊ မိမိလက်နှင့် ကောင်းသောအလုပ်ကို လုပ်ဆောင်အားထုတ်စေ" ဟု ဆုံးမခဲ့ပေသည်။ (ဧဖက် ၄း၂၈)။

ခိုးယူခြင်းနှင့်ပတ်သက်၍ ထိုကျမ်းချက်တွင် နှစ်ပိုင်းခွဲပြီး ပြဋ္ဌာန်းထားသည်ကိုတွေ့ရ၏။ ပထမအပိုင်းမှာ မိမိကိုယ်ကိုထောက်မရန်ဖြစ်သည်။ "ခိုးတတ်သောသူသည် မိမိလက်နှင့် ကောင်းသောအလုပ်ကို လုပ်ဆောင်အားထုတ်စေ" ရလိုသည့်အရာအတွက် တန်ရာကို ပေးဆပ်ရမည်ဟု ဆိုလို၏။

၁၆ ရာစုပြုပြင်ပြောင်းလဲရေးသည် ပြင်းထန်သောဘာသာရေး အတွေးအခေါ်ဆိုင်ရာ လှုပ်ရှားမှုကြီးဖြစ်သည်။ ဥရောပအဆောက်အအုံကို လှုပ်ခါစေခဲ့သော လူမှုရေးဆိုင်ရာပြောင်းလဲမှုကြီးတစ်ရပ်လည်း ဖြစ်ပေသည်။ လူသားတိုင်း၏နှလုံးသားကိုတို့ထိလျက် အတွေးအခေါ်ကိုပြောင်းလဲစေခြင်းတွင် ဘာသာရေးကို ဆန့်ကျင်နေကြသူများသို့ပင် အကျိုးသက်ရောက်ပေသည်။

ဂျွန်ခဲလ်ဗင်း၏အုပ်ချုပ်မှုအောက်တွင် ရှိသောဂျင်နီဗာမြို့ရှိ လူတို့၏အသက်တာကို ပြုပြင်ပြောင်းလဲရေးစိတ်ဓါတ်နှင့် အတွေးအခေါ်အတွက် စံနမူနာထားလောက်သည်။ ပြုပြင်ပြောင်းလဲမှုကြီး (Reformation) က ရှေ့ဆက်လာသည်အလျောက် စစ်ဆေးညှဉ်းပန်းမှု

မီလျှံလည်း တက်လာသည်ဖြစ်ရာ ဂျင်နီဗာမြို့လည်း ဒုက္ခသည်များ စုဝေးရာအရပ်ဖြစ်လာတော့၏။ အများအားဖြင့် ဗလာကျင်းနှင့် ရောက်လာကြ၏။ သို့သော် ဂျင်နီဗာမြို့က ၎င်းတို့ကို စောင့်ရှောက်ထားသည်။ အုပ်စုအဖွဲ့မှမဟုတ်သော သီးခြားတချို့လည်း အသက်ကြီးသူအိုမင်းမစွမ်းများနှင့် အစွန့်ပစ်ခံများဖြစ်ကြရာ ၎င်းတို့အတွက်ကိုလည်း ဂျင်နီဗာက စီမံပေးရပေသည်။ မြို့ကိုရပ်ကွက်အလိုက်ခွဲပြီး အသင်းထောက်များက ဆင်းရဲချို့တဲ့သူများစာရင်းကို ပြုစေသည်။ ထပ်ဆင့်၍ ၎င်းတို့၏လိုအပ်ချက်များအတွက် အတိုးမရှိချေးငွေပေးခြင်းနှင့် ၎င်းတို့၏ကလေးများအတွက် အခြေခံပညာသင် စရိတ်အလွတ်စီစဉ်ပေးသည်။

သို့သော် ဆင်းရဲခြင်းအတွက် ထိုသို့စီစဉ်ပေးသောအခါမှာ ပျင်းရိသောသဘောကဝင်လာ၏။ ထို့ကြောင့် ခဲလ်ဗင်းက အလုပ်လုပ်ခြင်း၏ဂုဏ်သိက္ခာကို မြှင့်တင်ပေးရ၏။ အလုပ်ကြိုးစားလုပ်ဆောင်သူထံမှ အလုပ်မလုပ်သောသူက ခံစားခွင့်ကိုမူ သူလုံးဝအားမပေးချ။ ဆာလံကျမ်း ၁၂၈း၂ ကိုလက်စွဲပြုဟန်ရှိသည်။ "သင်သည် မိမိလက်နှင့်လုပ်ဆောင်၍ ရသောအစာကို စားရလိမ့်မည်။ မင်္ဂလာရှိ၍ ကောင်းစားလိမ့်မည်။" ထို့အတူ သုတ္တံကျမ်း ၁၀း၄ မှ "ပျင်းရိသောသူသည် ဆင်းရဲခြင်း၊ လုံ့လဝီရိယရှိသောသူသည် ကြွယ်ဝခြင်းသို့ရောက်တတ်၏" ဟူသောအဆို၌လည်းတည်၏။

သမ္မာကျမ်းကိုအခြေပြုသောခဲလ်ဗင်း၏စည်းမျဉ်းကို အစိုးရက လက်တွေ့အသုံးချသည်နှင့် နှစ်အနည်းငယ်အတွင်းမှာ ဂျင်နီဗာသည် ဥရောပ၏အကြွယ်ဝဆုံးမြို့ဖြစ်လာခဲ့၏။ အိမ်ရာပိုင်ဆိုင်သူများအားလည်း မိမိတို့၏အိမ်ခြံရှေ့လမ်းများကို ရှင်းလင်းစေကြသောကြောင့် အသန့်ရှင်းဆုံးနှင့် ကျန်းမာရေးအကောင်းဆုံးသော အခြေအနေသို့

ရောက်ခဲ့၏။ ထို့ကြောင့်လည်း ထိုပတ်ဝန်းကျင်၌ ခိုးဆိုမှု၊ အဓမ္မ အမှုများကို မကြားခဲ့ရသည်မှာ အံ့သြစရာမရှိပါ။

ကောင်းချီးခံစားရန် ဈေးကိုအရင်းပြုရမည့်အပိုင်းကို ဘုရားသခင်က စီမံပေးခဲ့ခြင်းပင်ဖြစ်သည်။ စိတ်ဖိစီးမှုမှလွတ်ကင်းရန် ခန္ဓာအတွက်အသက်ရှည်ရာ အနာမဲ့ကြောင်းနှင့် စိတ်ပိုင်း၌ စီစဉ်တကျ ရှိလျက် အေးချမ်းသာယာမှုရရန်အတွက်ပင်ဖြစ်ပေသည်။

## "သွားခွင့်ပြုပါဦးခင်ဗျား"

မက္ကဆီကို၌ ဆုံဆည်းခဲ့ရသော ထိုသူခိုး၏အတွေးအခေါ်ကို ကျွန်ုပ်လိုက်၍မမီခဲ့။ ကျွန်ုပ်အသံခပ်မာမာဖြင့် ၎င်းအားစကားပြောပြီး နောက် ခဏအကြာတွင် အင်္ဂလိပ်စကားဖြင့် အလွန်ယဉ်ကျေးစွာ ပြောလိုက်သည်မှာ "ကျေးဇူးပြု၍ သွားခွင့်ပြုပါဦးခင်ဗျာ" တဲ့။ ထို့နောက် သတိနှင့် ပိုက်လုံးကိုဖက်တွယ်လျက် အောက်သို့ဆင်းသွားတော့၏။

အံ့သြစရာတော့အကောင်းသား။ အင်္ဂလိပ်စကားပြောနိုင်သည့် မက္ကဆီကန်တော့ ခပ်ရှားရှားပင်။ ဖြစ်နိုင်သည်က ထိုကဲ့သို့လုပ်စားနေကျ သူများမှာ သိပ်တော့မခေလှ။ ၎င်းတို့က မိမိတို့ကိုယ်ကို ကျွန်ုပ်တို့ များထက်ပင် စမတ်ကျသည်ဟု ထင်တတ်ကြသေးသည်။ သိပ်အား မစိုက်ရဘဲ ငွေများများရနိုင်ပါလျက်နှင့် အဘယ်ကြောင့် ဝင်ငွေနည်း သောအလုပ်အတွက် အချိန်ကုန်ခံရသနည်း။

သင့်သောမေးခွန်းတစ်ခုဖြစ်သည်။ ထိုထက်အနည်းငယ် ချဲ့လျှင် ၅ မိနစ်အတွင်း အင်တာနက်မှရနိုင်သည့် အချက်အလက် များအတွက် နာရီများဖြင့် ကျွန်ခံဦးမည်လော။ ထိုက်သင့်သော အဖိုးအခကိုမရသောကြောင့် ကျွန်ုပ်ခို၍၊ လျော့၍လုပ်မည်။ အလုပ်ချိန်

မှတ်တမ်း၌ နည်းနည်းပိုတင်မည်။ စမတ် (smart) ကျသည့် လူလည်းများလုပ်နေကျအလုပ် မဟုတ်ပါလား။ လူမှုဖူလုံရေးစာရင်း နှစ်နေရာတွင် နာမည်ပါသောသူတစ်ဦးက ၎င်းသည် နေ့စဉ်နံနက် ၉ နာရီတွင် အလုပ်တက်ရသောသူများထက် ပို၍ပင်သက်သာပြီး အဆင်ပြေသေးသည်ဟု ကြွား၍ပြောဖူးပါသည်။

## လူတစ်ယောက်၏အဆိုးဆုံးသောနေ့

သောမတ်(စ်)ဂျက်ဖာဆင်၌ ထူးခြားသောအတွေးအခေါ် တစ်ခုရှိခဲ့၏။ "လူတစ်ယောက်ရဲ့အဆိုးဆုံးနေ့ဟာ အရင်းမစိုက်ရဘဲ အမြတ်ရဖို့ ထိုင်ပြီး စီစဉ်နေတဲ့နေ့တစ်နေ့ပဲဖြစ်တယ်" ဟု သူကဆို၏။ ဂျက်ဖာဆင်က သူခိုးထွင်းဖောက်မှုကြောင့် ပျက်စီးသွားနိုင်သည့်အပိုင်း ကို ပြောခြင်းမဟုတ်ဘဲ ထိုသို့တပ်မက်သူ၏အပေါ်သို့ ကျရောက်မည့် ပျက်စီးဆုံးရှုံးမှုကိုဆိုပါသည်။ အဋ္ဌမပညတ်ချက်၏သတိပေးချက် အတွက် အရေးပါသောအထောက်အထားတစ်ခုဖြစ်သည်။

လူလည်များသည် အလွယ်လိုက်ရင်း အန္တရာယ်များသော ကုန်သွယ်မှုများကို ပြုတတ်ကြသည်။ ၎င်းတို့၏ဂုဏ်သိက္ခာတန်ဖိုးနှင့် အများလေးစားမှုကိုပင် အသပြာနှင့်လဲလှယ်သည်အထိဖြစ်သည်။ အမှန် တကယ် သူတို့ဘာရရှိသွားသနည်း။

(၁) မရိုးသားမှုသည် ကျွန်ုပ်တို့၏ကိုယ်ပိုင်စိတ်ကျေနပ်မှုနှင့် မိမိ ကိုယ်ကိုလေးစားသည့်အသိတရားကို ပျက်ပြားစေသည်။ မရိုးသားမှု ကို အခြားသူမသိအောင်ပြုနိုင်သော်လည်း မိမိကိုယ်ကိုမိမိကွယ်ဝှက်၍ တော့မရနိုင်ပါ။ မှန်သောအကျိုးနှင့် စုံလင်သောဝမ်းမြောက်ခြင်းကို မိမိကိုယ်တိုင်ကောင်းမွန်ကျေပွန်စွာ ပြီးမြောက်အောင်မြင်စေနိုင်ခြင်းမှ ရရှိပါသည်။

(၂) အရင်းမစိုက်သောအမြတ်၏သဘောသည် စာရိတ္တကိုညှို့ဖျင်းကျဆင်းစေပါသည်။ ဆိုးရွားသောစိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုတိုင်အောင် နိမ့်ဆင်းသွားစေသော စွဲစေတတ်သည့် သဘောမျိုးဖြစ်သည်။ လောင်းကစားမှုနှင့် အလစ်သုတ်မှုကိုလိုက်စားခြင်းသည် သန်းပေါင်းများစွာသောအသက်တာကို ဖျက်ဆီးလျက်ရှိသည်။ ကာမဆိုင်ရာစွဲလမ်းမှုနှင့် အလုပ်၌သာ အာရုံစွဲလမ်းနေမှုတို့သည်လည်း ထိုသဘောနှင့်နီးကပ်စွာဆက်စပ်လျက် ၎င်းမှလွန်မြောက်ရန် ခက်ခဲလှ၏။ ထိုသို့မရိုးသားသောသဘောကိုကျင့်သုံးကြောင်း အများကပြောလာသည့်အခါဖြစ်စေ၊ လျစ်လျူရှုခံရသည့်အခါမှာဖြစ်စေ၊ မိမိကိုယ်ကိုသော်လည်းကောင်း၊ သူတစ်ပါးအားသော်လည်းကောင်း ဆိုးရွားသောဖျက်ဆီးခြင်းကို ပြုစေနိုင်သည်။

(၃) ထို "အကျိုးမရှိသည့်တစ်စုံတစ်ခုသောအရာ" ဝါဒသည် အခြားသူများနှင့်ဆက်ဆံရေးအခြေအနေကို နိမ့်ကျစေသည်။ သူတစ်ပါး၏အကုန်အကျ၌သာခံယူခြင်းသည် သူ့အကျိုးကိုထုတ်ယူ (နုတ်ယူ) ခြင်းဖြစ်သောကြောင့် ကိုယ့်ကိုသူနှင့်ဆန့်ကျင်သော အတိုက်အခံဖြစ်စေသည်။ ထိုထက်မက မရိုးသားသောအပြုအမူ၏နောက်တွင် ဂုဏ်သိက္ခာကင်းမဲ့စေပြီး ကိုယ်ပြုသလို သူပြုလေဦးမည်ဆိုသောအသိဖြင့် သိမ်ငယ်ရတော့မည်ဖြစ်သည်။

## မေတ္တာကိုအရင်းပြုလျက်

ကျမ်းစာကိုအခြေခံသော ပြဋ္ဌာန်းချက်၏ပထမအပိုင်းမှာ မရိုးသားမှုကိုဖယ်ရှားသည့် ကိုယ်ထူကိုယ်ထစနစ်ဖြစ်ပြီး ဒုတိယအပိုင်းမှာမူ စေတနာထက်သန်ခြင်းပင်ဖြစ်သည်။ ကျမ်းချက်၌ပြောထား

သည့်အပိုင်း "မိမိလက်နှင့်ကောင်းသောအလုပ်ကို လုပ်ဆောင်အားထုတ်စေ။ ဆင်းရဲသောသူအား ပေးကမ်းဝေငှရန်ရှိစေခြင်းငှာ" (ဧဖက် ၄း၂၈) ဟု လာ၏။

ခိုးယူခြင်း၏ဆန့်ကျင်ဘက်ကား ပေးကမ်းခြင်းဖြစ်၏။ ဘက်မလိုက်သောဆက်ဆံရေး၊ တစ်စုံတစ်ရာပြန်ရဖို့မျှော်လင့်မထားဘဲ မေတ္တာဖြင့် ပေးဝေခြင်းသာဖြစ်၏။

သခင်ယေရှု၏ကောင်းသောရှမာရိပုံပြင်သည် ဤစည်းမျဉ်းအတွက် ပြည့်စုံသောနမူနာဖြစ်၏။ ဓားပြက ထိုခရီးသွားကို တိုက်ခိုက်ပြီး ရှိသမျှကိုယူသွား၏။ လမ်းဘေးသို့ပစ်ထားခြင်းတွင် အသက်ပင်သေသွားပြီဟု ထင်ထားပုံပေါက်၏။ (လုကာ ၁၀း၃၀–၃၆)။

ကောင်းသောရှမာရိ၏သဘော ဆန့်ကျင်ဘက်၌ရှိ၏။ သူခိုးဓားပြများကယူသွားသည်ကို ထိုသူကပေး၏။ အခြေအနေက ပြောင်းပြန်လှည့်ပြီး သူ့အတွက် အန္တရာယ်ရှိနိုင်သည်ကို သူဂရုမစိုက်၊ လူနာက သူ့အား အန္တရာယ်မပြုနိုင်၊ ထို့အပြင် ၎င်းထံမှပြန်ရမည့်အရာဘာတစ်စုံတစ်ခုကိုမျှ မျှော်လင့်စရာမရှိနိုင်ကြောင်းကို သူသိ၏။ သို့သော် လိုအပ်သည်ကိုသူဖြည့်ဆည်းပေးခဲ့၏။ မေတ္တာကြောင့်ဖြစ်၏။ သူချစ်သောကြောင့် သူပေးခဲ့ပါသည်။

ခိုးယူခြင်းသည် တစ်ကိုယ်ကောင်းစိတ်ကို ဖော်ပြခြင်းသာမဟုတ်ဘဲ ရိုင်းပျမှုကို တဲ့တိုးဖော်ပြခြင်းဖြစ်၏။ ထိုသို့ခိုးခြင်းက ယူသော်လည်း ချစ်ခြင်းကပေး၏။ ချစ်ခြင်းသည် တစ်ကိုယ်ကောင်းကို ကုသရာဖြစ်၏။ ချစ်ခြင်းသည် ချစ်ခြင်းခံရသူ၏တစ်ကိုယ်ကောင်းစိတ်ကို မကုသပေးနိုင်သော်လည်း ချစ်သောသူ (ပြုသောသူ) အတွက် တကယ်ကုသရာဆေးဖြစ်ပါသည်။

မေတ္တာမပါသောချေး (မေတ္တာကြောင့်မဟုတ်ဘဲ ရခဲ့သည်ကို တုံ့ပြန်ခြင်း) သည် အမှန်ပြည့်ဝသောကုသခြင်းမဟုတ်ပါ။ အရနှင့်ယှဉ်သောအပေးသည် သူများ၏စိတ်သဘောမှာသာ မူတည်ပြီး ကိုယ့်စိတ်ကိုယ်မပိုင်သောကြောင့် ကျွန်ုပ်တို့မှာ လောဘနှင့်ဒေါသကိုသာ တွယ်ဖက်ရရှိသေး၏။ ထို့ကြောင့် ကျွန်ုပ်တို့၏ကိုယ်ပိုင်အားထုတ်မှုနှင့် စိတ်ရင်းတွင် သူတစ်ပါးကိုပြုစုစေသော သနားစုံမက်ခြင်းနှင့်ဘက်မလိုက်သောမေတ္တာပါရှိရာမည်ဖြစ်သည်။ ရှင်ပေါလုပြောသော "မိမိလက်နှင့် (ဆင်းရဲသောသူ) အား ပေးကမ်းရန်ရှိစေခြင်းငှာ ကောင်းသောအလုပ်ကို လုပ်ဆောင်အားထုတ်စေ" ကဲ့သို့ပင်ဖြစ်သည်။

## ဘုရားသခင်ထံမှအရင်းမစိုက်သောအမြတ်ကိုရယူလိုခြင်း

အရင်းမစိုက်ဘဲ အမြတ်ရလိုသောသဘောကို ဘုရားသခင်နှင့် ကျွန်ုပ်တို့၏ဆက်ဆံရေးတွင် ပါဝင်စေခြင်းသည် အကြီးမားဆုံး အန္တရာယ်မျိုးဖြစ်၏။ သမ္မာကျမ်းစာက ကယ်တင်ခြင်းသည် "အခမဲ့လက်ဆောင်" ဟုဆိုသောကြောင့် ဤအကြောင်းအရာနှင့်ပတ်သက်၍ ရှုပ်ထွေးသွားစေနိုင်သည်။ အကြောင်းမှာ "အခမဲ့လက်ဆောင်" ဆိုသောသတင်းစကားသည် ဝမ်းမြောက်ဖွယ်သတင်းစကား၏ အရေးပါဆုံးသော သတင်းစကားဖြစ်သောကြောင့်ပင်။ ကိုယ်၏ ကောင်းသောလုပ်ရပ်များဖြင့် မည်သူမျှကယ်တင်ခြင်းကို မရနိုင်။ ထိုအလုပ်က ဘယ်တော့မှမပေးနိုင်သည်မှာ မှန်ပါသည်။

သို့သော် တချို့သူများက ဤအချက်ကို ကောင်းသောလုပ်ဆောင်မှုများမလိုအပ်ဘူးဟု ဆိုလိုက်သောအခါ ဒုက္ခရောက်တော့သည်။ ပညတ်တော်၌ ကိုယ်ကြိုက်ရာကိုစောင့်ထိန်းပြီး ကျန်သော

အချက်များ ကျေးဇူးတော်ကြောင့်ပယ်လိုက်ပြီဆိုသော မီးဖိုချောင်စနစ် (ကြိုက်တာရွေးစား) မျိုးဖြစ်သည်။ ပညတ်တော်မှ (သို့မဟုတ်) သမ္မာကျမ်း၏အခြားအပိုင်းမှဖော်ပြသော ဘုရားသခင်၏စကားများကို ဆက်ခါဆက်ခါငြင်းဆန်နေရင်းနှင့်ပင် ကယ်တင်ခြင်းကို ရနိုင်သည်ဟု ကျွန်ုပ်တို့ပြောနိုင်ပါသလား။

ဂျွန်မက်အာသာက ချက်ကျလက်ကျ ဤသို့ဖြေ၏။ "ယနေ့ခေတ်စားနေသောဧဝံဂေလိသည် အပြစ်သားတို့အား မှားယွင်းသော မျှော်လင့်ခြင်းကို အကျယ်တဝင့်ဟောပြောနေသည်။ ဘုရားသခင်အား ပုန်ကန်သည့်အသက်တာဖြင့် ဆက်လက်နေထိုင်ရင်းနှင့်ပင် ကယ်တင်ခြင်းရနိုင်သည်ဟု ကတိပေးနေသည်။ သခင်ယေရှုအား မိမိ၏ကိုယ်ပိုင်သခင်အဖြစ် မခံယူတော့ဘဲ ကယ်တင်ရှင်အဖြစ်သော တောင်းဆိုရန် အမှန်တကယ်အားပေးနေသည်။ အမှန်တကယ်လိုအပ်သောအပြစ်ဒုစရိုက်မှ လွတ်မြောက်ရန်မဟုတ်ဘဲ ငရဲမှကယ်တင်ရန်သာ ကတိပေးနေသည်။ ကာမဂုဏ်ပျော်ပါးခြင်း၌ မြူးထူးနေကြသူများအား စိတ်ချလုံခြုံမှုအတုကိုပေးပြီး စင်ကြယ်ခြင်းလမ်းစဉ်ကို ပယ်ချနေသည်။ ယုံကြည်ခြင်းကို သစ္စာစောင့်ခြင်းနှင့် တခြားစီခွဲလိုက်ခြင်းအားဖြင့် ကိုယ့်အသိတရားက သမ္မာတရားကိုအပြည့်အဝနာခံသကဲ့သို့ ခိုင်မာသည်ဟု သွန်သင်နေပါသည်။"

ထိုသဘောကို ဆရာကြီး Dietrich Bonhoefffer က "အပေါစားကျေးဇူးတော်" "cheap grace " ဟုခေါ်ဆိုထားသည်။ အပေါစားကျေးဇူးတော်ဆိုသည်မှာ နောင်တမလိုသောခွင့်လွှတ်ခြင်း၊ အသင်းတော်စည်းမျဉ်းမပါသောနှစ်ခြင်းနှင့် ဝန်ချခြင်းမရှိသောပွဲတော်မင်္ဂလာတို့ကို အားပေးနေသောဩဝါဒများသာဖြစ်သည်။

အမှန်ကျေးဇူးတော်မှကား ဓမ္မဂေလိတရား၏ဗဟိုနှလုံးသား ဖြစ်ပါသည်။ ကိုယ်ရှိတဲ့အခြေအနေမှာ ခရစ်တော်ထံလာနိုင်ပါသည်။ ဘယ်အခြေအနေအတွက်မှ စောင့်နေစရာမလိုပါ။ မိမိ၏အမှတ်စာရင်းတွင် ခြစ်ထားသောအမှားများ၊ ကျရှုံးခြင်းမှတ်ချက်များနှင့် ပြည့်နှက်နေပါစေ၊ တွန့်ဆုတ်နေစရာမလိုပါ။ ထိုက်တန်စရာမရှိသော်လည်း ဓမ္မဂေလိတရားက "ရဲရင့်သောစိတ်" ဖြင့် အထံတော်သို့တိုးဝင်စေနိုင်ပါသည်။ (ဟေဗြဲ ၄း၁၆)။ သို့သော် ရဲရင့်စွာအပြစ်လုပ်နိုင်ခြင်းကိုတော့မဆိုလိုပါ။ ထိုအခြေအနေကို ရှင်ပေါလုသိထားသည်။ "ထိုသို့မှန်လျှင် အဘယ်သို့ပြောရမည်နည်း။ ကျေးဇူးတော်ပွားများစေခြင်းငှါ အပြစ်တရားကို ကျင့်၍နေရမည်လော။ ထိုသို့မနေရ---" ဟုပင်သူက သတိပေးထားခဲ့၏။ (ရောမ ၆း၁)။

အဖွင့်၌ဆိုခဲ့သည့် ကတိတစ်ခုကိုသတိရပါ။ အလွန်အရေးကြီးသော ဤအကြောင်းအရာအတွက် မျက်စိမှိတ်လက်ခံစရာမလိုပါ။ သို့သော် ကျစ်လျစ်ခိုင်မာစွာတည်ဆောက်ထားသောဥပဒေများကို သင်ကိုယ်တိုင်စမ်းသပ်မွေ့လျော်နိုင်ရန်သာဖြစ်ပေသည်။ သင်ကိုယ်တိုင် သက်ဝင်လိုက်လျှောက်ခြင်းဖြင့် ထူးသာယာစေမည်ဖြစ်သည်။ သင့်ကိုယ်ပိုင်ကမ္ဘာအတွက် သင်အစပြုပြီဟု ကျွန်ုပ်မျှော်လင့်ပါသည်။ သင်တကယ်ပြုမိပြီဆိုက ကျွန်ုပ်ပြောသမျှ သင်သိနှင့်ပြီဖြစ်မည်။ အကြောင်းမှာ အကျိုးသက်ရောက်မှုကာ လက်ငင်းနှင့်ထိရောက်ထက်မြက်ခြင်းတို့ကြောင့်ဖြစ်ပေသည်။

–ဝ–

# အသက်ထက်မြတ်သောတရား

## နဝမပညတ်

*"ကိုယ်နှင့်စပ်ဆိုင်သောသူတစ်ဖက်၌ မမှန်သော သက်သေကိုမခံနှင့်။" (ထွက်မြောက်ရာကျမ်း ၂၀း၁၆)။*

၁၇၈၀ ခုနှစ်လောက်က အရှေ့ယူနိုက်တက်စတိတ်၏ မီးရထားပို့ဆောင်ရေးလုပ်ငန်းမှ မန်နေဂျာတစ်ဦးသည် ၎င်းနှင့် အပြိုင်လုပ်ငန်းမှ ဧည့်သည်တစ်ဦးလာရောက်တွေ့ဆုံမှုကြောင့် အံ့အားသင့်လျက် ဒေါသလည်းထွက်ခဲ့ရ၏။

ထိုဧည့်သည်က နှစ်ဦးနှစ်ဘက်အတွက် အကျိုးရှိမည့် အကြောင်း၊ သို့သော် ကုမ္ပဏီတစ်ခုစီမှ အစွန်တော်ငွေသန်းနှင့်ချီပြီးတော့ ကုန်ကျနိုင်မည့်၊ နောက်ပိုင်းသူ့အတွက် အန္တရာယ်ရှိလာနိုင်မည့် မရိုးသားသောအကြံတစ်ခုကို ငွေမက်လုံးပေးပြီး လာရောက်တိုင်ပင် ဆွေးနွေး၏။

သူ၏စားပွဲခုံမှ နောက်သို့ဆုတ်လိုက်ပြီး မန်နေဂျာက ချက်ချင်းပဲ "ဆရာ၊ ဒီမှာဒီလိုအလုပ်မျိုးလုပ်ဖို့မဟုတ်ဘူး၊ Mr. Vanderbit (ပိုင်ရှင်) ကလည်းခွင့်ပြုမှာမဟုတ်ဘူး" ဟု ပြောလိုက်၏။

"ဒီကိစ္စကြောင့် သူ့ကိုထိခိုက်စေမှာမဟုတ်ပါဘူးဗျာ" ထိုသူက ပြန်ပြော၏။ "ကျွန်တော်ပြောပါကောလား၊ ခင်ဗျားအတွက် တန်တယ် ဆိုရင်တော့ ဒေါ်လာတစ်သောင်းပါ ငွေလွှဲလက်မှတ်ခင်ဗျားအတွက် ရှိပြီးသားဗျ။

"ဆောရီးပဲ" မန်နေဂျာက ခပ်ပြတ်ပြတ်ပြန်ဖြေလိုက်၏။ "ဒါတွေကျုပ်ကိုလာမပြောနဲ့။"

"အမ် ကျွန်တော်ပြောတာမှားသွားတယ်ဗျာ။ လက်မှတ်က ကျွန်တော်ပြောမိတဲ့ အမောင့်(တ်) ရဲ့နှစ်ဆဗျ" ထိုသူကထပ်ပြော၏။

ထိုနေရာမှာစီမံပိုင်သူကတော့ သူ၏တုံ့ပြန်မှုကို မှားယွင်းစေမည့်ထိုဧည့်သည်အား ခပ်လှမ်းလှမ်းမှနေ၍ ဒေါသဖြင့်ကြည့်နေ၏။ ထိုသူကလည်း ကမန်းကတန်းဖြင့် "ဘာပဲဖြစ်ဖြစ်ဗျာ၊ ဒေါ်လာ သုံးသောင်းလောက်ကတော့ သေချာပါတယ်" ဟု ထပ်ပြောပြန်၏။

"ဟေ့လူ၊ ကျုပ်အခန်းထဲကနေ အခုချက်ချင်းထွက်သွားဗျာ။ လူယုတ်၊ ခင်ဗျားကို ကျုပ်ဆွဲမထုတ်ခင်ထွက်သွားပါ" မာန်မဲလိုက်၏။

ထိုဧည့်သည်ထွက်ခွာသွားပြီးနောက် ထိုအရာအားလုံးကို ကြားခဲ့ပြီးသောမန်နေဂျာ၏အတွင်းရေးမှူးက အခန်းထဲသို့ဝင်လာပြီး "ဆရာ၊ ဆရာ့အစား ကျွန်တော်ဘယ်လောက်အားကျမိတာကို ဘယ်ကစပြောရမှန်းမသိဘူးဖြစ်နေတယ်" ဟု အတွင်းရေးမှူးက ပြော၏။

"ဒါတွေလာမပြောနဲ့" မန်နေဂျာက သူ့လက်ကိုဆွဲဆုပ်ကိုင်ရင်း ပြန်ပြော၏။ "ဒီလူကိုငါအမြန်ဆုံးဒီကနေထုတ်ပစ်လိုက်ပြီ။ ဒီလူငါ့ကို တန်ဖိုးဖြတ်နေတာကွ။"

ဘယ်လိုထင်ပါသလဲ။ ထိုအဖြစ်တွင် လူတစ်ယောက်ကို တန်ဖိုးဖြတ်၍ရသည်ဟု ဆိုလိုပါသလား။ တစ်နည်းဆိုရသော် သင်၏ ရိုးသားမှုသည် မည်မျှထိုက်တန်ပါသနည်း။ ဒေါ်လာသုံးထောင်ဖြင့် ရောင်းပစ်မည်လား။

ဒီတော့ ရိုးသားကြပါစို့ဟု ပြောပြောနေရကြသည်မဟုတ်ပါလား။ စင်စစ်အများသောသူတို့သည် မိမိတို့၏ရိုးသားမှုကို ဈေးပေါပေါနှင့်ရောင်းထုတ်နေကြသောကြောင့်တည်း။

## တို့အားလုံးလုပ်နေကျမဟုတ်လား

မုသားပြော (လိမ်ပြော) ခြင်းနှင့်ပတ်သက်၍---

- စိတ်ကသိကအောက်မဖြစ်အောင်သုံးခြင်း - "တကယ်စိတ်မကောင်းပါဘူး မစ္စစ်ဟင်လေရယ်၊ ကျွန်တော်တို့စက်နည်းနည်းချို့ယွင်းသွားလို့ ညကခင်ဗျားရဲ့အလုပ်မပြီးခဲ့ဘူး" (အမှန်တော့လုပ်ဖို့မေ့ခဲ့ခြင်း။)
- စိတ်ထိခိုက်သွားမှာစိုး၍သုံးခြင်း - "ပေးပို့လိုက်တဲ့နံပြားအချိုတွေအတွက် ကျေးဇူးပါပဲ၊ အရသာရှိလိုက်တာ" (အမှန်တော့တစ်ကိုက်ကလေးနှင့် အကုန်လွှင့်ပစ်ချင်ပါလျက်နှင့်။)
- ပိုက်ဆံချွေတာချင်လို့သုံးခြင်း - "အိုး၊ အခွန်ကောက်ဆရာကြီးရယ် ကျွန်တော်တို့ဘာမှဝယ်မလာပါဘူး" (ငွေပန်းကန်ပြားလေးများပါလာပါလျက်နှင့်။)
- အမှတ်ကောင်းကောင်းလိုချင်၍ မုသားသုံးခြင်း - ကျွန်တော်ပြုစုတဲ့စာတမ်းကပြီးသွားပါပြီဆရာကြီးရယ်၊ ညကလျှပ်စစ်မီးပြတ်တောက်သွားလို့ ကျွန်တော် save မလုပ်ခင်မှာ ပျက်သွားပါတယ်" (အမှန်တော့ "ခွေးစားပစ်တယ်" ဆိုသောစကားပုံအတိုင်း ဆင်ခြေပေးခြင်းသာ။)

ကောင်းပါပြီ၊ ရထားပို့ဆောင်ရေးလုပ်ငန်းကို ထိခိုက်စေမည့်လှည့်ဖြားခြင်းအကြောင်းကို ပြောနေသည်မဟုတ်လား။ ထိုကိစ္စကဖြစ်ခဲ့၏။ အသေးအဖွဲ့ကိစ္စမဟုတ်။ သို့သော် ယခုကိစ္စများက အပြစ်မပါသောလှည့်ပြောခြင်းသာဖြစ်သည်။ ကြီးကြီးကျယ်ကျယ်မဟုတ်ပါ။ မှန်ပါသလား။

အင်္ဂလီကန်ဘုန်တော်ကြီးတစ်ပါးဖြစ်သော Joseph Fletcher က အများလက်ခံကျင့်သုံးနေသော အစဉ်အလာလိမ်လည်မှုကို သာ၍ကျိုးကြောင်းဆီလျော်စေသော နီတိကျင့်ဝတ်တစ်ရပ်ဖြစ်သည့် Situation Ethic ကို ပုံသေနည်းတစ်ခုအနေဖြင့် ပြဋ္ဌာန်းခဲ့၏။ ထိုကျော်ကြားသောပုံသေနည်း၌ ဘုန်းတော်ကြီးက အခြေအနေပေါ်တွင်မူတည်ပြီး လုပ်လေသမျှသည်မှန်၏ဟု သွန်သင်ပါသည်။ အလွန်အမင်းဖြစ်သောလိမ်လည်မှုပင်လျှင် လိုရင်းစိတ်ထားကမှန်နေပါသော် အပြစ်ကင်း၏ဟု သူကဆိုပါသည်။

အဘယ်ကြောင့် ဤအတွေးအခေါ်သည် သန်းပေါင်းများစွာသောလူထုအား လွှမ်းမိုးထားသည်ကို လွယ်လွယ်လေးနားလည်နိုင်ပါသည်။ ထိုသို့ Fletcher ၏အယူအဆများကြောင့် လက်ခံနိုင်သည့်လူမှုရေးအတိုင်းအတာများထက်ပင် လှည့်ဖြားမှုများပြုလာကြ၏။ အများသောသူတို့က လိုအပ်သည်ဟုပင် မှတ်ယူကြသည်။

## လိမ်လည်မှုပြဿနာ

သမ္မာကျမ်းစာက ထိုကဲ့သို့စိတ်မချရသောကျင့်ဝတ်မျိုးကို ပြင်းပြင်းထန်ထန်ဆန့်ကျင်ပြောထားပါသည်။ ရှောလမုန်မင်းက “မုသားသုံးသောနှုတ်ခမ်းသည် ထာဝရဘုရားစက်ဆုပ်ရွံရှာတော်မူဖွယ်ရာဖြစ်၏” ဟု ပြောခဲ့ပါသည်။ (သုတ္တံ ၁၂း၂၂)။

ရှင်ပေါလုကလည်း လိမ်လည်ခြင်းသည် “မိဘကိုညှဉ်းဆဲသောသူ၊” “လူ့အသက်ကိုသတ်သောသူ၊” မတရားသောမေထုန်ကိုမှီဝဲသောသူ၊” “ပြန်ပေးဆွဲသောသူ” တို့နှင့်တစ်တန်းတည်းဖြစ်ကြောင်းဆိုထားပါသည် (၁တိ ၁း၉၊၁၀)။ ထို့အတူ ဗျာဒိတ် ၂၁း၂၇ တွင်လည်း

နိုင်ငံတော်အမွေခံထိုက်သူများတွင် "စက်ဆုပ်ဖွယ်သောအရာနှင့် သစ္စာပျက်သောအရာ (ကတိစကားမတည်ခြင်း) တစ်စုံတစ်ခုမျှမဝင်ရ" ဟုပ်ငတွေ့ရပါသည်။ သမ္မာကျမ်း၏အခြားအပိုဒ်ပေါင်းများစွာတွင်လည်း လိမ်လည်မှု (မုသားသုံးခြင်း) သည် ဆိုးဝါးသောလုပ်ဆောင်မှုများဖြစ်ကြောင်း ပဲ့တင်ထပ်နေအောင်ဆိုထားပါသည်။

**မဖြစ်လောက်သောအသေးအဖွဲများကြောင့်**

လိမ်လည်မှုအသေးအဖွဲက ဘယ်လောက်ဆိုးသလဲ။

ဘာကြောင့် သမ္မာကျမ်းစာက အမှန်တရားကိုပြောဖို့ အလေးအနက်ဆိုရတာလဲ။

အောက်ပါအကြောင်းအရာများကိုဆင်ခြင်ပါလေ။

၁။ **လိမ်လည်ခြင်းသည် တစ်ပါးသူ၏ လွတ်လပ်မှုနှင့် ဂုဏ်သိက္ခာကိုဖျက်ဆီး၏။** – လိမ္မာပါးနပ်စွာကိုင်တွယ်တတ်သောကြောင့် ဖြစ်သည်။ သူတစ်ပါးကိုလိမ်လည်လိုက်သောအခါ သင့်တင့်စွာရွေးချယ်တတ်မှု၊ မှန်ကန်စွာဆုံးဖြတ်တတ်မှုစသည့် ထိုသူ၏စွမ်းရည်ကိုထုတ်ယူရာရောက်၏။ မထီမဲ့မြင်ပြုသောသဘောဖြင့် သူတစ်ပါးကို အရူးလုပ်ကာ ကိုယ်အကျိုးအတွက် လိမ်ယူရာကျပါသည်။

၂။ **လိမ်လည်ခြင်းသည် ပြုသူ၏ကိုယ်ပိုင်လွတ်လပ်ခွင့်ကို ဆုံးရှုံးစေသည်။** – ၎င်းကိုယ်ပိုင်ဉာဏ်ဆင်ထားသောအရှုပ်အထွေးကွန်ရက်ထဲတွင် ၎င်းရှိနေရခြင်းကြောင့်ဖြစ်သည်။ အင်ဗရဟင်လင်ကွန်းက "အောင်မြင်သောလူလိမ်ဖြစ်ရန် မည်သူ၌မျှလုံလောက်သောမှတ်ဉာဏ်ကောင်းမရှိ" ဟုဆိုခဲ့ပါသည်။ အမှန်တရားပြောသူများ၌ မိမိကိုယ်တိုင်ဆင်ထားသောထောင်ချောက်

သို့ပြန်မကျအောင်သတိပြုနေစရာအကြောင်းမရှိ၊ သို့သော် လိမ်လည်သူများသည် အလျင်အမှားကို ကာကွယ်ရန် နောက်အမှားထပ်ပြုရသည့်သဘောကြောင့် ပိုလိမ်လေ ၎င်းအတွက် ထောင်ချောက်တွင်းက ပိုနက်လေဖြစ်သည်။

၃။ **လိမ်လည်ခြင်းသည် ယုံကြည်အားထားမှုကို ဖျက်ဆီး၏။** – လိမ်လည်မှုဆိုသည်မှာ ကြာကြာပြု၍ရသည်အရာမဟုတ်၊ အလိမ်ပေါ်လာသောအခါ မယုံကြည်မှုနှင့် မသင်္ကာမှုကို တိုးပွားစေသည်။ လူလိမ်ကိုမည်သူမျှမကိုးစား။ ထို့အတူ လူလိမ်လောက်သံသယရှိတတ်သူမရှိ။ ကိုယ်တိုင်လိမ်ညာတတ်သောသဘာဝဖြင့် သူတစ်ပါးကိုလည်း မယုံကြည်နိုင်ပါ။ “ကိုယ်နှင့်နှိုင်းမရိုင်း” ဆိုသလိုဖြစ်၏။

၄။ **လိမ်လည်ခြင်းသည် မိမိကိုယ်ကိုတန်ဖိုးထားတတ်သောစိတ်ကိုပျောက်စေ၏။** – သူတစ်ပါးကိုလိမ်လည်နေစဉ်မှာ ကိုယ့်ဘာကိုယ်လူလိမ်မှန်းမသိနေသောကြောင့် ကိုယ့်ကိုကိုယ်ပင် အရှုးလုပ်နေစရာပင်မလို။

၅။ **လိမ်လည်ခြင်းသည် ဘုရားသခင်နှင့်ဆက်စပ်မှုကို ပြတ်တောက်စေ၏။** – ကိုယ်လိမ်လည်သည်ကို ဘုရားသခင်သိကြောင်းကို ကိုယ်ကသိနေသောကြောင့် အခက်အခဲမှလွတ်ရန် ဘုရားသခင်ထံ လာဖို့တွန့်လိမ်နေတတ်သည်။ အလာနည်းလေ၊ အခက်အခဲများလေဖြစ်၏။

## ဘုရားဖြစ်သောဘုရား

“ထိုသူတို့က ‘ထိုဘုရားသခင်၏နာမတော်ကား အဘယ်သို့နည်း’ ဟု အကျွန်ုပ်ကို ပြန်၍မေးသောအခါ အဘယ်သို့ပြန်ပြောရမည်နည်း” ဟု မောရှေက ဘုရားသခင်ကိုမေးခဲ့၏။ (ထွက် ၃း၁၃)။

“Ehyeh asher Ehyeh ” ချုံပုတ်မှပြန်ပြောသောစကားသံကား “ငါဖြစ်သည်အတိုင်းငါဖြစ်၏၊” “ငါဖြစ်သည်ဟု အမည်ရှိသောသူသည် ငါ့ကိုသင်တို့ရှိရာသို့ စေလွှတ်တော်မူပြီဟု ဣသရေလအမျိုးသားတို့အား ပြန်ပြောလော့” (အငယ် ၁၄)။ ဤသို့ဖြင့် ဘုရားသခင်သည် မိမိကိုယ်ကိုမည်သူဖြစ်ကြောင်းကို အခြေခံကျဆုံးသောဂုဏ်တော်ဖြင့် ဖော်ပြခဲ့၏။

တမန်တော်ယောဟန်က “အစအဦး၌ နှုတ်ကပတ်တော်ရှိ၏။” **ဘုရားသခင်ဖြစ်သောနှုတ်ကပတ်တော်ဟု ဖော်ပြနှင့်ပြီးဖြစ်သည်။** (ယော ၁း၁)။ ကျမ်းပိုဒ်မှ အဘယ်အရာ၏အစအဦးလဲဟု မပြော၊ ပြောစရာလည်းမလိုအပ်ပါ။ ဘယ်တုန်းကအစအဦးလဲဟူ၍လည်း မပြော၊ ပြောရန်လည်းမလိုအပ်သောကြောင့် ဖြစ်ပါသည်။ ဘယ်အရာမဆိုအစအဦးရှိ၏။ သို့သော် ဘုရားသခင်ဖြစ်သောအစမရှိပါ။ ဘယ်အချိန်ကပဲဖြစ်ဖြစ်၊ ဘုရားသခင်ရှိနှင့်ပြီးသား။ သူ့ဘာသာသူ လုံလောက်ပြီး မပြောင်းမလဲ အစဉ်အမြဲတည်ရှိတော်မူသော ဘုရားဖြစ်တော်မူ၏။

ဘုရားသခင်ကို အဘယ်အရာနှင့်မျှနှိုင်း၍မပြအပ်ပါ။ အဘယ်မျှလောက်ကြီးမြင့်လှသောတောင်ကြီးတို့နှင့် တင်စား၍ပြောစေကာမူ ဘုရားသခင်၏ဂုဏ်တော်ကို ဖော်ဆောင်နိုင်စွမ်းမရှိပါ။

ဟေဗြဲစကားလုံး emeth မှ “အမှန်တရား” ကိုပြန်ဆိုလေ့ရှိပါသည်။ အမှန်တရားဆိုသည်မှာ အမှန်ထင်ရှားသောအရာကိုဆိုလိုပါသည်။ “ငါမင်းကိုအမှန်ပြောတာ” ဟုဆိုရာ၌ “ငါမင်းကိုငါသိတဲ့အတိုင်းပြောတာ” ဟု အဓိပ္ပါယ်ရပါသည်။ သို့သော် ကျမ်းစာနှင့်ပတ်သက်သောအမှန်တရားသည် အရာဝတ္ထုတစ်ခုခုကို သိမြင်ခြင်း

သာမဟုတ်ဘဲ ထိုအရာ၏ပင်ကိုယ်မူလသဘာဝအတိုင်းကို ပြောပါသည်။ ကျွန်ုပ်တို့ပြောသောကြောင့်မဟုတ်ဘဲ ၎င်းဖြစ်သောကြောင့်ဖြစ်၏။

ဆာလံကျမ်း ၃၁း၅ ကဆိုသော "သစ္စာစောင့်တော်မူသောဘုရား" သည် ယေရမိ ၁၀း၁၀ ကဖော်ပြသော "မှန်သောဘုရား" ကို ညွှန်းဆိုပါသည်။ အမှန်ကိုပြောသောဘုရားဟုသာ မဆိုဘဲ၊ အမှန်ဖြစ်သောဘုရားကို ဆိုလိုခြင်းဖြစ်ပါသည်။ အခြားအမှန်ဖြစ်သောအရာများတို့သည် သူ့ထံမှဆင်းသက်ဖြစ်လာသော အမှန်တရားများသာဖြစ်ပေသည်။

သခင်ယေရှုက "မာရ်နတ်၌သစ္စာတရားမရှိသောကြောင့် သစ္စာတရား၌ မတည်မနေ။ သူသည် မုသားစကားကိုပြောသောအခါ မိမိပကတိအတိုင်းပြော၏" ဟု ယောဟန် ၈း၄၄ ၌ ရှင်းပြထားပါသည်။ မုသား (လိမ်လည်ခြင်း) နှင့် အမှားသည် ဘုရားသခင်၏ဆန့်ကျင်ဘက်ဖြစ်သည်။ ဘုရားသခင်ကိုဆန့်ကျင်သောအရာပင်ဖြစ်ပြီး ထိုအရာကိုလိုက်လျှောပါလျှင် ဘုရားသခင်ကို အရှပ်ဆိုးအကျည်းတန်စေမည်ဖြစ်သည်။ ထိုအရာကို ဆက်ခါတွယ်ဖက်နေမည်ဆိုလျှင် ဘုရားသခင်၏ပုံသဏ္ဌာန်တော်ကို ကျွန်ုပ်တို့၏စိတ်ဝိညာဉ်မှ ဆွဲခွာပစ်သကဲ့သို့ဖြစ်ပေမည်။

## လှည့်ဖြားမှုကြီးကာလ

အထူးထူးအပြားပြားသော လှည့်ဖြားမှုတန်ခိုးသည် သန်းပေါင်းများစွာသောလူတို့အား လွှမ်းမိုးအုပ်စိုးမည့် အချိန်ကာလနှင့်ပတ်သက်၍ သခင်ယေရှုကြိုတင်သတိပေးထားခဲ့ပါသည်။ အထူးသဖြင့် ဘာသာရေး

ခေါင်းဆောင်များမှ "ရွေးချယ်သောသူတို့ကိုပင် လှည့်ဖြားနိုင်လျှင် လှည့်ဖြားလောက်အောင် ကြီးစွာသောနိမိတ်လက္ခဏာ၊ အံ့ဖွယ်သော အမှုတို့ကိုပြုကြလိမ့်မည်" (မဿဲ ၂၄း၂၄။ ၂ယော ၇)။ ထိုလှည့်ဖြား မှုကို "အန္တိခရစ်" ဟုခေါ်၏။ အကြောင်းမှာ သခင်ယေရှု၏အမှုတော် မှာအမှန်တရားဟောပြောခြင်းမှ အစပြုခဲ့ခြင်းကြောင့်ဖြစ်သည်။ (ယော ၁၈း၃၇)။

ရှင်ပေါလုကလည်း ထိုကြီးကျယ်သော နောက်ဆုံးသောနေ့ရက် ၏လှည့်ဖြားခြင်းအကြောင်း ပြောထားပါသည်။ (၂သက် ၂း၃၊၉၊၁၀)။ သန်းပေါင်းများစွာသောသူတို့သည် ထိုဖေါက်ပြန်မှုကြီးထဲတွင် ပိတ်မိ ကြလိမ့်မည်။ အမှန်တရား မချစ်မြတ်နိုးကြသောကြောင့်ဖြစ်သည်။

ဆဋ္ဌမပညတ်ချက်မှ "လူ့အသက်ကိုမသတ်နှင့်" ဟုဆိုရာ၌ ကိုယ့်ရန်သူကိုစိတ်ထက်သန်စွာချစ်ရမည်ဖြစ်ပြီး ယခုနဝမပညတ်ချက် "မုသားမပြောနှင့်" ဆိုရာတွင် အမှန်တရားကိုချစ်မြတ်နိုးရမည်အကြောင်း တောင်းဆိုထားပါသည်။

ဆင်ခြင်မိပါသလား၊--- သမ္မာတရားကိုချစ်သောသူများ ဘာလုပ်ကြသနည်း။

သမ္မာတရားကိုချစ်လျှင် ၎င်းကိုရှာဖွေမည်။ ၎င်းသည် အရေး တယူဂရုတစိုက်ဖြစ်မည့် အချိန်ယူအားထုတ်ခြင်းဖြစ်လိမ့်မည်။ (ယော ၅း၃၉)။ နေ့စဉ်ကျမ်းစာဖတ်ရှုလေ့လာခြင်းနှင့် နားလည်ရန်ဆုတောင်း ခြင်း (တမန် ၁၇း၁၁)။ ဆာလံဆရာကဲ့သို့သောဆုတောင်းချက် "ကိုယ်တော်၏သမ္မာတရားကိုပြ၍ အကျွန်ုပ်ကိုသွန်သင်တော်မူပါ" (ဆာလံ ၂၅း၅)။

ယေရှုသည် သမ္မာတရား (ယောဟန် ၁၄း၆)။ သူ၏ အသက်တာတစ်ခုလုံး၌ သမ္မာတရားကို ဖော်ပြ၏။ (ယော ၁၈း ၃၆၊၃၇)။ ထို့ကြောင့် သမ္မာတရားကိုချစ်လျှင် ၎င်း၏ဆိုလိုရင်းကို အတွင်းကျကျလေ့လာမည်။

သမ္မာတရားကိုချစ်လျှင် ၎င်းကိုတန်ဖိုးထားမည်။ သခင်ယေရှု ပြောခဲ့သောဥပမာတစ်ခု၌ လယ်ထွန်ရင်းရတနာသေတ္တာကိုတွေ့သွားသောလယ်အငှားတစ်ယောက်၊ "ဝမ်းမြောက်သောစိတ်နှင့်" သူ၌ရှိသမျှတို့ကိုရောင်းချပြီး ထိုလယ်ကိုဝယ်လိုက်၏။ (မဿဲ ၁၃း၄၄)။ အဘယ်ကြောင့် "ဝမ်းမြောက်" သနည်း။ ထင်ရှားပါသည်။ တွေ့ရှိသောအရာ၏တန်ဖိုးကြောင့် ဖြစ်သည်။ သူပိုင်သမျှသောအရာအားလုံးထက် အဖိုးထိုက်ကြောင်း သူနားလည်ခဲ့၏။

ထို "လယ်" ကား သမ္မာကျမ်းစာကို ပုံဆောင်ပါသည်။ ထို "ရတနာ" (ဘဏ္ဍာ) မှာ ကျမ်းစာထဲမှ "သမ္မာတရား" ဖြစ်၏။ သမ္မာတရားကို ကျွန်ုပ်တို့အမှန်တကယ်ချစ်လျှင် ထိုလယ်သမားကဲ့သို့သောဝမ်းမြောက်သောစိတ်ဖြင့် ကျမ်းစာကိုဖတ်ရှုလျက် ချစ်မြတ်နိုးဖွယ်သွန်သင်ချက်များကို မွေ့လျော်လိမ့်မည်။ (၁ကော ၁၃း၆)။ ရွှေ၊ ငွေထက်အဖိုးထိုက်မည်။ (ယောဘ ၂၈း၁၅။ သုတ္တံ ၁၆း၁၆)။ အသက်ထက်ပင်မြတ်ပေသည်။ မာတင်လူသာ၏ "အားကြီးသောရဲတိုက်" သီချင်းကြီးထဲမှ–

"ဥစ္စာနှင့်မိတ်ဆွေရှုံး
မမြဲသောခန္ဓာဆုံး၊
ဤခန္ဓာကြေပျက်လည်း
သမ္မာတရားတည်မြဲ။"

ဘာသာရေးပြုပြင်ပြောင်းလဲမှုကြီးကာလတွင် ညှဉ်းပန်း နှိပ်စက်ခြင်းမီးလျှံများထဲမှ ထောင်ပေါင်းများစွာသောသူတို့၏နှလုံးသား ထဲမှာ တည်ငြိမ်စွာကိန်းအောင်းနေခဲ့မည့် သက်သေဖြစ်ပါသည်။

သမ္မာတရားကိုချစ်လျှင် ၎င်းက သင့်အသက်တာကိုပြောင်းလဲ ပေးလိမ့်မည်။ ကျွန်ုပ်တို့၏အနေအထိုင်နှင့် အပြုအမူတို့မပြောင်းလဲ မချင်းသမ္မာတရားက ကျွန်ုပ်တို့၏အသက်တာကို မစိုးမိုးသေးကြောင်း သမ္မာကျမ်းစာက ရိုးရှင်းစွာဖော်ပြထား၏။ (ဂလာတိ ၅း၇)။ ရောမ ၂း၈)။

သမ္မာတရားကိုချစ်လျှင် ၎င်းအားဝေငှရန် စိတ်ထက်သန်လိမ့် မည်။ သမ္မာတရား၏နှစ်လိုဖွယ်များကို မြင်တွေ့ရပြီး တန်ခိုးတော် ကိုမြည်းစမ်းရပြီးသောအခါ ၎င်းအား ဝေငှလိုသောစိတ်က သဘာဝ အလျောက်ဖြစ်လာတော့သည်။ (၁ပေ ၁း၂၂၊၂၃)။

ထိုသဘောသည် သူ၏အမှုတော်ဖြစ်သည်ဟု သခင်ယေရှု ပြောခဲ့၏။ သမ္မာတရား၏သက်သေအဖြစ် သူလာခဲ့၏။ (ယောဟန် ၁၈း၃၇)။ ပြန်လည်တက်ကြွသွားသောအခါမှာလည်း သူ၏တပည့် တော်တို့အား ထိုတာဝန်ကိုအပ်နှင်းခဲ့၏။ (တမန် ၁း၈)။

## မုသားကင်းသောသူများ

နောက်ဆုံးသောကာလနှင့်စပ်ဆိုင်သော အနာဂတ္တိစကားတို့ သည် ကျွန်ုပ်တို့အား ကြီးစွာသောအားသစ်ကို ဖြစ်စေ၏။ လိမ်လည် လှည့်ဖြားမှုကြီးထဲတွင် လူတိုင်းနစ်မွန်းကြရမည်မဟုတ်၊ နောက်ဆုံး သောနေ့ရက်များ၌ “သိုးသငယ်သွားလေရာရာအရပ်သို့ နောက်တော်၌ အသီးသီးလိုက်ကြသော” လူတစ်စုရှိလိမ့်မည်။ သမ္မာတရားတည်း

ဟူသော ယေရှု၏စကားကို မခြွင်းမချန်နားထောင်ပြီး နောက်တော်သို့ လိုက်သောသူများရှိကြလိမ့်မည်။ (ဗျာ ၁၄း၄)။

ဤအဖြစ်အပျက်တွင် ရာဇဝင်ကတစ်ကျော့ပြန်လိမ့်မည်။ သိုးသငယ်၏ ထိုနောက်လိုက်များတို့သည် အာဏာပိုင်တို့၏ဖိနှိပ်မှု တန်ခိုး၏တစ်ဘက်မှ ရပ်တည်ခဲ့ကြသော ကနဦးခရစ်ယာန်တို့၏ဆက်ခံ သူများဖြစ်ရန် ထိုက်တန်ကြလိမ့်မည်။ မှတ်တမ်းတင်ခဲ့သည့်အတိုင်း ဘာသာရေးခေါင်းဆောင်များတို့၏ ဖမ်းဆီးရိုက်နှက်ခြင်းများခံရသော အခါ "သခင်ယေရှု၏နာမတော်ကြောင့် မိမိတို့သည် အရှက်ကွဲခြင်း ကိုခံထိုက်ကြသည်ဟု မှတ်တော်မူသောကြောင့် ဝမ်းမြောက်သောစိတ် ရှိ၍ လွှတ်တော်မှထွက်သွားကြ၏။" (တမန် ၅း၄၁၊၄၂)။

နောက်ဆုံးသောနေ့၌ သိုးသငယ်၏နောက်တော်သို့ လိုက်မည့် လူစုနှင့်တူသော ထိုကနဦးခရစ်ယာန်တို့သည် နဝမပညတ်ချက်၏ အနက်အဓိပ္ပါယ်ကို ကောင်းစွာသဘောပေါက်ခဲ့ကြသည်ဖြစ်ရာ သူတို့ အဖို့ မမှန်သောသက်သေကို မခံခြင်းသည် သမ္မာတရား (အမှန်တရား) အတွက် ရဲဝံ့စွာသက်သေခံခြင်းပင်ဖြစ်ပေသည်။ ထိုသို့သောအားဖြင့် "ငါသည်လမ်းခရီး––– သမ္မာတရား––– အသက်ဖြစ်၏" ဟု မိန့်တော်မူသော ယေရှု၏နောက်လိုက်တော်များဖြစ်ထိုက်ခဲ့ကြခြင်း ဖြစ်သည်။ (ယော ၁၄း၆)

–ဝ–

# လွဲမှားသောတွယ်တာမှု
## ဒသမပညတ်ချက်

***"ကိုယ်နှင့်စပ်ဆိုင်သောသူ၏အိမ်ကို တပ်မက်လိုချင်သောစိတ်မရှိစေနှင့်။ ကိုယ်နှင့်စပ်ဆိုင်သောသူ၏မယား၊ သူ၏ကျွန်ယောကျ်ား၊ မိန်းမ၊ နွား၊ မြည်းမှစ၍ ကိုယ်နှင့်စပ်ဆိုင်သောသူ၏ဥစ္စာတစ်စုံတစ်ခုကိုမျှ တပ်မက်လိုချင်သောစိတ်မရှိစေနှင့်။" (ထွက်မြောက်ရာကျမ်း ၂၀း၁၇)။***

ကျွန်ုပ် ၁၄ နှစ်သားအရွယ်လောက်ကဖြစ်မည်။

ထုံးစံအတိုင်းလုပ်စရာများအတွက်သွားလာရင်း အပျင်းပြေလမ်းလျှောက်ထွက်ဟန်ရှိသော မိန်းမလှလေးတစ်ယောက်နှင့် ဆုံခဲ့ရသည့်ထိုနေ့ကအဖြစ်ကို မမေ့နိုင်ပါ။ ထိုတစ်ခဏမျှကျွန်ုပ်အတွက်အမှတ်တရဖြစ်စေခဲ့သည်က နှစ်လိုဖွယ်သူ့အပြုံး၊ ဟန်ပန်ကျသည့်သူ့ခြေလှမ်းများမဟုတ်ပါ။ သို့သော် အသံကလေး၊ သာယာစွာလွှင့်ပျံ့နေခဲ့သော သူမ၏လက်ဆွဲရေဒီယိုကလေးမှ သံစဉ်လှိုင်းပင်ဖြစ်ပါသည်။

ချစ်ခြင်းအစမျက်စိကဟု ဆိုကြပါသည်။ ထိုလက်ဆွဲရေဒီယိုကလေးကို ပိုင်ဆိုင်သူတစ်ယောက်ဖြစ်လာဖို့က ထိုတစ်ခဏလေး၏စွဲမက်ခြင်းကြောင့်ဟု ဝန်ခံရပါမည်။

ယခုလိုတရုပ်ပြည်မှတင်သွင်းပြီး တစ်ဒေါ်လာလောက်နှင့်စတိုးဆိုင်လေးတွေမှာ လွယ်လွယ်ကူကူမရနိုင်ခဲ့သော ထိုအခါကဆို၊ မွေးနေ့လက်ဆောင်၊ ခရစ္စမတ်လက်ဆောင်၊ ဘေးပန်းအလုပ်နှင့်မုန့်ဖိုးစသည်တို့မှ အတိုင်းအတာတစ်ခုအထိ စုဆောင်းခဲ့ရပါသည်။

နောက်ဆုံး ၄၃ ဒေါ်လာဖြင့် နှစ်သက်ရပါသော ရေဒီယိုလေးကို ပိုင်ဆိုင်ခွင့်ရခဲ့ပါသည်။

အိမ်သို့ပြန်ရောက်သောအခါ မည်သူမျှမရှိပါ။ ကျွန်ုပ်၏အခန်းထဲသို့ဝင်ပြီး အိမ်စာလေ့ကျင့်ခန်းများလုပ်ခဲ့သည်။ စာရေးနေရင်း ကျွန်ုပ်ဘာလုပ်ခဲ့မည်ကို ခန့်မှန်းနိုင်ပါသည်။ သီချင်းသံနားထောင်ရင်း အိပ်မက်ကမ္ဘာလေးပင် တည်ဆောက်မိသည်။ ထိုနေ့တွင် စိတ်ကြည့်နူးပေ့ါပါးလျက်နှင့်ပင်။

ခဏအကြာရေသောက်ရန် မီးဖိုဆောင်သို့လှမ်းခဲ့၏။ လက်ဆွဲရေဒီယိုလေးလည်း ပါသွားသည်ပေ့ါ။ "လင်းလိုက်စမ်းပါပိုးစုန်းကြူးလေး––– မီးကလေးကိုဆယ်ဆောင်ပြေး" ရေဒီယိုမှလွှင့်သောထိုသီချင်းသံလေးနှင့်အတူ မျက်လုံးများမှာ မှိတ်တစ်ဝက်၊ ခြေဖဝါးကလည်း သီချင်း၏စည်းချက် Beat ကိုလိုက်လျက်၊ လှုပ်ရှားရင်းနှင့် မည်မျှပင်အရှိန်တက်သွားခဲ့သည်မသိပါ။ ကျွန်ုပ်၏ဘယ်ဘက်ခြေထောက်က စားပွဲခုံခြေထောက်နှင့်ချိတ်မိပြီး ကြမ်းပြင်ပေါ်သို့ ဦးစိုက်ထိုးလျက် လက်နှစ်ဖက်လည်း မျက်နှာကိုမည်သို့ကာကွယ်လိုက်သည်ကို မသိတော့ပါ။ သို့သော် ရေဒီယိုလေး––အို–အိုး၊ ရေဒီယို လေထဲသို့ပျံထွက်ပြီးမှ ကြမ်းခင်းဖယောင်းပုဆိုးပေါ်တွင် အစိတ်စိတ်အမြွာမြွာဖြစ်ကာ၊ သီချင်းကလေးလည်း အဆုံးသတ်ခဲ့ရလေတော့၏။

ထိုအခါနှင့်ထိုနေရာတွင် ကျွန်ုပ်ရလိုက်သောသင်ခန်းစာကြီးကို ဘယ်သောအခါမှ မမေ့နိုင်ပါ။ သို့သော် အဖြစ်အပျက်ထက် သဘောထားချက်က ပို၍နက်ရှိုင်းသောသင်ခန်းစာဖြစ်ပါသည်။ သတင်းစကားက ရိုးရှင်းပါသည်။ ထိုနေ့၌ ရေဒီယိုလေးပျက်စီးမသွားခဲ့ပါလျှင်လည်း နားလည်ဖို့လိုသည့် တူညီသောသတင်းစကားတစ်ခုကတော့ လှည့်စားသောပျော်ရွှင်မှုအတုသာဖြစ်ပါသည်။

သာ၍ထိမိသောသခင်ယေရှု၏စကား၌ "ထိုမှတစ်ပါး လောဘလွန်ကျူးခြင်းကို သတိနှင့်ကြဉ်ရှောင်ကြလော့။ အကြောင်းမူကား စည်းစိမ်ရှိသော်လည်း စည်းစိမ်၌အသက်မတည်ဟု မိန့်တော်မူ၏" (လုကာ ၁၂း၁၅)။

## အသစ်ကလေးရိုးသွားသောအခါ

ကျွန်ုပ်၏ရေဒီယိုကလေး ထိုနေ့၌မပျက်စီးခဲ့လျှင်လည်း အသစ်၊ အသစ်အဆန်းဖြင့် စိတ်လှုပ်ရှားတက်ကြွမှု၊ တစ်နေ့တော့ ပျောက်သွားမည်ဖြစ်ပါသည်။ အသစ်ဆိုသောသဘောက တာရှည် မခံပါ။ ဘဝ၏နိယာမဖြစ်သည်။ အရာဝတ္ထု (ဝတ္ထုပစ္စည်း) ထဲမှာပဲ ပျော်ရွှင်မှုတတ်သူအဖို့ အရာဝတ္ထုတစ်ခုမှ နောက်တစ်ခုသို့ အမြဲတမ်း ပြောင်းနေရမည်ဖြစ်ပါသည်။ နောက်ထပ်ထိုထက်ကြီးသော၊ ပြောင်လက်သော၊ လျင်မြန်သောနှင့်သစ်လွင်သော--- တို့ဖြင့် မဆုံး နိုင်ချေ။

"မင်း၊ ဒေနာနဲ့အတူမနေတော့ဘူးပေါ့" ဂျယ်ရီကိုကျွန်ုပ်မေး ခဲ့၏။ လွန်ခဲ့သောချိန်များက ဤမိန်းကလေးဘယ်လောက်တော်၊ ဘယ်လောက်ကောင်းကြောင်း ပြော၍မဆုံးနိုင်အောင်ရှိခဲ့သူဖြစ်သည်။

"ဟင့်အင်း" သူကဖြေ၏။ "သူကချစ်ဖို့ကောင်းပါတယ်။ တကယ်လည်း တောတဲ့ကောင်မလေးကွ၊ ဒါပေမယ့် ငါ့စိတ်ကိုသူ မနှိုးဆွပေးနိုင်တော့ဘူး (ရိုသွားပြီ) ကွာ--ဒါကြောင့် ဇာတ်လမ်း ဆုံးပြီလို့ ငါပြောလိုက်တယ်။"

"ဒေနာကော--- ဘယ်လိုနေလဲ။"

သူအကြီးအကျယ်ငိုတာပေါ့ကွာ၊ သူ့ဘဝရဲ့အကောင်းဆုံးတွေ ငါ့ကိုပေးခဲ့တဲ့အကြောင်း၊ ခုသူဘာလုပ်ရမှန်းမသိတော့တဲ့အကြောင်း

ဒါတွေပြောတာပေါ့ကွာ၊ ဒါပေမယ့် ငါကပြောလိုက်တယ်၊ 'ဟော့၊ ငါစိတ်မပါတဲ့ဟာတစ်ခုကို ဟန်မဆောင်နိုင်ဘူး၊ ဘာတစ်ခုမှအစကနဲ့ မတူနိုင်ဘူး၊ အဆုံးသတ်လိုက်ပါတော့' လို့ပေါ့ကွာ။

မိမိ၏အပြုအမူသည် ကမ်းကုန်အောင်အတ္တကြီးသူ တစ်ယောက်အဖြစ် ဖော်ပြနေကြောင်းကို ဂျယ်ရီနားမလည်နိုင်ခဲ့ပါ။ အရာဝတ္ထုမှာသာ အစွဲလမ်းထားသောကြောင့်ဖြစ်သည်။

ဒသမပညတ်ချက်သည် "အရာဝတ္ထု" ကို ကိုးကွယ်ခြင်းနှင့် ဆိုင်ပြီး လူကိုလည်း အရာဝတ္ထုလိုသဘောထားကာ ဂျယ်ရီလိုလူများ အတွက်ဖြစ်သည်။ ထိုအရာဝတ္ထုကို သူတို့၏ပျော်ပါးမှုအတွက်နှင့် အဆင်ပြေစေမည့် ကိရိယာတန်ဆာပလာအဖြစ် အသုံးပြုတတ်ကြ သည်။ သို့သော် သူတို့ကိုးစားသောအသစ်အဆန်းရိုးသွားသောအခါမှာ ထပ်၍သာရှာရင်းရှာရင်းချင့် လိုက်၍မမီနိုင်သောလောဘ၏ကျေးကျွန် သာဖြစ်ပေတော့သည်။

ရှင်ပေါလုက တပ်မက်ခြင်းကို ရုပ်တုဟုခေါ်ဆိုထားသည်။ (ကောလောသဲ ၃း၅)။ ရုပ်တုနှင့်တပ်မက်ခြင်းနှစ်မျိုးစလုံးသည် ဝတ်ပြုကိုးကွယ်ခြင်းနှင့်သက်ဆိုင်သည်။ သို့သော် ခြားနားချက်မှာ ဒုတိယပညတ်ချက် (ရုပ်တုဆင်းတုနှင့်ပတ်သက်၍) အရာဝတ္ထုကို ဘုရားသခင်ထက် အလေးမထားရန်၊ ဒသမပညတ်ချက်က အရာဝတ္ထု ကိုလူထက်ပို၍အလေးမထားရန် မိန့်မှာတော်မူပါသည်။ မိမိ၏ ကိုယ်ကျိုးအတွက်ဆန္ဒများကို သူတစ်ပါး၏ရပိုင်ခွင့်အပေါ်မှာထားခြင်း (သို့မဟုတ်) သူတစ်ပါးထံမှရမည့်အကျိုးအမြတ်ကိုရည်စူးပြီး ၎င်းတို့ အားတန်ဖိုးထားခြင်းမျိုးကို တားမြစ်ပါသည်။

## စူပါမင်း (Superman)

စူပါမင်းသည် ၁၉၃၀ ခုနှစ်ပိုင်းအချိန်မှစ ရေပန်းစားလာခဲ့သောရုပ်ရှင်ကားဖြစ်သည် ကျည်ဆန်ထိပ်ဖူးထက်မြန်သောနှုန်းဖြင့် မြင့်လှသောတိုက်တာအဆောက်အဦတို့၏ထိပ်မှ ဟိုသည်ကူးနေသောစွမ်းအားပိုင်ရှင်ဖြစ်သည်။ သူ့မှာမှားသည်ဟူ၍မရှိ၊ လွဲချော်သွားခြင်းမရှိ၊ ဆုံးရှုံးခြင်းမရှိ။ သူသာအကြီးမားဆုံး၊ အတောက်ပြောင်ဆုံး၊ အကောင်းဆုံးနှင့် ထိပ်ဆုံး၌တည်ရှိသည်။

စူပါမင်းဖြစ်လိုပါသလား။ လွယ်ပါသည်။ Lindon မှ Costume Craze ထံ ဒေါ်လာ ၅၀ သာပို့လိုက်ပါ။ သူတို့မှသင့်အား ပျံသန်းနိုင်သော ဝတ်ရုံအပါအဝင်အဆင်တန်ဆာအပြည့်အစုံကို သင့်အား ပို့ပေးလိမ့်မည်။ ထိုဝတ်စုံကို မက်မက်မောမောဝတ်ဆင်ချင်သောသူတော့မရှိလောက်ပါ။ သို့သော် ထိုစူပါမင်းအသက်တာပုံစံမျိုးကိုတော့ နေချင်ကြ၊ အိပ်မက်မက်ကြသည်။

Christopher Reeve သည် ခန့်ချောသောရုပ်ရှင်သရုပ်ဆောင်ဖြစ်ပြီး ဟောလီဝုဒ်ပိတ်ကားပြင်ကြီးပေါ်တွင် စူပါမင်း မင်းသားအဖြစ် ၁၉၇၈ ခုနှစ်သူ၏ပွဲဦးထွက် စတင်အသုံးခံချိန်မှစ၍ ကျော်ကြားလာခဲ့သူဖြစ်ပါသည်။ အားကျစရာကောင်းသောအသက်တာ၌ သူဆည်းပူးရရှိသောဇိမ်ခံအိမ်ကြီး၊ ကိုယ်ပိုင်ရွက်လှေ၊ လေယာဉ်ပျံများ၊ သာ၍မြင့်မြင့်ပျံနိုင်မည့် အကူပစ္စည်းစသည်ကိုဖြင့် သူ့ကိုယ်သူအမြင့်ဆုံးရောက်အောင် တွန်းတင်ထားခဲ့၏။ အတ္တလန်တိတ်သမုဒ္ဒရာအပေါ် နှစ်ကြိမ်ပျံသွားခဲ့သူ၊ ရွက်လွင့်ကျွမ်းကျင်သူ၊ အထူးသဖြင့် ရေပြင်ပေါ် ရွက်ပွင့်နိုင်သောလေမျိုးကိုနှစ်သက်ပြီး ပြိုင်ပွဲများ၌အောင်မြင်သူဖြစ်သည်။ ပေပေါင်းသုံးထောင်နှစ်ရာမြင့်သောကိုလိုရာဒိုမှ Pikes peak

ပေါ်သို့ ပျံတက်နိုင်ခဲ့သူဖြစ်သည့်အပြင် စကိတ်စီးကျွမ်းကျင်သူ၊ ကောင်းသောတင်းနစ်ကစားသမားလည်းဖြစ်ခဲ့ပါသည်။

စူပါမင်းရုပ်ရှင်ရိုက်သည့်အချိန်မှစ၍ (၁၀) နှစ်ကြာပြီးနောက် ဗြိတိသျှမော်ဒယ်မလေး Gae Exton နှင့်လက်ထပ်ကာ ကလေး (၂) ယောက်ရခဲ့သည်။ ၁၉၈၇ ခုနှစ်တွင် ဇနီးသည်ကိုထားခဲ့ပြီး သူ့ထက်အသက် (၁၀) နှစ်ငယ်ပြီး ချောမောလှပသော Dana Morosini နှင့် ပေါင်းသင်းနေထိုင်ခဲ့သည်။

Christopher Reeve သည် သူ၏စူပါမင်းဝတ်စုံကို လမ်းမပေါ်မှာ ဘယ်တော့မှဝတ်ဆင့်လေ့မရှိ၊ သို့သော် စူပါမင်း၏ Lifestyle ကတော့ သူ့အတွက် အကောင်းဆုံးပဲဟု သိမြင်ခံယူထားခဲ့၏။ Reeve သည် ကျော်ကြားမှုမှန်သမျှကို ရယူလို၍ တစ်ဖန် မြင်းစီးတပ်သို့ဝင်ရောက်ကစားပြီး ပြိုင်ပွဲများတွင်လည်း ပါဝင်ယှဉ်ပြိုင်လာခဲ့သည်။ ၁၉၉၅ ခုနှစ်၊ မေလ၌ Culpeper တွင်ကျင်းပသည့် ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့လေသည်။

Dana သည် ဘေးတန်းတွင်ထိုင်ပြီး ကျော်ကြားဖျတ်လတ်သောသူ၊ စကားသရုပ်ဆောင်ဖြစ်သောသူ၏ခင်ပွန်းသည်ကို ကြည်နူးစွာအားပေးခဲ့လေသည်။ ထိုသို့ပရိသတ်ကြီး၏ချီးကျူးသြဘာကိုခံယူလျက်နှင့် Reeve ၏အောင်မြင်ကျော်ကြားမှုတို့အတွက် တမန်တော်ရှင်ပေါလုကြီး၏သြဝါဒစကားကို ဆင်ခြင်ရပါသည်။ “ရန်တွေ့လိုသောစိတ်၊ အချည်းနှီးသောကျော်စောကိတ္တိကို တပ်မက်စိတ်ရှိ၍ အဘယ်အမှုကိုမျှမပြုကြနှင့်။ သူတစ်ပါးသည် ကိုယ်ထက်ကောင်းမြတ်သည်ဟု နှိမ်ချသောစိတ်ရှိ၍ တစ်ယောက်ကိုတစ်ယောက်ထင်မှတ်ကြလော့။ ကိုယ်အမှုအရာကိုသာမရှုမှတ်ဘဲ၊ သူ့အမှုအရာကို

အချင်းချင်းရှုမှတ်ကြလော့။" (ဖိလိပ္ပိ ၂း၃၊၄)။ ဒသမပညတ်ချက်၏ ဆိုလိုရင်းပင်ဖြစ်ပါသည်။ ထိုအကြောင်းအရာကို ရှင်ပေါလုက မိမိ၏ အသက်တာနှင့်ယှဉ်ပြီးဖော်ပြခဲ့ခြင်းဖြစ်သည်။

## ရယူခြင်းနှင့်ပေးဆပ်ခြင်း

လှလှပပဆင်ယင်ထားသောပြိုင်မြင်းပေါ်မှ ကျော်ကြားသော သရုပ်ဆောင်အား Culpeper ပရိသတ်ကြီး၏တစ်မိနစ်ကြာသော ချီးကျူးသြဘာပေးခြင်းပြီးသောအခါတွင် အခြေအနေက တစ်မျိုးတစ်ဖုံ သို့ပြောင်းလဲခဲ့၏။ တန်းခုံးပြေးပွဲ၏တတိယမြောက်တန်းသို့ရောက်သော အခါ ခုန်ကျော်ရမည့်အစား Eastem Express သည် ကောင်းခြင်း ပကတိမှ ရုတ်တရက် ခြေစုံကိုရပ်လျက် ဦးခေါင်းကိုငုံ့လျှိုးလိုက် သောအခါ Chris သည် အရှေ့သို့ထိုးဆင်းလျက် အရှိန်ဖြင့် တန်းကို ဦးခေါင်းနှင့်ဆောင့်မိကာ မြေပြင်ပေါ်သို့ခွေကျသွားတော့၏။ ဇက်ရိုး၊ လည်ပင်းရိုးနှင့် ပခုံးတို့မှကျောရိုးတစ်လျှောက်သို့ ထိခိုက်ခဲ့လေသည်။

ယခုဤအကြောင်းကိုဖတ်ရသည့်အချိန်ပိုင်းထက်ပင် မကြာ Chris Reeve ၏ကမ္ဘာ့အထွတ်အထိပ်မှတောက်ပခဲ့သော ကြယ်စင် အဖြစ်မှ ယခုတွင် သူတစ်ပါးကို အမှီအခိုပြုပြီး စက်ကိရိယာတို့၏ အထောက်အမဖြင့် အသက်ရှူခဲ့ရလေသည်။ သူ၏အဆက်မပြတ် ကျော်ကြားလာခဲ့သောလှုပ်ရှားမှုများသည် အဆုံးမသတ်နိုင်သော ငြိမ်သက်မှုအဖြစ်သို့ ရောက်ရှိသွားခဲ့လေသည်။

ကြားရသိရခဲပါသည်။ နောက်ပိုင်းတွင် Reeve က ထိုနေ့မှ ကြီးမားသောသင်ခန်းစာသည် အသက်တာ၏ဦးတည်ချက်အတွက် တန်ဖိုးကို သူများနှင့်တစ်တန်းတည်း ပြန်လည်ထားရှိခြင်းတည်း

ဟူသော၊ အရေးကြီးဆုံးသောပြောင်းလဲမှုကြီးဟုဆိုခဲ့ပါသည်။ အကယ်၍ Christopher နှင့် Dana Reeve တို့အား ထောက်မ လှူဒါန်းလိုလျှင် ယနေ့သင်၏ပိုက်ဆံများသည် မြင်းပြိုင်ပွဲ၊ ရွက်လှေ ပြိုင်ပွဲနှင့် ကျော်ကြားမှုများအတွက် အကုန်အကျမခံတော့ဘဲ Reeve ကဲ့သို့ ကျောရိုးထိခိုက်မှုဝေဒနာကို ခံစားနေကြရသည့်ထောင်ပေါင်း များစွာသောသူတို့အတွက် အသုံးပြုနိုင်ပါသည်။ Reeve ၏ ကျန်ရှိသောအသက်တာနောက်ပိုင်းတွင် ဤကဲ့သို့သောဝေဒနာသည် များစွာအတွက် သူ၏ရသမျှသောစီးပွားဉစ္စာများမှ ပေးဆပ်မှု၊ ဆက်ကပ် လှူဒါန်းမှုများကို ပြုခြင်းဖြင့်သာ ကျော်ကြားမှုကိုယူခဲ့ပါသည်။

Christopher Reeve ကဲ့သို့သောအရည်အချင်းနှင့် အခွင့် အရေးရရှိခံယူနိုင်သူသိပ်မရှိလှပါ။ သန်းပေါင်းများစွာသောသူတို့သည် မိမိတို့၏အဆင့် (level) အတိုင်းမှာ သူအသက်ရှင်ခဲ့သောကျင့်ဝတ် အတိုင်းသာ အသက်ရှင်နေထိုင်ကြသည်။ မိမိတို့ရှိသည်ထက် ပိုမို ထုတ်ဖော်ခြင်းတို့ဖြင့် ကြွေးမြည်ပိလျက်၊ ခြေမခိုင်လက်မခိုင်ဒယီး ဒယိုင်ဖြစ်နေကြပေသည်။ ပိုရပိုလို Lifestyle ဖြင့် လုံးပန်းရင်းအသက် လုရှုနေကြရသည်။ မိသားစု၊ သားသမီးတို့အတွက် အချိန်ပေးနည်းပြီး သူတစ်ပါးအား မစကူညီခြင်း၊ ဘဝအသက်တာ၏အနှစ်ပါသော တည်ဆောက်ခြင်းဟူ၍ကားလုံးဝမရှိချေ။ ထို့ကြောင့် လူထု ၂သန်း ကျော်တို့သည် ၂၀၀၅ ခုနှစ်၌ ရာဇဝင်တွင် အမြင့်မားဆုံးနှုန်းအဖြစ် ကြီးမားသောငွေကြေးခန်းခြောက်မှုကြောင့် ဒေဝါလီခံရကြသည်မှာ အံ့ဩစရာမဖြစ်လောက်ပါ။

တပ်မက်ခြင်းသည် အချိုးအဆမညီသော၊ ပုံမှန်မဟုတ်သော၊ ပြင်ပအရပ်၌တည်သော ချစ်ခြင်းမျိုးပင်ဖြစ်သည်။ ကိုယ်မပိုင်ဆိုင်သော

အရပ်၌ ကိုးကွယ်ဆည်းကပ်ရာ၊ တည်ဆောက်ရာကိုပြုနေခြင်းပင် ဖြစ်သည်။ 'အရာဝတ္ထုများ၊' ငွေကြေး၊ အောင်မြင်မှု၊ ကျော်ကြားမှုဖြင့် ပျော်ရွှင်မှုကိုရှာခြင်းတို့ဖြစ်သည်။ "အရာဝတ္ထုများ" သည် လူများထက်၊ သူတို့၏အမှန်တကယ်လိုအပ်မှုထက် အရေးကြီးသောအရာဖြစ်လာခဲ့သည်။

အလျင်ပညတ်ချက်ကိုးပါးကဲ့သို့ ယခုပညတ်ချက်သည် တိကျသောလုပ်ဆောင်မှုများကို အပြင်တန်ခိုးများနှင့် စိတ်သဘောထားများကိုလည်း မိန့်တော်မူပါသည်။ ထို့ကြောင့် ပြဋ္ဌာန်းလမ်းညွှန်ခြင်းသာမဟုတ်၊ ခြယ်မှုန်းပုံဖော်ခြင်းဖြစ်ပါသည်။ ဆိုလိုသည်မှာ မည်ကဲ့သို့ပြုမူကျင့်ကြံရမည်ကို ပြောသကဲ့သို့ ဘုရားသခင်၏အလိုတော်၌ အရာဝတ္ထုများကို မည်ကဲ့သို့ခံယူရမည်၊ ရှိရမည်ကိုပါ ဖော်ပြပေသည်။ ကိုယ်ကျိုးမဲ့ဆက်ကပ်သောမေတ္တာဖြင့် ဆောင်ကြဉ်းသောသူ၊ ပေးကမ်းသောသူတည်းဟူသော ဘုရားသခင်ကို ဖော်ဆောင်ဖို့ရန်ဖြစ်ပါသည်။

ရှင်ပေါလု ကျွန်ုပ်တို့ကိုတိုက်တွန်းခဲ့သည်နည်းတူ "အချည်းနှီးသောကျော်စောကိတ္တိကို မတပ်ဘဲ" "နှိမ့်ချသောစိတ်ရှိ၍" "သူ၏အမှုအရာကိုအချင်းချင်း" ရှုမှတ်ကြလော့ဟူ၍ ခံယူရပါမည်။ ကျမ်းပိုဒ်၏အဆက်တွင် အဓိကကျသောနှိုးဆော်လမ်းညွှန်မှုကို တွေ့ရပါသည်။

"ယေရှုခရစ်၌ရှိသော ထိုစိတ်သဘောကို
သင်တို့၌လည်းရှိစေကြလော့။
ထိုသခင်သည် ဘုရားသခင်သဏ္ဌာန်တော်နှင့်ပြည့်စုံသည်
ဖြစ်၍၊
ဘုရားသခင်နှင့်ပြိုင်သောအမှုကို လုယက်ခြင်းအမှုဟူ၍
မထင်မမှတ်လျက်ပင်၊

မိမိအသရေကိုစွန့်၍ အစေခံကျွန်၏သဏ္ဌာန်ကို ယူဆောင်
လျက်၊
လူကဲ့သို့သောအဖြစ်၌ ဖွားမြင်ခြင်းကိုခံတော်မူ၏။
ထိုသို့လူ၏ဂုဏ်အင်္ဂါလက္ခဏာနှင့် ပြည့်စုံလျက် အသေခံ
ခြင်းသာမဟုတ်၊
လက်ဝါးကပ်တိုင်မှာ အသေခံခြင်းတိုင်အောင်
အစေကျွန်ခံ၍ ကိုယ်ကိုကိုယ်နှိမ့်ချတော်မူ၏။”

(ဖိလိပ္ပိ ၂း၅–၈)။

ယေရှုခရစ်သည် ကျွန်ုပ်တို့၏အမြင့်ဆုံးဥပမာတော်ဖြစ်၏။ သူ၏အသက်တာတော်သည် နှိမ့်ချသောအစေခံခြင်းဖြစ်၏။ “သူ့အတွက် သူမချန်ဘဲ” အမှုတော်နှင့် ပူဇော်သကာ၌ ကိုယ်ကို သွန်းလောင်းလေ၏။ ဤဥပမာတော်ကို ပျောက်ဆုံးနေသောသူအတွက် ကရုဏာထားသောလက်တွေ့မေတ္တာနှင့် လုပ်ဆောင်ခြင်းရှိရန် ပေးတော်မူ၏။ ဤသည်ကား ခရစ်ယာန်တို့၏တန်ဖိုးဖြင့် ရွေ့ရှားစေသော အကြောင်းဖြစ်၏။

ဤအရာပင်လျှင် နောက်ဆုံးသူတို့၏ရည်မှန်းချက်ဖြစ်ပေတော့သည်။

နိဂုံးချုပ်အားဖြင့် –––

Benjamin Franklin သည် မိမိကိုယ်ကိုတိုးတက်ကောင်းမွန်စေလိုစိတ်ဖြင့် တစ်နေ့၌ကျင့်ကောင်းသီလများစာရင်းကို ပြုစုလေ၏။ ပြီးနောက် ပြုနေကျနည်းအတိုင်း ၎င်းတို့ကိုအောင်မြင်ပြီးမြောက်စေမည့် စီမံကိန်းတစ်ခုကို သေချာစွာချမှတ်လေ၏။

ပညတ်တော်ဆယ်ပါးကိုလက်ကိုင်ထားသော Franklin ၏ စီမံကိန်းစာရင်းဇယားကို သင်မည်သို့သဘောထားမည်နည်း။ ၎င်းတို့သည် အမှန်တကယ်ကြီးကျယ်မြင့်မြတ်သော လက်တွေ့လုပ်ဆောင်ချက်များပင်မဟုတ်ပါလား။ ထို့ကြောင့် ကမ္ဘာ့ရှေးအကျဆုံးနှင့် အမြင့်မြတ်ဆုံးသော "ဘဝတိုးတက်မြင့်မြတ်ရေးလက်စွဲ" အဖြစ် ခံယူပြီး တစ်ချက်စီ၌ သက်ဝင်မွေ့လျော်နိုင်သည့်တိုင်အောင် နှလုံးသွင်းပိုက်ကြပါစို့လား။

ရှင်ပေါလုသည် တိကျသေချာသော ဘာသာတရားလေ့ကျက်မှုထဲမှကြီးပြင်းလာခဲ့ကြောင်း ပြောပါသည်။ သူတို့အပေါင်းအပါများသည် ပညတ်တော်ကို နေ့ရောညပါလေ့လာဆည်းပူးလျက် ၎င်းတို့၏အသေးစိတ်တိုင်အောင်ကို လိုက်လျှောက်ကာ အသက်တာတိုးတက်မြင့်မားဖို့အတွက် အပတ်တကုတ်ကြိုးစားခဲ့ကြသည်။

သို့သော် ထိုသို့သောချဉ်းကပ်ခြင်းမျိုးသည် "သေခြင်းလမ်းစဉ်" (ministry of death) တစ်ရပ်သာဖြစ်ကြောင်း သူမြင်တွေ့လာခဲ့ပါသည်။ အဘယ်ကြောင့်နည်း။ ပညတ်တော်ကိုလိုက်လျှောက်နိုင်ရန် ရိုးသားစွာအားထုတ်ခြင်းက အဘယ်ကြောင့် ထိုသို့သောရလဒ်ဆိုးကို တွေ့ရမည်နည်း။ အဘယ်ကြောင့်ဆိုသော် ပညတ်တော်ကိုလုပ်ငန်းခွင်စည်းကမ်းစာအုပ်အဖြစ်ထားပြီး ဘာသာရေးကိုထူထောင်ကာ "ကျောက်ပြားပေါ်မှထွင်းထုထားသောစာလုံးများ" အဖြစ် ၎င်း၏ထိုက်ခြင်း၊ မြတ်ခြင်းကိုလျှော့ချပစ်သောကြောင့် ဖြစ်သည်။ (၂ကော ၃း၇)။ ၎င်းနှင့်ဆန့်ကျင်လျက် ရှင်ပေါလုက ယေရမိ ၃၁း၃၁–၃၃ မှပါသော "ပဋိညာဉ်တရားသစ်" ဆိုသောစကားလုံးကိုယူကာ ဤချဉ်းကပ်နည်း၏ဗဟိုချက်မကို အလွန်ရိုးရှင်းစွာဖြင့် "ငါသည်

သူတို့၏ဘုရားဖြစ်မည်။ သူတို့သည်လည်း ငါ၏လူဖြစ်ကြလိမ့်မည်" ဟု ဖော်ပြပေသည်။ (အငယ် ၃၃)။

ဘာသာတရား (ကိုးကွယ်ခြင်း) ဆိုသည်မှာ ပညတ်ချက် စည်းမျဉ်းများ၌ မဟုတ်ဘဲ ဆက်စပ်တော်စပ်မှုကိုသာ ဗဟိုပြုပါသည်။ ထို့အတူ ကျွန်ုပ်တို့၏အပြုအမူ၌ မဟုတ်ဘဲ ထာဝရဘုရား၏ လုပ်ဆောင်ခြင်းနှင့် ထာဝရမေတ္တာ၌သာ တည်ပါသည်။ ထို့ကြောင့် ကောင်းကင်ရောက်ကြောင်း လုပ်ဆောင်မှုလေ့ကားထစ်များမဟုတ်ဘဲ ပညတ်တော်ဆယ်ပါးသည် ဆိုးညစ်မိုက်မဲခြင်းများနှင့် မဆုံးနိုင်သော ဒုက္ခဝေဒနာကို ရှောင်ရှားနိုင်ရန် မစခြင်းငှါ ရည်ရွယ်လျက် သန့်ရှင်း သောကျင့်ဝတ်များအဖြစ် ဘုရားသခင်ချမှတ်ထားခြင်းဖြစ်ပါသည်။ အမှန်တကယ် "လွတ်ခြင်းတရား" ပင်ဖြစ်ပါသည်။ (ယာကုပ် ၂း၁၂)။

ပဋိညာဉ်တရားသစ်အောက်၌ ဘုရားသခင်၏တရားတော်ကို စောင့်ထိန်းပုံမှာလည်း ထူးခြားပေသည်။ ထိုပဋိညာဉ်၌ ကတိတော် ပါရှိခြင်းကြောင့်ဖြစ်၏။ "ငါ၏ပညတ်တရားကို သူတို့အတွင်းထဲသို့ သွင်းမည်။ သူတို့နှလုံးသားပေါ်မှာ ရေးထားမည်" (ယေရမိ ၃၁း၃၃)။ ထိုအကြောင်းကြောင့် ရှင်ပေါလုက ယုံကြည်သူများသည် "အသက်ရှင် တော်မူသော ဘုရားသခင်၏ဝိညာဉ်တော်နှင့် ရေးသား၍ ကျောက်ပြား ပေါ်၌မရေးဘဲ အသားနှင့်ပြည့်စုံသောနှလုံးပြားပေါ်၌ရေးသော" ခရစ် တော်၏စာများဟု ရေးသားခဲ့ခြင်းဖြစ်သည်။

ဤအရာပင်သော့ချက်ဖြစ်၏။ ထူးခြားချက်ကား ဘုရားသခင် ၏လုပ်ဆောင်ချက်ဖြစ်၏။ ကျွန်ုပ်တို့၏လုပ်ဆောင်ချက်မဟုတ်ပါ။ သားတော်ယေရှုခရစ်အားဖြင့်လည်းကောင်း၊ သန့်ရှင်းသောဝိညာဉ် တော်၏မိတ်သဟာယအားဖြင့်လည်းကောင်း၊ တည်သောဘုရားသခင်၏

မေတ္တာတော်သည် ကျွန်ုပ်တို့အသက်တာ၏အလယ်ဗဟို၌ ကိန်းဝပ်စေသောအခါ ထိုပညတ်တော်ဆယ်ပါးသည် ကျောက်ပြားပေါ်မှ ကျွန်ုပ်တို့၏နှလုံးပြားပေါ်သို့ ရောက်ရှိလာမည်ဖြစ်ပေသည်။

ဘယ်အရာမှန်သည်ကို သိခြင်းအားဖြင့် တစ်ခုတည်းမှလာသော ကောင်းသောလုပ်ဆောင်မှု၊ နားထောင်မှုသည် အပေါ်ယံကနှစ်တစ်ပိုင်းတစ်စသာဖြစ်သည်။ သို့သော် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် အသစ်ပြုပြင်သောနှလုံးသားသည် ဘုရားသခင်အား စစ်မှန်၍အတ္တကင်းသောမေတ္တာနှင့် ကျေးဇူးတင်ခြင်းသဘောကို ဖော်ပြသည့်နားထောင်မှုမျိုးရှိလာနိုင်ပါလိမ့်မည်။

သို့ပါ၍ နှောင့်နှေးခြင်းမရှိဘဲ ဘုရားသခင်၏မေတ္တာဖြင့်နှောင်ဖွဲ့သောငြိမ်သက်ခြင်းပဋိညာဉ်ထဲသို့ တိုးဝင်ကြပါရန် ဤနိဂုံးစကားဖြင့် ကျွန်ုပ်ဖိတ်ခေါ်ပါသည်။ ခံယူသောသူတိုင်းအတွက်ဘုရားသခင်၏ကတိတော်တည်ပါသည်။ သေချာစွာဆင်ခြင်သုံးသပ်ပြီး သင့်ကိုယ်တိုင်အဖိုးခံယူနိုင်လိမ့်မည်ဟု ကျွန်ုပ်မျှော်လင့်ပါသည်။

"သင့်တို့အပေါ်မှာ သန့်ရှင်းသောရေကို ဖျန်းသဖြင့် သင်တို့ကိုခပ်သိမ်းသောအညစ်အကြေးမှစ၍ ခပ်သိမ်သော (ရုပ်တု) တို့နှင့်ကင်းစင်စေမည်။ စိတ်နှလုံးသစ်ကိုငါပေးမည်။ သဘောသစ်ကိုသွင်းထားမည်။ သင်၏ကိုယ်ခန္ဓာထဲက ကျောက်နှလုံးကိုနုတ်၍အသားနှလုံးကိုပေးမည်။ ငါ့ဝိညာဉ်ကိုလည်း သင်တို့အထဲသို့သွင်းပေးသဖြင့် သင်တို့သည် ငါ၏တရားလမ်းသို့လိုက်၍ ငါစီရင်တော်မူချက်တို့ကိုစောင့်ရှောက်ကြလိမ့်မည်" (ယေဇကျေလ ၃၆း၂၅–၂၇)။

–ဝ–